
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# မင်္ဂလာပါရှင်

" ကျေးဇူးတင်လွှာ "

သမီးလေးရှင်နောင်း၏ လုံးချင်းဝတ္ထုကို အားပေးဖတ်ရှုကြသည့် စာချစ်သူ ပရိသတ်များ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပြီး လိုအင်ဆန္ဒများပြည့်ဝကာ စည်းစိမ် ဥစ္စာများ တိုးပွားနိုင်ကြပါစေ။

စာချစ်သူများကို ထာဝစဉ်ရိုကျိုးနေမည့်
ရှင်နောင်း

## ရှင်နောင်းစာပေ

အမှတ် (၄၅)၊ ရွှေဘုန်းပွင့် ဘုရားလမ်း၊ ကျောက်ရေတွင်းရပ်ကွက်၊
မြောက်ဥက္ကလာ။ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၁၁၇၆၀၉၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၂၃၄၁၀၀၇
ထုတ်ဝေသူ
ဦးနိုင်မျိုးထွန်း (အင်ပါယာစာပေ)
တိုက်(၂၁)၊ အခန်း(၁၁)၊
စီးပွားကူးသန်းအိမ်ယာ၊ မြောက်ဒဂုံ
အတွင်းနှင့်အဖုံးပုံနှိပ်
ဦးထွန်းအောင်၊ စိန်နဂါးပုံနှိပ်တိုက်(၀၃၀၃၇)
အမှတ်(၁၇၅)၊ ၃၁-လမ်း။
ပထမအကြိမ်
၂၀၀၈ ခုနှစ်၊ မေလထုတ်
အုပ်ရေ (၁၀၀၀)၊ တန်ဖိုး (၅၀၀) ကျပ်
ရှင်နှောင်းစာပေ
အမှတ်(၄၅)၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊
ကျောက်ရေတွင်းရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်မှ တစ်ပြည်လုံးသို့
ဖြန့်ချိ၍ ဒေါ်အေးအေးမာ မှ
စီစဉ် ထုတ်ဝေပါသည်။
ရှင်နှောင်းစာပေ
Ph : 01-666124




# ရှင်နှောင်း

3

♥♥♥♥♥

# ရည်းစားဦးလေးဖို့ တစ်မျိုးလေးပဲ ထူးသလားရှင့်



www.burmeseclassic.com

www.burmeseclassic.com

အို အချစ် . . .

သင့်တို့ ကျွန်ုပ် လုံးဝ မသိပါဘဲနဲ့ သင်သည် ကျွန်ုပ်နှလုံးသားတို့ ကြည်နူးမှုတွေ၊ ပူဆွေးဝမ်းနည်းမှုတွေကို အဘယ်ကြောင့် ဖေးစွမ်းရပါသနည်း ...။



ဝန်းကျင်တစ်ခုလုံး ငြိမ်သက်လို့နေသည်။

သို့သော်လည်း . . .

ကျွန်မတို့သုံးယောက်သား ပုံသဏ္ဍာန်မျိုးမျိုးနှင့် ရပ်နေသည့် သစ်ပင်ကြီး၏ သစ်ရွက်သစ်ခက်တို့က လေ၏ တိုက်ခတ်ကြည်စယ်မှုကြောင့် ယိမ်းထိုးလှုပ်ရှား ထိခတ်နေသည့် အသံတို့ရဲ့ . . .

လေတိုးသံ ညှင်းညှင်းနွဲ့နွဲ့ . . . ။

တရှဲရှဲနှင့် သစ်ရွက်သစ်ခက်တို့က ဂီတသံစဉ်တစ်ခုပမာ ဖြစ်တည်လို့နေသည်။

ဒါပေမယ့် . . .



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအာရုံတွေက ခံစားမှု ကင်းမဲ့လို့နေတယ်။ ပျော်ရွှင်ကြည်နူးဝမ်းသာမှုလည်း မရှိ ဖြစ်နေ၏။

ကျွန်မစိတ်ကို ပျော်ရွှင်မှုကင်းမဲ့အောင်၊ စိတ်သောကတွေ ဖိစီးလာအောင် နှိပ်စက်ပြုလုပ်လာသူ နှစ်ယောက်ကတော့ ဇွန်ဦးမောင်နှင့် ဥက္ကာကျော်တို့နှစ်ယောက်ပင်။

ကျွန်မက သူတို့နှစ်ယောက်ကို ကြည့်လိုက်သည်။ သူတို့ နှစ်ဦးစလုံးက မတုန်မလှုပ် ကျောက်ရုပ်တွေလို ငြိမ်သက်နေကြတယ်။ မည်သည့်စကားမှလည်း မပြော . . . ။

ဥက္ကာကျော်က သစ်ပင်ရဲ့ပင်စည်ကြီးကို မှီကာ လက်ပိုက်ရင်း အဝေးပြာယ်မဲ့ သစ်ပင်ပေါ် မော့ကြည့်နေ၏။

ဇွန်ဦးမောင်ကတော့ . . .

သစ်ပင်ရဲ့ ခပ်လှမ်းလှမ်း ရေကန်စပ်နားမှာ မတ်တပ်ရပ်၍ ဘောင်းဘီဘေးအိတ်ထဲ လက်ကလေးထည့်လို့ ဟိုးကန်ရေပြင်ဘက်ကို ငေးကြည့်နေ၏။

သူတို့နှစ်ယောက်နှင့် ကျွန်မ . . .

ပြဿနာတစ်ခုကို ဖြေရှင်းရတော့မည့် အချိန်ထိ ဘယ်စကားလုံး တစ်လုံးကိုမျှ ပြောမထွက်လာခဲ့ပါ။ ရေငုံနှုတ်ပိတ်နေကြ၏။

သူတို့နှစ်ယောက်စလုံး၏ ငြိမ်သက်မှုကို ကျွန်မ မကြိုက်ချင်။ ကြာတော့ ကျွန်မ သည်းမခံလာနိုင်တော့ပါ။





ဘယ့်နှယ် . . . ။

နှလုံးသားရေးရာကိစ္စတစ်ခုကို ဖြေရှင်းရတော့မည့်အရေး သူတို့နှစ်ဦးက တေမိမင်းတွေလုပ်နေတော့ တယ် စိတ်မရှည်ချင်။

"ဟဲ့"

ကျွန်မ ဒေါသထွက်ထွက်နဲ့ ကုန်းအော်လိုက်ပါတယ်။ ဒီတော့မှာပင် . . .

သကောင့်သားနှစ်ယောက် ကျွန်မဘက်သို့ မျက်နှာတွေ မူလာခဲ့ကြသည်။

"ကဲ ပြောကြစမ်း . . . နင်တို့နှစ်ယောက် ဘယ်လို ပုံစံမျိုးနဲ့ ဖြေရှင်းချင်ကြသလဲ"

ကျွန်မက သူတို့နှစ်ယောက်ကိုကြည့်ကာ စိတ်ပျက်စွာဖြင့် မေးလိုက်မိပါသည်။

သို့သော် . . .

သူတို့နှစ်ယောက်စလုံးစိက အသံထွက်မလာခဲ့။

မည်သူ့ကိုမျှ ခွန့်တုံ့မပြန်ကြ။

လဒကြီးတွေလို ငေးငိုင်မှိုင်လို့ အ လို့သွားကြပြီလား ထင်ရသည်။

ကျွတ် . . .

ကျွန်မ စိတ်ပျက်စွာဖြင့် စုပ်သပ်ရင်း ခေါင်းကို ခါယမ်းလိုက်ပါတယ်။ စိတ်ထဲမှာလည်းလေ နှစ်ယောက်စလုံးရဲ့ နှလုံး



www.burmeseclassic.com

www.burmeseclassic.com



တွေကို ဘယ်ပြန်ညာပြန် တီးပစ်ချင်စိတ်တွေ ပေါက်လာခဲ့ရတယ်။ တကယ်ပါပဲ ... ။

"ဟော့ .. ငါ့ကိုကြည့်ခိုင်းနေတာ မဟုတ်ဘူး ... ပြောကြလေဟာ ... နင်တို့ ဘယ်လိုပုံစံလုပ်ချင်သလဲဆိုတာ ပြောဦးမှပေါ့ ... ငါ နင်တို့နှစ်ယောက်ကို တကယ်စိတ်ညစ်တယ်ဟာ"

ကျွန်မ ပြောလည်းပြော ညည်းလဲညည်းပေါ့လေ။

ဒါပေမဲ့ ...

သူတို့တွေ ဘာမှမပြောသေး ငြိမ်နေကြသေးသည်။

ဟင်း ... ။

ကျွန်မ စိတ်ဓာတ်ကျစွာ သက်ပြင်းမောကို ချလိုက်ရ၏။

"ငါ့နှယ်နော် ခက်တော့နေပြီ"

သူတို့မျက်နှာတွေကို သေချာကြည့်လိုက်တယ်။ မျက်နှာထားတွေက သုန်သုန်မှုန်မှုန်နှင့် ... ။ အလိုမကျတတ်သည့်အသွင် ... ။

အခြေအနေအရပ်ရပ်ကို ကျွန်မ သုံးသပ်လိုက်ပါသည်။

ခဏကြာမှ ကျွန်မ ဆုံးဖြတ်ချက်တစ်ခုကို ပြတ်သားစွာ ချလိုက်ပါတော့၏။

"နင်တို့နှစ်ယောက်ကို ငါပြောမယ်"





ကျွန်မစကားကြောင့် သူတို့နှစ်ယောက်စလုံး စိတ်ဝင်စားဟန် ပြလာကြသည်။ ဒါနဲ့ပဲ စကားကို ဆက်၍ပြောလိုက်၏။

"တို့သုံးယောက်လုံးရဲ့ ပြဿနာကို ငါ ဖြေရှင်းမယ်ဆိုရင် နင်တို့နှစ်ယောက် လက်ခံမယ်နော်"

ဥက္ကာကျော်က ... ကျွန်မစကားကို သဘောကျသွားသည့်အလား သူ့မျက်နှာ ပြုံးရောင်သန်းသွားသည်ကို တွေ့လိုက်ရသည်။

"ဘယ်လိုလဲ"

ကျွန်မက သူတို့နှစ်ယောက်လုံးကို ထပ်ဆင့် မေးလိုက်ပါတယ်။

"ငါလက်ခံတယ် ရှင်နှောင်း"

ဥက္ကာကျော်ရဲ့အသံက ခပ်မြန်မြန်ထွက်၍ လာခဲ့ပါသည်။ ကျွန်မ ကျေနပ်စွာနှင့် ပြုံးလိုက်ပြီး ဖွန်ဦးမောင်ထံသို့ တစ်ဆက်တည်း လှမ်းကြည့်လိုက်ပါတယ်။

ပြီးတော့မှ ...

"ဖွန်ဦးမောင် ... နင်ကော ဘယ်လိုသဘောရလဲ"

ကျွန်မက ဖွန်ဦးမောင်ကို မေးလိုက်သည်။

သူ့မျက်နှာထားက မှုန်တေတေ ခပ်တည်တည်နဲ့ရယ်။

ဒါပေမယ့်လို့ သူ့ရဲ့ အကြည့်စိမ်းစိမ်းစူးစူးတို့က ကျွန်မရဲ့ နှလုံးသားကို ထိုးဖောက်လောက်အောင်ပင် ပြင်းထန်လှ



www.burmeseclassic.com

www.burmeseclassic.com



နေ၏။

ကျွန်မ တကယ် ဘဝင်မကျမိခဲ့။

သူ့ကို မျက်စောင်းထိုးမိလိုက်သည်။ မေးတာကို ခုထိ မဖြေဘဲ အင်တင်တင်လုပ်နေ၏။

''ဟဲ့ ဇွန်ဦးမောင် . . . . ငါမေးနေတယ်လေ''

''နင့်သဘောပဲ''

ကြည့် . . . ပြောပုံကိုက အမြင်ကတ်ချင်စရာကောင်းနေသည်။ သို့ပေမဲ့ သူ့အဖြေက တုံးတိတိနှင့် မာကျောလှသည်ဟု ကျွန်မ ခံစားလိုက်ရ၏။

သည့်အတွက် ကျွန်မစိတ်ထဲ အစိုင်အခဲလေးတစ်ခုနှယ် ဖြစ်ပေါ်လာခဲ့ရသည်။

''အေး အဲဒါဆိုလည်းပြီးရော ဟွန်း''

ကျွန်မ သူ့ကို မကျေမနပ်နှင့် မေးငေါ့ပစ်ပြလိုက်၏။ သူကတော့ ခုထိ ကျွန်မကို မှုန်တေတေ ဘုကြည့်ကြည့်နဲ့ပေါ့။

''ဒီမှာ . . . နင်တို့နှစ်ယောက်လုံး ဒီမှာကြည့်စမ်း''

ကျွန်မခေါင်းက ခေါင်းစည်းပဝါလေးကို ဖြုတ်ယူပြီး သူတို့နှစ်ယောက်စလုံးကို ကြည့်လိုက်သည်။

''ငါ့ရဲ့ခေါင်းစည်းပဝါကို တွေ့လား''

''အေး တွေ့တယ် . . . နင်ဘာလုပ်မှာလဲ''

ဥက္ကာကျော်က သိချင်စိတ်ဖြင့် မေးလိုက်ခြင်းပါ။





''ငါပြောပြမယ် . . . သေချာနားထောင်ကြ''

ကျွန်မက ရှင်းပြပြောပြမယ်အလုပ် ဇွန်ဦးမောင် မျက်နှာက မဲ့ခနဲဖြစ်သွားသည်ကို တွေ့လိုက်ရတယ်။ ချက်ချင်းပဲ မျက်နှာလွှဲပစ်လိုက်ရ၏။

''အဲဒီပဝါနဲ့ ငါ့မျက်နှာကို စည်းထားလိုက်မယ် . . . နင်တို့နှစ်ယောက်က ကိုယ့်ရဲ့လက်ကိုင်ပဝါလေးတွေကို အဲဒီ ခုံတန်းလျားလေးပေါ်မှာ ဘေးချင်းယှဉ်ထား . . . ငါက ပဝါ စည်းထားရင်းနဲ့ လျှောက်လာမယ် . . . ခုံနားရောက်တယ် ဆိုရင် လက်ကိုင်ပဝါတစ်ခုကို ကောက်ယူမယ်နော်''

ကျွန်မက ပြောနေရင်းနဲ့ သူတို့နှစ်ယောက်စလုံးကို အကဲခတ်လိုက်တယ်။ ကျွန်မရဲ့စကားကို နှစ်ယောက်လုံး စိတ်ဝင်တစား နားထောင်နေသည်ကို တွေ့လိုက်ရသည်။

ဒါနဲ့တင် ကျွန်မစကားကို ဆက်ပြောတော့၏။

''ငါကောက်ယူလိုက်တဲ့ လက်ကိုင်ပဝါပိုင်ရှင်ဟာ ငါ့ရဲ့ ချစ်သူပဲ''

ကျွန်မရဲ့စကားအဆုံး ဥက္ကာကျော်က ဇွန်ဦးမောင်ကို လှည့်ကြည့်လိုက်ပါတယ်။ ဇွန်ဦးမောင်ကတော့ ကျွန်မကို မမှိတ်မသုန်နဲ့ စိုက်ကြည့်လျက် . . .

''ကဲ ဘယ့်နှယ်လဲ . . . ဒီအစီအစဉ်ကို သဘောကျလား''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သူတို့နှစ်ယောက်ကိုကြည့်ရင်း သွေးတိုးစမ်းမေးလိုက်၏။ နှစ်ယောက်စလုံးက ချက်ချင်း အဖြေမပေးသေးဘဲ အင်တင်တင်ဖြစ်နေကြသည်။

ကျွန်မက စိတ်မရှည်ချင်တော့။

နှုတ်ခမ်းကို စူပစ်လိုက်သည်။

တော်ပြီ . . . ။

ဒါကိုမှ သဘောမတူလျှင်တော့ သူတို့နှစ်ယောက်ကို လုံးဝ လုံးဝ မရွေးချယ်တော့။ ကျွန်မရဲ့ အလိုမကျဟန်ကို ဥက္ကာကျော်တစ်ယောက် မြင်လိုက်လို့လားမသိ . . . ကျွန်မကို ပြုံးပြုံးလေးကြည့်ရင်း . . .

''ငါကတော့ နင့်ရဲ့အစီအစဉ်ကို သဘောကျတယ်''

ရယ်ကျဲကျဲနှင့် ပြောလိုက်တဲ့စကား . . . ။

ပြုံးစလဲ့လဲ့နှင့် ထောက်ခံလိုက်သည့် မျက်နှာထားနှင့် ဥက္ကာကျော်က ကြည်ဖြူစွာဆိုတော့ ကျွန်မ ကျေနပ်နှစ်သိမ့်လိုက်မိပါသည်။

သို့ဖြင့် . . . ကျွန်မက ဖွန်ဦးမောင်ကို မသိမသာ အကဲခတ်ကြည့်လိုက်သည်။ သူ့ရဲ့မျက်နှာထားက တင်းမာနေသယောင် ရှိနေဆဲပါ။

''ဖွန် . . . မင်းရော''

ဥက္ကာကျော်က လှမ်းမေးလိုက်သဖြင့် . . .





''မင်းတို့သဘောကျရင် လုပ်လိုက်ပေါ့''

ကြည့်စမ်း . . . ။

သူ့စကားက ဘာလဲ . . . ။

သဘောတူရင် တူတယ်ပေါ့ . . ။ ခုတော့ ကန့်လန့်ကြီး။ ဘာကို အလိုမကျမှန်းကို မသိဘူး . . . သိပ်စိတ်ပျက်ဖို့ ကောင်းတဲ့လူ . . . ။

ဟွန်း . . . ။

သူ့စိတ်ကြီးပဲ။ ဘယ်လိုမှန်းမသိဘူး။ ဒီလိုစီစဉ်တာကို သဘောမကျရင်လည်း ပြောပေါ့။

ကျွန်မလေ သူ့အပေါ်ကို မကြည့်လင်တော့ပါ။ သို့သော် ရင်ထဲမှာပဲ သိမ်းထားလိုက်ပါတယ်။ နောက်တော့ သူ့ကို လုံးဝ ဥပေက္ခာပြုလိုက်တော့သည်။

ကြည့်လည်းမကြည့် . . ပြောလည်းမပြောတော့ . . ။

''ဥက္ကာ . . . ရော့''

ကျွန်မက ဥက္ကာကျော်ကို ကျွန်မရဲ့ပဝါကို လှမ်းပေးလိုက်တယ်။ ဥက္ကာကျော် ပဝါစကို လှမ်းယူလိုက်စဉ် ကျွန်မက

''ငါ့မျက်နှာကို စည်းလိုက်နော်''

ဥက္ကာကျော်က ခေါင်းညိတ်ပြလိုက်သည်။ ကျွန်မက ဥက္ကာကျော်ရှေ့တည့်တည့်တွင် ကျောပေးရပ်လိုက်သည်။ ဥက္ကာကျော်က ကျွန်မရဲ့ခေါင်းစည်းပဝါကိုယူပြီး မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



စည်းနေစဉ်မှာပင် . . .

ဖွန်ဦးမောင်၏အသံကို ကြားလိုက်ရတော့တယ်။

“ဟော့ကောင် . . . ပဝါစည်းရင် တင်းကြပ်နေအောင် စည်းနော်”

ချက်ချင်းပါပဲ ကျွန်မရင်ထဲ ထောင်းခနဲ ဒေါသဖြစ်သွားခဲ့ရသည်။

မခံချင်မှုတွေကလည်း ခံပြင်းမှုနှင့်အတူ ပေါ်ထွက်လို့လာခဲ့၏။

ထို့ကြောင့်ပင် . . .

“ဉက္ကာ . . . ငါ့ကိုမညှာနဲ့ . . . ခပ်တင်းတင်းသာ စည်းဟာ”

“အေးပါ”

ကျွန်မပြောသလိုပါပဲ ဉက္ကာကျော်က တင်းကြပ်စွာစည်းသည်။

မျက်လုံးများပင် အောင့်လို့သွားတော့၏။ ကျွန်မမျက်လုံးအစုံကို စည်းပြီးသွားသည်နှင့် ဉက္ကာကျော်က . . .

“ဖွန် . . . မင်းလာကြည့်ဦးလေကွာ”

“မလိုတော့ပါဘူး”

ဖွန်ဦးမောင်က မလာဘဲ ကျေနပ်စွာငြင်းသည်။

“ကဲ ဒါဆို နင်တို့နှစ်ယောက်ရဲ့ လက်ကိုင်ပဝါတွေကို





ခုံတန်းလျားလေးပေါ် သွားတင်ထားကြ . . . ဒါဟာ ကံတရားပဲနော်”

ကျွန်မစကားအဆုံး သူတို့လှုပ်ရှားသံကို ကြားလိုက်ရသည်။ စိတ်လှုပ်ရှားစရာလည်း ကောင်းသည့် နှလုံးသားပြဿနာတစ်ခုပင်။

ခုမှ . . . ကျွန်မရင်တွေ တဒိတ်ဒိတ် ခုန်လာခဲ့တော့၏။

ဉက္ကာကျော်နဲ့ ဖွန်ဦးမောင်တို့နှစ်ယောက် ခုံတန်းလျားလေးပေါ်မှာ လက်ကိုင်ပဝါလေးတွေ ချထားပြီး အဓိပ္ပာယ်ပါပါ တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်လိုက်ကြသည်။

“တို့နှစ်ယောက် ကံတရားချင်း ယှဉ်ပြိုင်ကြတာပေါ့ ဖွန်ဦးမောင်”

ဖွန်ဦးမောင် ခနဲ့ပြုံးလေး ပြုံးလိုက်တယ်။ ပြီးနောက် ခေါင်းကို ခါယမ်းလိုက်ရင်း . . .

“ယှဉ်ပြိုင်တယ်ဆိုတာ တစ်ခြားသူစိမ်းနဲ့မှ ယှဉ်ပြိုင်တာလို့ ခေါ်တယ် . . . ခုဟာက မင်းနဲ့ငါ သူစိမ်းမှမဟုတ်တာ၊ ကံစီမံရာဆိုတဲ့ ကံတရားရဲ့ စီရင်ချက်အတိုင်းပဲ လိုက်လုပ်တာပေါ့ ဉက္ကာရာ”

“ဘာပဲဖြစ်ဖြစ် မင်းပြောတဲ့အတိုင်းပေါ့ ဖွန်”

ထို့နောက်မှာတော့ သူတို့နှစ်ယောက် ခုံတန်းလျားလေးနားမှ နောက်သို့ တဖြည်းဖြည်းချင်း ဆုတ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုင်ပဝါလေးနှစ်ထည်ကတော့ ခုံတန်းလျားလေးပေါ်မှာ ကြွားကြွားဝါဝါဝင့်ဝင့်နဲ့ပေါ့လေ။

"ဟော့ . . . လက်ကိုင်ပဝါတွေ ထားပြီးပြီလား"

ကျွန်မက အသံကျယ်ကျယ်နဲ့ အော်လိုက်သည်။

"နှောင်းရေ . . . အားလုံး အဆင်သင့်ပဲ"

"အဲဒါဆိုရင် ငါ စလှမ်းလာတော့မယ်နော်"

"အေး လာခဲ့တော့"

ဥက္ကာကျော်၏ ခေါ်သံလည်းဆုံးတော့ ကျွန်မ ခြေလှမ်းတွေ စတင်ရွေ့လိုက်ကာ လှမ်းလိုက်ပါတယ်။

တစ်လှမ်း . . .

နှစ်လှမ်း . . .

"တည့်တည့်ပဲလျှောက်နော် . . . တည့်တည့်ပဲ"

ဥက္ကာကျော်၏အသံကိုပဲ ကြားနေရသည်။ ဖွန့်ဦးမောင်၏အသံက စိုးစဉ်းမျှမကြားရ။

သူ ဘာဖြစ်နေပါလိမ့်။ ရင်ခုန်နေလား . . . ။

ကျွန်မရင်ထဲမှာတော့ ရထားဆယ်စင်းမက အစင်းတစ်ရာ ခုတ်မောင်းလို့နေတော့၏။ အသက်ရှူသံတို့က မှုမမှန်ချင်တော့ပါ။

သူတို့နှစ်ယောက်ကရော . . . ။

သည်လိုပဲနေမည် ထင်ပါသည်။ ရင်ခုန်ခြင်းတွေနဲ့အတူ





ကျွန်မကို ကြည့်နေမည်မှ မလွဲပါ။

တရွေ့ရွေ့နှင့် တစ်လှမ်းချင်းလှမ်းလာနေသော ကျွန်မရဲ့ ခြေလှမ်းတွေက အင်မတန်မှ လေးလံလွန်းနေသည်ဟု ရင်ထဲမှာ ခံစားလိုက်ရသည်။

အသိအာရုံက တစ်ခုသောစကားကို အမှတ်ရလိုက်တယ်။

မှားသွားပြီလား . . . ဟု . . . ။

သို့သော် . . . ကျွန်မ နောက်ဆုတ်၍မရတော့ပါ။

"နှောင်း . . . ရှေ့တစ်လှမ်းနှစ်လှမ်းလောက်ဆို ခုံတန်းလျားလေးရှိတယ်"

ကျွန်မကို ထိန်းထိန်းမတ်မတ်ဖြစ်အောင် ပြောပေးသူကတော့ ဥက္ကာကျော်ပင်ဖြစ်သည်။

သို့ဖြင့် . . . ကျွန်မခြေလှမ်းတွေက ခုံတန်းလျားလေး အနီးသို့ ရောက်လာခဲ့ချေပြီ။

ခုန်နေသောရင်ကို အသာငြိမ်သွားအောင် ကျွန်မ ကြိုးစားကာ စိတ်ကို ထိန်းလိုက်ရသည်။

ပြီးမှ . . . ခုံတန်းလျားလေးပေါ်ရှိ လက်ကိုင်ပဝါ ရှိရာသို့ လှမ်းနေသော ကျွန်မ၏လက်တို့က ဂဏှာမငြိမ်ဖြစ်ကာ စိတ်လှုပ်ရှားမှုအတိုင်း တုန်ယင်လို့နေပါတယ်။

မကြာခင်မှာပဲ . . . ကျွန်မ၏လက်တို့က လက်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ပဝါ နှစ်ထည်စလုံးကို ထိတွေ့မိလိုက်တယ်ဆိုရင်ပဲ ကျွန်မ ဆောက်တည်ရာမရတော့ပါ။

ကျွန်မ၏ ရွေးချယ်မှုသည် တစ်ယောက်က ဝမ်းသာပျော်ရွှင်၍ ကျန်တစ်ယောက်က ဝမ်းနည်းရတော့မည့် အခြေအနေတစ်ရပ်ပင်။

သို့သော် . . .

ကျွန်မသည် လက်ကိုင်ပဝါနှစ်ထည်စလုံးကို ယူပြီး လုံးထွေးလိုက်ပါတယ်။ ထိုစဉ် သူတို့နှစ်ဦး၏မျက်နှာကို မြင်ယောင်မိလိုက်သည်။

မတတ်နိုင်တော့ . . . ။

လုပ်မိခဲ့သည့် အလုပ်တစ်ခုကိုတော့ ပြီးဆုံးတိုင်အောင် လုပ်ရပေမည်။ သို့ဖြင့် ကျွန်မ စိတ်ဓာတ်ခိုင်မာစွာဖြင့် လုံးထွေးထားသည့် လက်ကိုင်ပဝါနှစ်ထည်မှ တစ်ထည်တည်းသော လက်ကိုင်ပဝါကို ဆွဲယူလိုက်ပါတယ်။ ကျန်တဲ့တစ်ထည်ကို ခုံတန်းလျားလေးပေါ် ပစ်ချလိုက်ပါသည်။

လက်ထဲတွင် ဆုပ်ကိုင်ထားသည့် လက်ကိုင်ပဝါကို ထောင်ပြပြီး . . .

"ငါ ဒီလက်ကိုင်ပဝါကို ရွေးလိုက်ပြီ"

ချက်ချင်းပါပဲ ကျွန်မ ခေါင်းစည်းပဝါကို မျက်နှာမှ ဆွဲချလိုက်တဲ့အခါ . . .





"ဟေး . . . အဲဒါ ငါ့ရဲ့လက်ကိုင်ပဝါ"

ဝမ်းသာအားရပျော်ရွှင်စွာ ပြောလိုက်သူကတော့ ဥက္ကာကျော်ပါပဲ။

ကျွန်မရင်ထဲ တစ်မျိုးကြီး ခံစားလိုက်ရပါသည်။ ဝမ်းသာခြင်းထက် ဝမ်းနည်းမှုတွေကသာ ရင်ထဲမှာ ကိန်းအောင်းလို့ လာခဲ့ရသည်။

ကျွန်မ ဇွန်ဦးမောင်ရှိရာသို့ လှမ်းကြည့်လိုက်ပါတယ်။ ခုံတန်းလျားလေးပေါ်မှာ ထီးထီးကြီးရှိနေသော သူ့ရဲ့ လက်ကိုင်ပဝါလေးကို တယုတယ ကောက်ယူလိုက်ပြီး တစ်စိုက်မတ်မတ် ကြည့်နေတာကို တွေ့လိုက်ရသည်။

သို့ပေမဲ့ သူ့မျက်နှာက တည်တည်ငြိမ်ငြိမ်ပင်။ သို့သော် သူ့နှုတ်ခမ်းထောင့်ကွေးလေးက ပြုံးနေသည်။ မဲ့ပြုံးလား . . . ရက်ပြုံးလားတော့ ကျွန်မ မသိပါ။

ထို့နောက် ဥက္ကာကျော်ရှိရာသို့ တစ်လှမ်းချင်း လျှောက်သွားလိုက်တယ်။

"မင်းအတွက် ငါဂုဏ်ယူတယ် ဥက္ကာကျော် . . . ကွန်ကရက်ကျူလေးရှင်းကွာ"

ဇွန်ဦးမောင် လက်ကမ်းပေးလိုက်သည်။ ဥက္ကာကျော်ကလည်း ကြည်နူးပြုံးရွှင်စွာဖြင့် လက်ဆွဲနှုတ်ဆက်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းအတွက် ငါ စိတ်မကောင်းဘူး ဖွန်ဦးမောင်"

ဖွန်ဦးမောင် ပြုံးလိုက်တာကို ကျွန်မ တွေ့လိုက်ရပါတယ်။

ဘယ်လိုအပြုံးလည်း . . . ။

မချိပြုံးလား . . . ။ ကြေကွဲပြုံးလား . . . ။ ကျွန်မ မသိ။

ကျွန်မသိနေတာက စိတ်မကောင်းခြင်းတွေပါပဲလေ။

"စိတ်မကောင်းမဖြစ်ပါနဲ့ကွာ . . . ဒါ ရှင်နှောင်းရဲ့ ရွေးချယ်မှုတစ်ခုပါ . . . ငါ ကျေနပ်ရမှာပေ့ါ ဥက္ကာ . . . သူငယ်ချင်းဆိုတာ စိတ်ဆိုးတာ၊ စိတ်ညစ်တာ မရှိရဘူး မဟုတ်လား"

ဥက္ကာကျော် ကျေနပ်နှစ်သိမ့်သွားသည်ထင် ပြုံးပျော်လို့ သွားတော့သည်။

"နင် ခုလို သဘောထားကြီးတာ ဝမ်းသာပါတယ် ဖွန်ရယ်"

ကျွန်မရဲ့စကားကြောင့် သူ ကျွန်မကို ကြည့်လိုက်တယ်။ သူ့ရဲ့အကြည့်တွေမှာ ဝေဒနာမြောက်များစွာ ရှိနေတယ်ဆိုတာ ကျွန်မ တွေ့မြင်လိုက်ရပါပြီ။ ပင့်သက်အမောတွေ ကျွန်မရင်ထဲမှာ ပြည့်နှက်လို့နေပါတော့တယ်။

"ငါ သဘောထားကြီးတယ်ဆိုတာ နင်တို့က ငါ့ရဲ့





သူငယ်ချင်းတွေဖြစ်နေလို့ပဲ နှောင်းရယ်"

"ဖွန်"

ကျွန်မ တိုးတိတ်ညင်သာစွာ ခေါ်မိလိုက်တယ်။

"ဘာလဲ နှောင်း"

"ငါ့ရဲ့အချစ်ကို မရတော့လို့ဆိုပြီး လေလွင့်မနေနဲ့နော်"

ကျွန်မရဲ့စကားအဆုံး ဖွန်ဦးမောင်ရဲ့ အကြည့်မှိမ်းစိမ်းလေးတွေက ကျွန်မရဲ့မျက်ဝန်းထဲသို့ တိုးဖောက်ဝင်လာခဲ့ပါတော့တယ်။

"ဟာ နင်သိပ်အထင်သေးတာပဲ နှောင်း . . . ဒီမှာ ငါသိပ်ချစ်ရတဲ့ မိန်းမတစ်ယောက်ကို မရလို့ ငါလေလွင့်သွားမယ်လို့ ထင်နေလားဟင် နှောင်း"

သူ့ရဲ့လေသံက တင်းမာခက်ထန်လို့လာသည်။ ကျွန်မ စကားမှားသွားပြီကို သိလိုက်ပါတယ်။ ကျွန်မရဲ့စကားက စေတနာစကားဆိုပေမဲ့ သူ့အတွက် အထင်သေးစရာစကား ဖြစ်လို့သွားသည်ထင်ပါရဲ့။

"ဝေးသေးတယ် နှောင်း . . . ငါ့အချစ်ကို ရင်ထဲမှာ ပြသိမ်းထားပြီး ငါ့ဘဝရည်ရွယ်ချက်အတိုင်း ဆက်လျှောက်သွားမယ်ဆိုတာ နင်ယုံလိုက်ပါ နှောင်း"

သူ့ရဲ့ ပြင်းထန်လှသည့် စကားတွေက သူ့ရဲ့မာနစိတ်တစ်ပိုင်းကို ဖော်ပြလိုက်သလိုပင် . . . ။



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားဆိုတာ ဒီလိုစိတ်မျိုးရှိမှပေါ့ . . . ငါ ဂုဏ်ယူတယ်ကွာ"

"ဒါဟာ ပြောစရာမလိုတဲ့ စကားပဲ . . . ဒီမှာ ဥက္ကာကျော် . . . မင်းကို ငါ ရှင်နှောင်းနဲ့ပတ်သက်လို့ စကားမှာစရာရှိတယ်"

"ဘာလဲ"

"မင်း ရှင်နှောင်းကို ရာသက်ပန် သစ္စာရှိပါ . . . ချစ်ပါ . . . ကြင်နာပါလို့ ငါမှာလိုက်မယ်"

"စိတ်ချ သူငယ်ချင်း . . . ဘဝတစ်သက်တာအတွက် သူ စိတ်ချမ်းသာရမယ်"

ဥက္ကာကျော် ရဲရဲကြီးပင် ကတိတွေပေးလိုက်သည်။

ပြီးတော့ . . . ဖွန်ဦးမောင်က ကျွန်မဘက်ဆီသို့ တစ်ဖန် လှည့်ကြည့်လာပြီး ရီဝေလို့က်မောသော အကြည့်တွေနဲ့ ကြည့်ပြန်၏။ ကျွန်မ ကျင်စက်နှင့် အတိုးခံလိုက်ရသလို တွန့်ခနဲ ဖြစ်သွားခဲ့သည်။

ပြီးတော့မှ . . .

"မင်းတို့နှစ်ယောက် ပျော်ရွှင်နိုင်ကြပါစေလို့ ငါ ဆုတောင်းပေးလိုက်ပါတယ် . . . ကဲ ငါသွားမယ်"

ပြောဆိုပြီး ဖြတ်ခနဲ ကျွန်မတို့နားက ထွက်ခွာသွားတော့ ဘဝအတွက် ဆုံးရှုံးမှုတစ်ခုကို ခါးသီးစွာ ခံစားလိုက်ရသလို





ခံစားရတော့၏။

ကျွန်မ သူ့ကျောပြင်လေးကို ငေးမောစွာ ကြည့်နေမိစဉ်မှာ သူ ကျွန်မဘက်ကို ရုတ်တရက်လှည့်လာပြီး ကျွန်မကို လှမ်းခေါ်လိုက်ပါတယ်။

"ရှင်နှောင်း . . . ခဏ"

ကျွန်မလည်း ဟန်ပင်မဆောင်နိုင်တော့ဘဲ သူ့အနီးသို့ အပြေးကလေးသွားလိုက်သည်။ သူ့ရဲ့အနီးရောက်တော့ သူက ကျွန်မကို ရွှန်းရွှန်းစားစားကိုကြည့်သည်။

ပြီးမှ . . .

"နှောင်းရယ် . . . မင်းရင်ထဲမှာ ငါမရှိတော့ပေမဲ့ ငါ့ရင်ထဲမှာတော့ မင်းအမြဲရှိမယ်ဆိုတာ ယုံထားလိုက်ပါ နှောင်းရယ်"

သူဟာ ပြောပြီး လျှပ်တစ်ပြက် ကျွန်မအနားမှ သူလှည့်ထွက်လို့ သွားပါတော့တယ်။

သူ . . . ။

ပြောလိုက်သည့်စကားလုံးတို့က ကျွန်မနှလုံးသားထဲကို ပြားတစ်စင်းပမာ စူးခနဲပဲ ဝင်ရောက်လာသလို ကျွန်မလေ ရေရေလည်လည် ကြွေသွားခဲ့ရပါတော့တယ် ရှင် . . . ။

သွားပြီ . . . ။

ကျွန်မ လုံးဝမှားသွားပြီဆိုတာ သိလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုရွေးချယ်ခြင်းသည် ရှုံးသွပ်မိုက်မဲသော လုပ်ရပ်တစ်ခုသာလျှင် ဖြစ်ပေတော့သည်။

ခုမှ . . . ။

ကျွန်မရဲ့ နှလုံးသားတို့သည် သူ့ကို ရူးသွပ်စွာနှင့် တောင်းဆိုလာခဲ့ပါပြီ။

ဒါပေမဲ့လေ . . . အချိန်အခါက ကျွန်မကို ဆုံးမလိုက်ပြီ။ ဒဏ်ခတ်လိုက်ပြီ။

နာမည်နဲ့လိုက်အောင် ကျွန်မရဲ့လုပ်ရပ်တို့သည်လည်း နှောင်းသွားခဲ့လေပြီမဟုတ်လား။ နောင်တဆိုသော အရာကား ကျွန်မဘဝကို အနိုင်ယူသွားခဲ့ပြီပဲ။

ကျွန်မဘာမှ မတတ်နိုင်တော့။

ကိုယ်ကခဲ့သည့်ဇာတ်ကို ပြီးဆုံးအောင်တော့ ကရပေဦးမည်။ ကိုယ်တကယ်ချစ်မြတ်နိုးသော ချစ်သူတစ်ယောက်ကို ဘာမဟုတ်သည့် နည်းလမ်းတစ်ခုဖြင့် စတန့်ထွင်ကာ ရွေးချယ်လိုက်ခြင်းသည် . . .

နောက်ပိုင်းတစ်လျှောက်၌ စိတ်ပျော်ရွှင်မှုတွေပဲ ရမှာလား . . . ဒါမှမဟုတ် စိတ်ဆင်းရဲခြင်းတွေကိုပဲ တွေ့ကြုံရမှာလားဆိုတာ နောင်သောအခါမှပင် သိရပါတော့မည်။

ကျွန်မအနားမှ ထွက်သွားသည့် ဖွန်ဦးမောင်၏ ကျောပြင်ကို ရီဝေလိုက်မောတမ်းတစွာဖြင့် ငေးမောကာ





ကြည့်နေမိပါတော့သည်။

ထိုသို့ လွမ်းမောစွာဖြင့် ကျွန်မ ကြည့်နေစဉ်မှာပဲ ကျွန်မရင်ထဲမှာ လှိုက်ခနဲ ခံစားလိုက်ရတော့သည်။ ထိုခံစားမှုတို့က ကျွန်မဘဝ သေဆုံးသွားသည့်တိုင် မေ့လို့ရတော့မည် မဟုတ်တော့ပါ။

ဖွန်ရယ် . . . ။

ငါ့ကို နင်မရပေမဲ့ ငါ့နှလုံးသားကို နင် အပြီးတိုင် ယူသွားခဲ့တယ်ဆိုတာ နင်သိရဲ့လား ဖွန်ဦးမောင်ရယ် . . . ။ နင်သိပါရဲ့လား . . . ။

ကျွန်မတစ်ယောက် ဟိုအဝေးသို့ တရွေ့ရွေ့ ထွက်ခွာသွားနေသည့် ဖွန်ဦးမောင်ကိုကြည့်နေခိုက် ဥက္ကာကျော်က ကျွန်မအနားသို့ ရောက်လာခဲ့ပါပြီ။

သူကတော့ . . .

အောင်နိုင်သူအပြုံးကို ပန်ဆင်ထားသည့်သူ . . . ။

"ဒါက ကံတရားက ဆုံးဖြတ်ပေးလိုက်တာပဲ နှောင်း"

ဟင့်အင်း . . . ။ ကံတရားကြောင့်မဟုတ်ဘူး။ ရှင်နှောင်းဆိုတဲ့ အသိဉာဏ်မဲ့တဲ့ မိန်းမတစ်ယောက်ရဲ့ လုပ်ရပ်ကြောင့်ပါလို့ ပြောလိုက်ချင်ပါရဲ့။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ... ဖွန်ဦးမောင်ရယ်၊ ဉက္ကာကျော်ရယ်၊ ရှင်နှောင်းရယ်က ငယ်စဉ်ကလေးဘဝကတည်းက အတူစား၊ အတူကစား၊ အတူကျောင်းတက်ကြသည့် သူငယ်ချင်းများ ဖြစ်ခဲ့ကြပါသည်။

သူတို့သုံးယောက်က တစ်ရပ်ကွက်ထဲနေ၊ တစ်လမ်းတည်းလဲ အတူနေကြပြီး အိမ်နီးနားချင်းများလည်း ဖြစ်ကြပါသည်။ မိဘများကလည်း ခင်မင်ရင်းနှီးကြသူတွေလည်း ဖြစ်နေကြတော့ သူတို့သုံးယောက်၏ ခင်မင်မှုများကတော့ မြွေခွဆိုဖွယ်ရာမရှိတော့ပါ။

အင်မတန် ပြောရဆိုရသော ...





အင်မတန်မှ အဆော့သန်သော ...

အင်မတန်မှ ပြဿနာဖြစ်တတ်သော ...

ထိုသုံးယောက်ကို မျောက်သုံးဖော်ဟူ၍ လူကြီးတွေက ကင်ပွန်းတပ်ပေးကြရသည့်အထိပင် ဆော့ခဲ့ကြသူများ ဖြစ်ပေသည်။

သူတို့သုံးယောက်ထဲမှာမှ ဖွန်ဦးမောင်သည် ရှင်နှောင်း၏ ရုပ်သေးရုပ်ဖြစ်၏။

ရှင်နှောင်းဆော့သမျှ ဘာမဆိုကို ထောက်ခံကာ လိုက်၍ကစားတတ်သည်။ ပြီးတော့လည်း သူမ လိုချင်သည့် အရာမှန်သမျှ မရ ရအောင်လည်း ဖန်တီးပေးရတတ်၏။ ရှင်နှောင်းမျက်နှာလေး တစ်ချက် အညို့းမခံ။ ရှင်နှောင်း လုပ်နိုင်းသမျှသည့် အန္တရာယ်ရှိရှိ မရှိရှိ မတွေးတော့ဘဲ လုပ်ဆောင်ပေးတတ်ခြင်းကို ကြည့်လျှင် ဖွန်ဦးမောင်သည် ရှင်နှောင်းအပေါ် သံယောဇဉ်ကြီးမားမှုကို တွေ့နိုင်သည်။

နောက်တစ်ယောက် ဉက္ကာကျော် ...

သူကတော့တစ်မျိုး။ ဖွန်ဦးမောင်လိုပင် ရှင်နှောင်းကို ခင်တွယ်၏။ သံယောဇဉ်ကြီး၏။

သို့သော် ...

ရှင်နှောင်းအပေါ်သို့ ဖွန်ဦးမောင်နှင့် သံယောဇဉ် တွယ်ပုံခြင်းကတော့ မတူ။ ရှင်နှောင်းအပေါ် အကျိုးမရှိ၊



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ရှိမည့် ကိစ္စမှန်သမျှကို ဘယ်လိုမှ အလိုမလိုက်ခဲ့ပါ။ မဖန်တီးပေးခဲ့ပါ။

သို့အတွက်ကြောင့်လည်း ရှင်နှောင်းနဲ့ ဖွန်ဦးမောင်တို့၏ ငြိုငြင်မှုတွေ၊ စိတ်ဆိုးမှုတွေကို အမြဲတမ်း ခံယူတတ်ရသည် ချည်းပင်။ ဒါပေမဲ့ ဥက္ကာကျော်က ဘယ်သောအခါမှ စိတ်ဆိုး ခဲ့ခြင်း မရှိခဲ့ပါ။

ရှင်နှောင်းကတော့ဖြင့် . . .

ဖွန်ဦးမောင်နှင့် ဥက္ကာကျော်တို့အပေါ် အနိုင်ယူတတ်၏။ သြဇာပေးတတ်၏။ စိတ်ကောက်တတ်ပါ၏။ နွဲ့ဆိုး ဆိုးတတ်ပါ၏။

ပြောရမည်ဆိုလျှင်တော့ သူတို့သုံးယောက်၏ ငယ်စဉ် ကလေးဘဝ အသက်ကိုးနှစ် ဆယ်နှစ်အရွယ်တုန်းက အဖြစ်အပျက်ကိုကြည့် . . . ။

အဲဒီအချိန်တုန်းက ရှင်နှောင်းတို့၏ ခြံထဲတွင် အတူတကွ ဆော့ကစားနေစဉ် ရှင်နှောင်းက ဘယ်လိုကဘယ်လို စိတ်ကူး ရလေသည် မသိပါ။

"ဟေ့ ငါတို့ တာဇံလုပ်တမ်း ကစားမယ်ဟာ"

"အေး ကောင်းတယ်ဟာ"

ထုံးစံအတိုင်း ဖွန်ဦးမောင်က ထောက်ခံစကား ပြောလိုက်သည်။





"ဒါဆို ဥက္ကာကျော် . . . . နင်လူရိုင်းလုပ်"

"ဟာ လူရိုင်းမလုပ်ဘူး . . . တာဇံလုပ်မယ်"

ဥက္ကာကျော် ငြင်းသည်။ သည်တော့ ရှင်နှောင်းက မဲ့လိုက်ပြီး . . .

"အမယ် နင့်ပုံက လူရိုင်းနဲ့တူတယ် . . . ဖွန်ဦးမောင် ကမှ တာဇံနဲ့တူတာ"

"မလုပ်ဘူးဟာ . . . တာဇံမှမလုပ်ရရင် မဆော့ဘူး"

ဥက္ကာကျော်ကလည်း ခပ်တင်းတင်းပဲဆိုတော့ ရှင်နှောင်း ၏ မျက်နှာထားက တင်းမာခက်ထန်လို့လာတော့သည်။

မျက်ဝန်းအကြည့်ကလည်း စူးစူးရဲရဲ ဖြစ်လို့သွားတော့၏။ ပြီးတော့မှ . . .

"ဒါဆိုလည်း နင်မပါနဲ့ . . . ငါတို့ဘာသာဆော့မယ်"

ခပ်ပြတ်ပြတ်ပဲ ဥက္ကာကျော်ကို ရှင်နှောင်းက ပြောပစ် လိုက်သည်။ သည်တော့ ဖွန်ဦးမောင်ကလည်း မနေနိုင်တော့။

"ဟာကွာ . . ဒီလိုတော့ မလုပ်ပါနဲ့ ရှင်နှောင်း . . ဟေ့ကောင် ဥက္ကာ"

ဥက္ကာကျော်ကို ဖွန်ဦးမောင် ခေါ်လိုက်သဖြင့် မကြည်သော မျက်လုံးတွေနဲ့ ကြည့်လိုက်သည်။

"မင်းနဲ့ငါ တစ်လှည့်စီ တာဇံလုပ်ကြမယ်လေ"

ဒီတော့မှ ဥက္ကာကျော်ရဲ့မျက်နှာက ရွှင်လို့လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့တယ်။

"အေး ဒီလိုဆို ကစားမယ်"

ဟွန်း ... ။

ဟု ရှင်နှောင်းက မျက်စောင်းထိုးလိုက်သေးတယ်။

"ဒါဆို ဖွန်က အရင်တာဇံလုပ် ... နင်က အခု လူရိုင်းလုပ်"

ဒီတစ်ခါတော့ ဥက္ကာကျော် ဘာမှမငြင်း၊ မပြောတော့ပါ။ သို့ဖြင့် သူတို့သုံးယောက် ကစားကြရာတွင် ဖွန့်ဦးမောင်က ကြိုးတစ်ချောင်းနှင့် သစ်ပင်ပေါ်သို့ တက်လို့သွားတော့သည်။

"ဟေ့ကောင် ဖွန့်ဦးမောင်"

"ဘာလဲကွ"

"ကြိုးက ဘာလုပ်ဖို့လဲကွ"

ဥက္ကာကျော်ရဲ့ အမေးစကားကို ဖွန့်ဦးမောင် ပြန်မဖြေရသေးမီ ရှင်နှောင်းက ဥက္ကာကျော်ဘက်လှည့်ကာ ...

"နင်မသိဘူးလား ... တာဇံဆိုတာ သစ်ပင်ပေါ်ကနေ ကြိုးနဲ့လွှဲသွားရတာ ... နင်ဟာ တကယ်တုံးတယ်"

"မတော်တဆများ ကျသွားရင်တော့ မလွယ်ဘူးနော်"

စိုးရိမ်စိတ်လေးနှင့် ဥက္ကာကျော်က ပြောလိုက်သည်။

"ဟင်း ... အခြောက် ... ယောက်ျားမဟုတ်တဲ့ အတိုင်းပဲ"





"ဟေအေးဟာ ... နင်တို့ဆော့တာ သိပ်အန္တရာယ် များတယ် ရှင်နှောင်း ... ငါလည်း မပါတော့ဘူး ... နင်တို့လည်း မဆော့နဲ့တော့"

"နင်မပါချင်နေ ... တို့ကို လာမတားနဲ့ ... အလကား သတ္တိလည်း မရှိဘဲနဲ့ ဟွန်း"

မျက်စောင်းလည်းထိုးသည်။ ပါးစပ်ကလည်း ပြောနေလိုက်သည်။

"ရှင်နှောင်းလာလေ ... ဒီကောင်မပါလည်း တို့ချည်း ဆော့မယ်"

"အေး လာပြီ လာပြီ"

"မြန်မြန်လာ ... ငါ အဆင်သင့်ဖြစ်နေပြီဟ"

သစ်ပင်ပေါ်သို့ ရောက်နေသည့် ဖွန့်ဦးမောင်က သစ်ကိုင်းတစ်ခုတွင် ကြိုးချည်ပြီးသည်နှင့် ရှင်နှောင်းဆီသို့ လှမ်း၍ အော်ကာပြောလိုက်တယ်။

ရှင်နှောင်းလည်း သစ်ပင်ရှိရာသို့ ပြေးသွားတော့သည်။ ဥက္ကာကျော်က မျက်နှာသုန်သုန်နှင့် နှုတ်ခမ်းစူကာ ကြည့်နေလိုက်၏။

ထို့နောက်မှာတော့ ရှင်နှောင်းက ဖွန့်ဦးမောင်တက်သည့် သစ်ပင်ပေါ်သို့ တက်၍သွားသည်။

"ဟာ ရှင်နှောင်း ... မတက်နဲ့ ... လိမ့်ကျလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ အခြောက် . . . ကုန်းအော်မနေနဲ့ . . . နားငြီးတယ်"

ရှင်နှောင်းက ပြောပြီး ဆက်၍တက်လာခဲ့တယ်။

"နင်တို့နှစ်ယောက်လုံး ပြောလို့မရဘူးလား . . . ငါ လူကြီးတွေကို တိုင်လိုက်မယ်နော်"

"ဟော့ကောင် မင်းပါးစပ်ပိတ်ထားလိုက်ကွာ"

ဖွန်ဦးမောင်ကပါ သစ်ပင်ပေါ်က ဟောက်လိုက်တော့ ဥက္ကာကျော် အသံမထွက်တော့။ သူတို့ကို ငေးကြည့်နေရသော်လည်း စိတ်ထဲမှာတော့ စိုးရိမ်စိတ်တို့ တဖွားဖွား ပေါ်လာခဲ့သည်။

ဒုက္ခပဲ . . . ပြောလို့လဲမရဘူး . . . ။

ထိုအချိန် ဖွန်ဦးမောင်က သစ်ကိုင်းတစ်ခုပေါ်တွင် မတ်တပ်ရပ်ပြီး အပေါ်သစ်ကိုင်းမှ ချည်ထားသောကြိုးကို ကိုင်ထားနှင့်လိုက်သည်။

ရှင်နှောင်းကတော့ ဖွန်ဦးမောင်ခါးကို ဖက်လို့ ထားလိုက်သည်။

"နှော်း . . . နင်အဆင်သင့်ဖြစ်ပြီလား"

"အေး"

ဖွန်ဦးမောင်က နှုတ်ခမ်းဝ သူ့လက်ကလေးကို အုပ်လိုက်ပြီး တာဇံလို အော်လိုက်တော့၏။





"ဝူး . . . အူး . . . "

ပြီးနောက် ကြိုးကိုဓိုကာ သစ်ပင်အောက်သို့ လွှဲဆင်း လိုက်ပါတယ်။ ရှင်နှောင်းက သူ့ခါးကိုဖက်ရင်း ပါလာတော့သည်။

သည်တွင်မှာပဲ . . .

ဖွန်ဦးမောင်က နှစ်ယောက်ဝိတ်ကို မနိုင်တော့သဖြင့် ကြိုးစမှ လက်က လွတ်ထွက်လို့သွားတော့သည်။

"ဘုတ်"

"အားမလေး"

"အား"

"ဟာ ဟော့ကောင်တွေ"

နှစ်ယောက်သား မြေပြင်ပေါ်သို့ ပြုတ်ကျလာတော့သည်။ ဥက္ကာကျော်ကလည်း အလန့်တကြား အော်လိုက်ပါတယ်။

ဖွန်ဦးမောင်နှင့် ရှင်နှောင်းတို့နှစ်ယောက်ရဲ့ မျက်နှာကတော့ ရှုံ့မဲ့လို့နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါလည်း ရှိခဲ့သေးသည်။

ရှင်နှောင်းရယ်ပေါ့ . . . ။

ဒီလိုပဲ ဖွန့်ဦးမောင်တို့ခြံတွင်းမှာ ကစားနေကြတုန်း ရုတ်တရက်နဲ့ . . .

"ဟော့ နင်တို့နှစ်ယောက် ငါ့ကို ဘယ်သူပိုခင်လဲ"

လုပ်ပြီ။ ရှင်နှောင်းတို့ ဇာတ်လမ်းက စပြီ။

"ငါက ဖွန့်ဦးမောင်ထက် ပိုခင်တာနော်"

"ဟော့ကောင် ဥက္ကာ . . . မင်းအပိုတွေ လျှောက်ပြော မနေနဲ့ . . . ငါကမှ ရှင်နှောင်းကို ပိုခင်တာ . . . နှောင်း ငါပြောတာ ဟုတ်တယ်မဟုတ်လား"





သူတို့နှစ်ယောက်ကို ရှင်နှောင်းက ရယ်ကျဲကျဲနှင့် ကြည့်နေမိသည်။

"အဲဒီကောင်စကားကို မယုံနဲ့ . . . အလကား ကြားကောင်းအောင် ပြောနေတာ"

"ဟော့ကောင့် ဥက္ကာ . . . ကြားကောင်းအောင်ပြောတာ မဟုတ်ဘူးကွ"

"ဟော့ ဟော့ ငြင်းမနေကြနဲ့တော့"

ရှင်နှောင်းက အော်ပြောလိုက်သဖြင့် သူတို့တွေ ငြိမ်ကျသွားသည်။

"ငါပြောမယ် . . . သေချာနားထောင် . . . ငါခိုင်းတာ လုပ်ပေးရင် ငါ့ကိုပိုခင်တဲ့သူလို့ သတ်မှတ်မယ်"

"နင်က ဘာခိုင်းမှာမို့လို့လဲ"

ဥက္ကာကျော်၏မျက်နှာက မကြည်လင်ခဲ့။ သုန်မှုန်စွာနဲ့ မေးလိုက်သည်။

"ဟိုမှာတွေ့လား"

ရှင်နှောင်း လက်ညှိုးညွှန်ရာသို့ သူတို့နှစ်ယောက်သား လှည့်ကြည့်မိကြပါတယ်။ ဖွန့်ဦးမောင်တို့ အိမ်နောက်ဘက်က မြဖြစ်နေသည်။

"အဲဒီခြံထဲက မာလကာသီး ခူးပေးနိုင်တဲ့သူက ငါ့ကို ပိုခင်လို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ အဲဒီခြံထဲက ခွေးတွေသိပ်ဆိုးတာ . . . ငါ မခူးရဲဘူးဟာ"

ဥက္ကာကျော် ကြောက်လန့်တကြား ငြင်းဆိုလိုက်သည်။ မျက်နှာကိုလည်း မဲ့လိုက်သည်။

"ငါရအောင် ခူးပေးမယ် နှောင်း"

ဖွန့်ဦးမောင်စကားကြောင့် ဥက္ကာကျော်နှင့် ရှင်နှောင်းတို့ လှည့်ကြည့်လိုက်ပါတယ်။ ပြီးတော့ ရှင်နှောင်းမျက်နှာလေးက ပြုံးရွှင်လို့သွားတော့၏။

"ဟေ့ကောင် . . . ခွေးတွေက တအားဆိုးတာ . . . မင်းသေချင်လို့လား . . . နောက်ပြီး . . . "

ဥက္ကာကျော်စကား မဆုံးသေးပါ။ ဖွန့်ဦးမောင် သူတို့ အနီးမှ ပြေးထွက်လာခဲ့တော့၏။

"ဒီကောင် သေတော့မှာပဲ"

"ဒါ့မှ ဖွန့် ကွ"

ဖွန့်ဦးမောင်တစ်ယောက် ခြံကြီးအနီးသို့ရောက်တော့ ခြံစည်းရိုးအဖြစ် ကာရံထားသော သံဆူးကြိုးကို ကိုင်ကာဟလို့ ခြံကြီးထဲ တိုးဝင်လာခဲ့သည်။ ခြံထဲရောက်တော့ ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်၏။ မည်သည့်အရိပ်အယောင်မျှ မတွေ့တော့မှ မာလကာပင်ရှိရာသို့ ပြေးကာ တက်လိုက်တော့သည်။

"တွေ့လား ဥက္ကာ . . . ဖွန့် ဘယ်လောက်သတ္တိရှိတယ်





ဆိုတာ နင်တွေ့လား . . . သူမှ ငါ့ကို တကယ်ခင်တာ သိလား"

ဥက္ကာကျော်မျက်နှာလေး ဖီးရွက်သာသာလေးပဲ ရှုံ့တော့သည်။

ဖွန့်ဦးမောင်ကတော့ မာလကာပင်ပေါ်သို့ ရောက်ရှိလို့ သွားခဲ့ပြီ။ ထိုခြံ၏ အပြင်ဘက်တွင်ရှိသော ရှင်နှောင်းနှင့် ဥက္ကာကျော်တို့ကို ဂုဏ်ယူဝင့်ကြွားစွာ လက်လှမ်းပြလိုက်သည်။

ထို့နောက် ဖွန့်ဦးမောင်က မာလကာသီး လေးငါးလုံးလောက်ကို စိတ်တိုင်းကျ ခူးယူလိုက်အပြီးမှာ . . .

"ဝုတ် . . . ဝုတ်" "ဝုတ် . . . ဝုတ်"

ခွေးဟောင်သံတွေ ညံစီစွာနှင့် ကြားလိုက်ရသဖြင့် သူ့ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားခဲ့သည်။ ဒါနဲ့ သူက သစ်ပင်ပေါ်မှနေ၍ လှမ်းကြည့်ရာ . . .

"ဟာ လာကုန်ပြီ"

ခွေးနှစ်ကောင်က အိမ်ကြီးဆီမှ ပြေးထွက်လာသဖြင့် ဖွန့်ဦးမောင် အပင်ပေါ်မှ ခပ်မြန်မြန် ဆင်းလာတော့သည်။

"ဖွန့် . . . ခွေးတွေလာကုန်ပြီ"

"ဟေ့ကောင် မြန်မြန်လာ . . . မြန်မြန်"

ရှင်နှောင်းနှင့် ဥက္ကာကျော်တို့က စိုးရိမ်တကြီးနှင့် လှမ်းအော်ကြသည်။ သို့သော် ထိုနေရာမှာ မနေတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ခပ်ဝေးဝေးသို့ ပြေးထွက်ကြတော့၏။

ဇွန်ဦးမောင်လည်း ခြံစည်းရိုးရှိရာသို့ အားကုန်ပြေးလာကာ ခုနကဝင်ခဲ့သည့်နေရာမှ သံဆူးကြိုးကို အတင်းဖြဲရပ်ပြီး ဟကာ တိုးထွက်လာခဲ့စဉ် . . .

"အား . . . နာလိုက်တာ"

သူ့တင်ပါးနှင့် သံဆူးကြိုးမှ သံချွန်တစ်ခုနှင့် ခြစ်မိလိုက်ပါတော့သည်။ သူ၏တင်ပါးမှ သွေးတို့က မြင်မကောင်းခဲ့တော့။

ထို့နောက်တွင် ရှင်နှောင်းနှင့် ဥက္ကာကျော်တို့ရှိရာသို့ ပြေးလို့လာခဲ့တော့တယ်။ ဟိုဘက်ခြံမှ ခွေးနှစ်ကောင်က မာန်ဖီရင်းနှင့် ခြံစည်းရိုးစပ်တွင် ကျန်ရစ်ခဲ့တော့သည်။

"ရော့ နှောင်း . . . နင်စားချင်တဲ့ မာလကာသီးတွေ၊ နင့်ကိုငါ ဘယ်လောက်ခင်တယ်ဆိုတာ နင်မြင်ပြီနော် . . . အား နာလိုက်တာ ဟာ အရမ်းပဲ"

မျက်နှာရှုံ့မဲ့စွာဖြင့် ဇွန်ဦးမောင်ပြောလာတော့ ရှင်နှောင်းကရုဏာသက်လို့သွားတော့သည်။

"ဟယ် ဇွန်ရယ် ဖြစ်မှဖြစ်ရလေဟယ်"

ရှင်နှောင်း၏ ကရုဏာစကားလေးကို ကြားလိုက်ရတော့ နာကျင်နေသည့် ဝေဒနာကြားမှပင် ဇွန်ဦးမောင် ကျေနပ်ပြုံးလေးကို ပြုံးမိလိုက်တော့သည်။





ဒါက . . . သူတို့သုံးယောက်၏ ဟိုးငယ်စဉ်အခါက အဖြစ်ကလေး များပင်။

ရှင်နှောင်း၏ တစ်ဇွတ်ထိုးဆန်မှုတွေ . . .

ဇွန်ဦးမောင်၏ အလိုလိုက်မှုတွေ . . .

ဥက္ကာကျော်၏ တားမြစ်မှုတွေ . . .

သည်အရာအားလုံးတို့က ပြောင်းလဲသွားခြင်းမရှိခဲ့။ အချိန်ကာလတွေ တရွေ့ရွေ့ ပြောင်းလွဲလာခဲ့ကြသည်အထိကို သည်ညဉ်တွေက မပြောင်းခဲ့။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းကျောင်းသားဘဝ ရောက်တုန်းကဆိုရင်လည်း ကြည့်ဦး . . . ။

တစ်ညနေမှာပေါ့ . . . ။

သူတို့သုံးယောက်စလုံး ကျောင်းကပြန်လာခဲ့ကြသည်။ တစ်ယောက်နဲ့တစ်ယောက် စလိုက်နောက်လိုက်နှင့် လာကြရာမှ ရပ်ကွက်လမ်းထိပ်သို့ရောက်ပေါ့ မိုးက ဖြုန်းစားဗျင်းစားကြီး ရွာချလာပါတော့တယ်။

"ဟာ အရေးထဲ မိုးကလုပ်ပြီကွာ တောက်"

ဥက္ကာကျော်က မြည်တွန်တောက်တီးလိုက်ရင်း အနီးရှိ ကွမ်းယာဆိုင်လေး၏ အမိုးအောက်သို့ ပြေးဝင်လိုက်ပါတယ်။





သူ့နောက်မှ ဇွန်ဦးမောင်နှင့် ရှင်နှောင်းတို့ကလည်း လိုက်ဝင်ကြလေ၏။

ဒီမိုးကတော့ တိတ်မည့်ပုံမပေါ်။

မိုးဖြူမစဲ မိုးမဲမရွာဆိုသည့်အတိုင်း ကောင်းကင်တစ်ခုလုံးက မှုန်မှိုင်းလို့ဖြူနေသည်။

"ဥက္ကာ . . . နင်ဘာအရေးကြီးနေလို့လဲ"

ရှင်နှောင်းက မျက်စောင်းထိုးကာ မေးလိုက်သည်။

"ငါဗိုက်ဆာနေပြီဟ . . . နင်သိရဲ့လား နှောင်းရ"

"အိုး ဒါများ ရေးကြီးခွင်ကျယ်လုပ်လို့ ဟွန်း"

နှုတ်ခမ်းစူလို့မဲ့ကာ ပြန်ပြောလိုက်သဖြင့် ဥက္ကာကျော် ဘာမှပြန်မပြောတော့။ ဒါပေမဲ့လို့ . . .

"ဟာကွာ . . . မိုးကလည်း ပိုတောင်သည်းလာပြီ"

ရှင်နှောင်းကို မကျေနပ်စွာကြည့်ရင်း ဥက္ကာကျော်က မိုးကို အပြစ်တစ်ခုလို ပြောလိုက်သဖြင့် ရှင်နှောင်းက ပြုံးလို့နေလိုက်သည်။

သူတို့သုံးယောက်စလုံး စိတ်ပျက်စွာနှင့် မိုးအစဲကို စောင့်နေလိုက်သည်။

"ဟွန်း . . . ဒီနေ့မှ ထီးကလည်း မပါလာခဲ့ဘူး"

ဥက္ကာကျော် စိတ်ပျက်စွာနှင့် တစ်ယောက်တည်း ပြောလိုက်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ နင့်အနားနေရတာ တော်တော်နားငြီးတာပဲ"

ပြောပြောဆိုဆို ရှင်နှောင်းက မိုးခိုနေသည့် ကွမ်းယာဆိုင်ထဲမှ ထွက်လိုက်၏။

"ဟ ဟ ဘယ်လိုဖြစ်တာလဲ နှောင်းရဲ့"

ဖွန်ဦးမောင် လှမ်းတားလိုက်ပါတယ်။ သို့ပေမဲ့ သူလည်း ရှင်နှောင်းနားသို့ ပြေးထွက်လိုက်ခဲ့တော့သည်။

"ငါ မိုးရွာထဲကို လျှောက်သွားချင်စိတ်ပေါက်လာလို့"

"အေး ငါလည်းလျှောက်မယ်"

ဖွန်ဦးမောင်က ရှင်နှောင်းနှင့် ဘေးချင်းယှဉ်ကာ လျှောက်လာခဲ့သည်။

"ဟော့ ဟော့"

ဥက္ကာကျော်က သူတို့နှစ်ယောက်ကို လှမ်း၍အော်ကာ ခေါ်လိုက်တယ်။ ရှင်နှောင်းက လှည့်ကြည့်လိုက်ပြီး . . .

"ဘာလဲဟ . . . စွတ်အော်နေတာပဲ"

"နင်တို့နှစ်ယောက် မိုးရွာထဲ သွားမလို့လား"

"အေး ဟုတ်တယ်"

"မင်းတို့နှစ်ယောက် ရူးနေလား"

ဥက္ကာကျော်ပြောတာကို ဖွန်ဦးမောင်နှင့် ရှင်နှောင်းတို့ နှစ်ဦး နားမထောင်တော့။ ရှေ့ဆက်လျှောက်လို့လာခဲ့သည်။

ဥက္ကာကျော်ကတော့ ထွက်လိုက်မလာခဲ့။





"သူ လိုက်မလာတာပဲ ကောင်းတယ် . . . အလကား ပစိပစပ်နဲ့ မိန်းမကျနေတာပဲ"

"အေးလေဟာ"

ရှင်နှောင်း၏စကားကို ဖွန်ဦးမောင်က ထောက်ခံလိုက်သည်။ ရှင်နှောင်းက ကျေနပ်စွာ ပြုံးလိုက်ပါတယ်။

မိုးစက်တွေက သူတို့နှစ်ယောက်၏မျက်နှာကို လာရောက်ထိမှန်ကုန်၏။ ဒါကိုပင် သူတို့ ပျော်ရွှင်နေကြ သည်။

နောက်နေ့ကျတော့မှ . . .

ရှင်နှောင်းနှင့် ဖွန်ဦးမောင်တို့နှစ်ယောက် မိုးမိ၍ အအေးပတ်ကာ အပြင်းဖျားကြတော့၏။ ကျောင်းလည်း ပျက်ခဲ့ကြပါသည်။

"အခုတော့ ဖျားပြီမို့လား . . . မိုးရွာထဲ သွားချင်ကြဦးလေ"

ဥက္ကာကျော်က ခုမှပိုပြီး ပြောလို့ကောင်းလာတော့ သည်။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှာတော့ . . .

တဖြည်းဖြည်းနှင့် အချိန်ကာလတွေကို သူတို့သုံးယောက် ဖြတ်သန်းလာကြတော့သည်။

ထိုအခါမှာတော့ သူတို့နှလုံးသားတွေကလည်း အရောင်ပြောင်းလဲလာကြကုန်တော့၏။

ဖွန်ဦးမောင်နှင့် ဥက္ကာကျော်တို့က သူတို့၏ နှလုံးသားရေးရာကိစ္စကို ပြိုင်တူ တင်ပြလာကြပြန်တော့ ရှင်နှောင်းအနေဖြင့် မည်သို့ ဖြေရှင်းပေးရမည်ကို မသိတတ်တော့။

သူတို့နှစ်ယောက် စတင်ပြီး ပြောလာခဲ့ပုံကိုလည်း ကြည့်ဦး . . . ။ တကယ်ကို ရင်တုန်ချင်စရာပါ . . . ။





"ရှင်နှောင်း . . . ငါတို့နှစ်ယောက် နင်နဲ့ပတ်သက်ပြီး ပြဿနာတက်နေလို့"

"ငါနဲ့ပတ်သက်လို့ ဟုတ်လား ဥက္ကာ"

ဥက္ကာကျော်က အင်းဟု ခေါင်းညိတ်ပြသည်။

"ကဲ ပြောစမ်း . . . ဘယ်လိုပြဿနာတက်နေတာလဲ"

ဥက္ကာကျော်စကားတွေက အဆီအငေါ်မတဲ့ပဲ ထစ်လို့နေတော့သည်။ ဒါကို ဖွန်ဦးမောင်က စိတ်မရှည်ချင်သလိုနှင့် . . .

"မင်းကလည်း . . . အရေးထဲ စကားကိုထွက်မလာဘူး၊ ဒီလိုဟာ ငါတို့နှစ်ယောက်စလုံး နင့်ကို ပြိုင်တူချစ်နေကြလို့ပဲ နှောင်း"

"ဟယ်တော့"

တစ်ခါတည်း တည့်တည့်ကို ပြောချလိုက်တော့ ရှင်နှောင်း မျက်နှာတစ်ခုလုံး ရဲတွတ်လို့သွား၏။ ရှက်သွေးတို့က မျက်နှာတစ်ခုလုံး ဖြာထွက်လို့လာ၏။

သူတို့နှစ်ဦးကတော့ ခပ်တည်တည်ပင်။

"နင့်ကိုချစ်တယ်ဆိုတဲ့အကြောင်း ဘယ်သူအရင်ပြောမလဲ ငြင်းနေကြတာ . . . နောက်ဆုံး ဘယ်သူမှ အရင်မပြောဘဲ နင့်ဆီကို ပြိုင်တူအဖြေလာတောင်းတာ"

"ဟုတ်တယ် နှောင်း . . . ဥက္ကာပြောသလိုပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



နင် တို့နှစ်ယောက်ထဲက တစ်ယောက်ကို ရွေးပြီးရင် ကျန်တစ်ယောက်က နောက်ဆုတ်ကြေးလို့ တိုင်ပင်ထားကြတာ၊ ဒါကြောင့် နင် တို့နှစ်ယောက်ထဲက ဘယ်သူ့ကိုချစ်သလဲဆိုဟာ အခု အဖြေပေးပါ နှောင်း''

ဖွန်ဦးမောင်စကားလဲဆုံးရော ...

''အောင်မယ် ... ကြည့်စမ်း နင်တို့က ... ''

ဒေါသတွေထွက်ပြီး အော်ပြစ်လိုက်တော့တယ်။ နောက်ပြီး ဆက်ပြောလိုက်သေးတယ်။

''နင်တို့အမိန့်ကို နာခံရအောင် ငါ့ကို အရုပ်တစ်ရုပ်လို့ ထင်နေလား''

''ဒီလိုတော့ နင်မတွေးနဲ့ဟာ ... တို့က ငယ်ငယ်ကတည်းက အတူနေလာတော့ ငါတို့နှစ်ယောက်အကြောင်းကို နင်သိထားပြီးမဟုတ်လား ... တို့နှစ်ယောက်ချစ်နေတာ နင်ရိပ်မိမှာပါ နှောင်းရယ်''

ရှင်နှောင်း အသံတွေတိတ်ဆိတ်သွားသည်။

ဖွန်ဦးမောင်ပြောတာတွေက အမှန်ပင်။ ဒီကိစ္စတွေက တစ်နေ့ဖြစ်လာမည်ကို တွေးထားမိပါ၏။

ခုတော့ ...

ဖြစ်လာခဲ့လေပြီ။ ရှင်နှောင်း မည်သူ့ကို ရွေးချယ်ရမည်လဲ တွေဝေနေဆဲ။





ဟူး ... ။

အဲဒါမှ ပြဿနာပဲ။ ငါ ဘယ်သူ့ကို ရွေးချယ်ရပါ့မလဲနော်။

ဖွန်ဦးမောင်အသံက ထွက်၍လာခဲ့သည်။

''ကဲ နှောင်း ... ပြောလေ''

''ငါ နင်တို့ကိုပြောဖို့ ဘာမှ မစဉ်းစားရသေးဘူး''

''စဉ်းစားစရာမလိုပါဘူး ... နင့်စိတ်ထဲမှာ ဘယ်သူ့ကို ကြိုက်လည်း ... ကြိုက်တဲ့လူကိုပြောလိုက်ရင် ပြီးနေတာပဲဟာ''

''ဟဲ့ ဖွန်ဦးမောင် ... ငါက မိန်းကလေးဆိုတာ ထည့်တွက်ဦးလေ''

ရှင်နှောင်း စိတ်တိုစွာနှင့် ခပ်ငေါ့ငေါ့ပြောလိုက်သည်။

''အဲဒါ ခေါက်ထားလိုက်ပါဟာ ... နင်အခု အဖြေပေးလို့လည်း တို့နှစ်ယောက်က နင့်ကို အထင်မသေးဘူးမှတ်၊ ပိုတောင် အထင်ကြီးဦးမယ် ... ဟုတ်တယ်နော် ဥက္ကာ''

ဖွန်ဦးမောင်က ဥက္ကာကျော်ကို မေးငေါ့ပြီး လှမ်းမေးလိုက်၏။

''အိုး ရက်စ် ... သိပ်မှန်တာပေါ့ကွာ''

ရှင်နှောင်း သူတို့နှစ်ယောက်ကို အကဲခတ်ကြည့်လိုက်သည်။ သူတို့နှစ်ယောက်လုံးကို ဘယ်လိုမှကို ပြောလို့ရပည်မဟုတ်မှန်း သိလိုက်တယ်။ ဖွတ်အတင်းပင် သူမဆို



www.burmeseclassic.com

www.burmeseclassic.com



အဖြေတောင်းတော့မည်။

သူမ . . . ။

ဘယ်လိုလုပ်ရမှန်းမသိတော့သလို အခက်တွေ့နေရ၏။

"ရှင်နှောင်း ပြောဟာ"

ဖွန်ဦးမောင်က အတင်းပင် ပြောခိုင်းနေသည်။

"နင် တို့ကို အချိန်ဆွဲဖို့ မစဉ်းစားနဲ့"

ဥက္ကာကျော်ကလည်း အတင်း နားပူနားဆာ လုပ်နေတော့ ရှင်နှောင်းက သူတို့နှစ်ဦးကို ကြည့်ကာ စိတ်ညစ်လို့ လာခဲ့သည်။

ဒီကိစ္စကို မဖြေရှင်းနိုင်သရွေ့ အေးအေးဆေးဆေး နေရတော့မည်မဟုတ်တော့။ ဒီတော့ ဆုံးဖြတ်ချက်တစ်ခုကို မြန်မြန်ချတော့မှ ဖြစ်တော့မည်။

"ကဲ ဒီလိုဆို ငါမနက်ဖြန် အဖြေပေးမယ် . . . ငါတို့ ထိုင်နေကျ နေရာလေးမှာ စောင့်နေ"

"နင်တကယ်ပြောတာနော် နှောင်း"

ဥက္ကာကျော်က သေချာအောင် ထပ်မေးသည်။

"နင်က မယုံလို့လား ဥက္ကာ"

ရှင်နှောင်း နှုတ်ခမ်းမဲ့ကာ မျက်စောင်းထိုးရင်း ပြောလိုက်တော့သည်။

"ဟော့ကောင် ဥက္ကာ မင်းယုံလိုက်ကွ . . . ရှင်နှောင်းက





ဘူးဆိုဘူးပဲ . . . ဖရုံသီးချင်မှသီးတာ . . . ဟုတ်တယ် မဟုတ်လား နှောင်း"

"ဖွန်ဦးမောင်နော် . . . နင် ငါ့ကို လာမနှောက်နဲ့ ဟင်း"

"ကဲ ဒါဆို ငါတို့ပြန်မယ် နှောင်း . . . နင်ကတိ တည်ပါစေနော်"

ရှင်နှောင်း ကတိပေးလိုက်၍ သူတို့နှစ်ဦး ပြန်သွားခဲ့ရသည်။ သည်တော့မှ သူမ ဟင်းချကာ ရင်မောပြီး ကျန်ရစ်ခဲ့သည်။

သူတို့နှစ်ယောက်ကို ပြောသာပြောလိုက်ရပေမဲ့ ရှင်နှောင်းတစ်ယောက် ဘယ်သူ့ကို ရွေးချယ်ရမှန်း မသိသေး။ ဘယ်လိုပုံစံနှင့် ရွေးချယ်ရမှန်းမသိ။

ညတစ်ညလုံးလည်း စဉ်းစားကြည့်သည်။ မရ။

ဒီလိုနဲ့ စိတ်ရှုပ်လာသဖြင့် ဘာမှ မစဉ်းစားတော့ဘဲ မျက်စိကို မှိတ်မှိတ်၍ အိပ်ပျော်အောင် အိပ်ပစ်လိုက်တော့သည်။ မိုးလင်းမှာကို ကြောက်ရွံ့နေခဲ့မိတော့၏။

ဤသို့ဖြင့်ပင် . . .

နံနက်မိုးလင်းသို့ ရောက်လာခဲ့တော့၏။ ရှင်နှောင်း [illegible]ထဲတွင် သူတို့နှင့်တွေ့မှပဲ မီးစင်ကြည့်ကတော့မည်ဟု စိတ်ကို [illegible]းချလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ချိန်းထားသည့်နေရာသို့ရောက်တော့ သူတို့နှစ်ယောက်ကို တွေ့လိုက်ရတော့တယ်။ သူတို့ကိုတွေ့မှ ရှင်နှောင်း ဖောချွေးပြန်လာခဲ့ရတော့သည်။ သူမက လက်ကိုင်ပဝါလေးကို ထုတ်ရင်း နဖူးပြင်မှချွေးတို့ကို သုပ်လိုက်ရာမှ အတွေးတစ်ခု ရလိုက်ပါသည်။

ထိုအတွေးဖြင့်ပင် ချစ်သူရွေးပွဲ လုပ်ရပါတော့မည်။ ထိုလုပ်ရပ်သည် အဖြေမှန်သော အချစ်ပုစ္ဆာတစ်ပုဒ်တော့ မဟုတ်ပါ။ လွဲမှားနေသောအဖြေဟုသာ သူမ ယူဆမိသည်။ ထိုလုပ်ရပ်သည် သူမဘဝတစ်ခုလုံးအတွက် အရိပ်တစ္ဆေလို ခြောက်လှန့်ပါတော့မည်မဟုတ်လား။

ခုတော့ ရွေးချယ်ခဲ့ပြီးဖြစ်ပါသည်။ သူမ ထင်တာထက် နှလုံးသားဝေဒနာက တိုင်းတာလို့မရတော့။ အချစ်က ဒဏ်ခတ်လိုက်တာလား . . . ။

❀ ❀ ❀ ❀ ❀



ဒို့အချစ် . . .

သင်သည် ကျွန်ုပ်တို့ မာယာများစွာနှင့် လှည့်စားခြင်းသည်

ကျွန်ုပ်အား စိန်ခေါ်မှုတစ်ခုကို စတင်လိုက်ခြင်းပေပဲလား . . . ။

ဒါမှမဟုတ် ကျွန်ုပ်ကို ဖျက်ဆီးပြုချင်ပေလို့လား . . . ။

www.burmeseclassic.com

www.burmeseclassic.com

ဒီလူ့လောကကြီးထဲတွင် ...

ချစ်သူတစ်ယောက်ကို ဆုံးရှုံးလက်လွှတ်သွားရသည့် ခံစားမှုမျိုးကိုတော့ ကြုံဖူးသည့်သူတွေသာ ကိုယ်ချင်းစာနိုင်လိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။

ခုဆိုရင်တော့ ... ။

အချိန်တိုင်းမှာ အဲဒီ ခံစားမှုကြီးက ကျွန်တော့်ကို သိပ်ဒုက္ခပေးခဲ့တာပေါ့။ ဒါကြောင့်လေ ကျွန်တော်ဟာ အဖေ့ရဲ့ ကုမ္ပဏီအလုပ်ထဲမှာပဲ နှစ်မြှုပ်ပြီး မေ့ပျောက်နိုင်အောင် ကြိုးစားခဲ့ရပါတယ်။ ဒါပေမဲ့လည်း ... ။

အချိန်တန်တော့ သူ့ကိုပဲ သတိရတမ်းတတဲ့စိတ်က







လွှမ်းလာခဲ့ရပြန်သည်။ အဲဒီလောက်ထိ ရှင်နှောင်း၏ ဩဇာလွှမ်းမိုးမှုက ပြင်းထန်လွန်းလှပါ၏။

ဟူး ... ။

ကိုယ် ဘယ်လိုကြိုးစားပြီး မေ့ရမှာလဲ နှောင်းရယ်။

တကယ်တမ်း တွေးကြည့်လိုက်မယ်ဆိုရင် ကျွန်တော်ဟာ နာရီမလပ် သတိရနေပေမယ့် ရှင်နှောင်းကတော့ လောကကြီးကိုမေ့ပြီး ပျော်ရွှင်နေမယ်ဆိုတာ သိနေခဲ့ပါတယ်။

ဒါကလည်း ကျွန်တော့်ရဲ့ ကံကြမ္မာဝဋ်ကြွေးတစ်ခုလို့ပဲ ကိုရချေမည်မဟုတ်လား။

ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ ရှင်နှောင်းကို ကျွန်တော် မေ့ရမည်။ မေ့နိုင်အောင်ကိုလည်း ကြိုးစားရမည်။

ကံကြမ္မာနှလုံးသားက ခွဲပစ်ထားလိုက်မှတော့ ကျွန်တော် မှုပကို ဘာလို့ တမ်းတနေရမှာလည်း။ မေ့ရတော့မည်။ အတင်း ပျော်မေ့လိုက်ရမည်။

ငယ်စဉ် ကလေးဘဝကတည်းက သူ့အပေါ် ကျွန်တော့်ရဲ့သံယောဇဉ် ဘယ်လောက် ကြီးမားခဲ့သလဲဆိုတာ ပြောလိုက်ချင်ပါသေးတယ်။

နှောင်းရယ် ...

ငါ့သံယောဇဉ်ကို နင် ဥပေက္ခာပြုရက်လိုက်တာ ပါးဟာ လို့ ... ။



www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်က နင့်အလိုကျ လုပ်ပေးခဲ့တာတွေ နင်မှတ်မိ
သေးလားဟင် . . . ။ တကယ်သေချာ တွေးကြည့်ရင်လေ
ကျွန်တော်ဟာ.. ရှင်နှောင်းရဲ့ ဘာမဆိုကမယ့် ရုပ်သေးရုပ်လေး
တစ်ရုပ် ဖြစ်ခဲ့တာပေါ့ . . . ။

ခုတော့ . . . ။

ရှင်နှောင်း၏ ရွေးချယ်မှုလေးသည် ကျွန်တော့် အသည်း
နှလုံးကို တစ်စစီ လောင်မြိုက်စေခဲ့သည်မဟုတ်လား . . . ။

ဟိုး အနှစ်နှစ်ဆယ်ကျော်လောက်က ဗိုလ်အောင်ဒင်
ဇာတ်ကားထဲမှာ မမြဝင်းရဲ့ ချစ်သူရွေးချယ်ပုံကိုပဲ ရှင်နှောင်း
လုပ်ဆောင်ခဲ့တာလား . . . ။

ကျွန်တော်ဟာ ဗိုလ်အောင်ဒင်မဟုတ်သလို ဗိုလ်အောင်
ဒင်လိုလည်း မဖြစ်ချင်ခဲ့ပါ။ သူ့လိုလည်း မလွမ်းချင်ပါ။

သို့ပေမဲ့ . . .

ဗိုလ်အောင်ဒင်ဇာတ်ကားထဲကလိုသာ လွမ်းပြီးရင်
လွမ်းနေရတော့၏။

အပြင်မှာလည်းလွမ်းသည်။ အိမ်မှာလည်းလွမ်းသည်
အခု . . . အလုပ်ထဲမှာလည်း လွမ်းနေပါ၏။ ကျွန်တော်
လွမ်းပုံကိုလည်း ကြည့်ပါဦး . . . ။

ကျွန်တော်က ကျွန်တော်ထိုင်နေသည့် စားပွဲတွင်
ငေးငေးငိုင်ငိုင်ဖြင့် ရှင်နှောင်းကိုသာ စဉ်းစားတွေးတောနေ





ကုမ္ပဏီဝန်ထမ်း ကောင်မလေးတစ်ယောက် လာ၍ရပ်နေသည်
ကိုတောင် သတိမထားမိဘဲဖြစ်နေ၏။

ထိုအခါ ဝန်ထမ်းကောင်မလေးက ကျွန်တော့်ကို
ခေါ်လိုက်သည့်အခါ . . .

"ဆရာ"

"ဟင် . . . ဘာလဲ ရှင်နှောင်း"

ကျွန်တော် စိတ်စွဲလမ်းခြင်းဖြစ်ကာ ယောင်နနဖြင့်
ရှင်နှောင်းအမည်ကို ခေါ်လိုက်သည့်အတွက် ကောင်မလေးက
ပြုံးတုံ့တုံ့နှင့် ရယ်နေလိုက်ပါတယ်။

"ကျွန်မ ရှင်နှောင်းမဟုတ်ပါဘူး ဆရာ.. မေသွယ်ပါ"

"ဪ အေး အေး"

အဲဒီလောက်ထိကို ကျွန်တော် ရှင်နှောင်းအပေါ်
စိတ်စွဲလမ်းသွားခဲ့ရသည်။ ကျန်ဝန်ထမ်းအားလုံးကတော့
ကျွန်တော့်ကိုကြည့်ရင်း ပြုံးစစနှင့်ဖြစ်နေတာပေါ့။ ကျွန်တော်
နည်းနည်းတော့ ရှက်သွားရတော့၏။

ကျွန်တော့်ကို တော်တော်နှိပ်စက်တဲ့ ရှင်နှောင်းပါ။

"ဖွန်ဦးမောင် . . . မင်းဘာတွေ ဖြစ်နေတာလဲ"

ကျွန်တော်နဲ့ လုပ်ဖော်ကိုင်ဖက် တစ်ဦးဖြစ်တဲ့
ကော်ကီရိုးက မေးလိုက်တယ်ဆိုရင်ပဲ ကျွန်တော် ခေါင်းကို
ခါရမ်းလိုက်ပြီး ပြုံးပြလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"လာကွာ ... တို့ လှက်ရည်ဆိုင် ခဏသွားရအောင်"

စိတ်ညစ်ညူးမှုတွေ ပြေပျောက်သွားနိုင်တဲ့အတွက်မို့ ကျွန်တော်လည်း လှက်ရည်ဆိုင်သို့ ထ၍ လိုက်လာခဲ့ရပါတယ်။

"ကိုင်း ... မင်းရင်ထဲက ခံစားချက်တွေ အန်ချလိုက်ရင် ပေါ့သွားလိမ့်မယ်"

လှက်ရည်ဆိုင်သို့ ရောက်ရောက်ချင်း ထိုင်ထိုင်ချင်းပါပဲ ... တော်ကီရိုးက ပြောလာခဲ့သည်။

ဒီကောင် လူတွေအကြောင်း တော်တော် နားလည်သားပဲဟု စိတ်ထဲက တွေးမိလိုက်ပါတယ်။

ဟုတ်၏။ သူပြောသလိုပင် ကျွန်တော့်ရင်ထဲတွင် အမြဲတမ်းလိုလို လေးလံထိုင်းမှိုင်းလို့ သောကတွေက ထုနဲ့ထည်နဲ့ပါ။ သူ့ကို ဖွင့်အန်ချလိုက်ရင်တော့ ရင်ထဲ ပေါ့သွားမှာအမှန်။

"ကဲ ပြောတော့ ... ဘာတွေဖြစ်နေလဲဆိုတာ"

ဟူး ... ။

ကျွန်တော် သက်ပြင်းမောကို အပြင်သို့ မှုတ်ထုတ်လိုက်သည်။ ပြီးတော့ တော်ကီရိုးကို ဒီလိုကွာဆိုပြီး ကျွန်တော်တို့ သူငယ်ချင်းသုံးယောက်ရဲ့ဇာတ်ကို ပြောပြလိုက်ပါတော့တယ်။

"ဟ မင်းရှင်နှောင်းက ကြောင်လှချည်လား ... ချစ်ရေးချစ်ရာကို ဒီနည်းနဲ့ ဖြေရှင်းရလား ... တော်တော်





အူတာပဲကွ"

"အေး မင်းပြောသလို တို့သုံးယောက်စလုံး တော်တော်အူတာပဲ ... ဟာကွာ မင်းကလည်း တို့တွေ ခွေးတွေတောင်ဖြစ်သွားပြီ"

ကျွန်တော်ကပြုံးရင်း ပြောလိုက်တော့ သူလည်း ပြုံးရယ်ရယ်လိုက်သည်။

"မင်းတို့သုံးယောက်ရဲ့ဇာတ်ကို သေချာစဉ်းစားကြည့်ရင် ဘဝနှစ်ခုလုံး ကျေမွသွားနိုင်တယ်"

ကျွန်တော် နားမလည်သလို တော်ကီရိုးကို ကြည့်လိုက်သည်။

"လက်ကိုင်ပဝါကြောင့် ဥက္ကာကျော်ကို ရွေးချယ်လိုက်ရပေမယ့် သူ့ကို နှစ်နှစ်ကာကာမှ မချစ်ခဲ့ရင်ရော ... မင်းရှင်နှောင်း တစ်သက်လုံး ကြေကွဲစွာနဲ့ပဲ နေသွားမှာလား .. မင်းကရော ဒီလိုပဲ ခံစားသွားမှာလား"

သူ့စကားကြောင့် ... ကျွန်တော့်ရင်ထဲ နင့်ခနဲ ခံစားလိုက်ရပါတော့တယ်။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ . . .

ဥက္ကာကျော်နဲ့ ချစ်သူတွေ ဖြစ်သွားခဲ့ပြီးနောက်ပိုင်း ကျွန်မရဲ့စိတ်တွေဟာ ပျော်ရွှင်မှုတွေ၊ ရွှင်လန်းတက်ကြွမှုတွေ ပျက်သုဉ်းသွားခဲ့ပါတယ်။

အမြဲတမ်းလိုလိုပါပဲ တွေဝေငေးမောလို့၊ ငေးမှိုင်လို့၊ ယူကြုံးမရခြင်းတွေက ရင်ထဲမှာ အပူမီးတစ်ခုလို တောက်လောင်ကျွမ်းလို့ နေပါတော့တယ်။ ဘယ်သူမပြုတဲ့ လုပ်ရပ်တစ်ခုကို မိမိဘာသာ လုပ်လိုက်ရခြင်းသည် မိမိကိုယ်မိမိ ဒဏ်ခတ်လိုက်ခြင်းနှင့် တူနေတော့သည်။

ရင်ထဲတွင် ဖြစ်တည်နေသော အရာလေးတစ်ခု . . ။





ကျွန်မ၏ မစူးစမ်းမဆင်ခြင်သော လုပ်ရပ်လေးတစ်ခုအတွက်နဲ့ ကြွေမွဆုံးရှုံးသွားပြီလားဟု တွေးလိုက်မိပါတယ်။

ဟုတ်၏။ တကယ့်ကို ကြွေမွဆုံးရှုံးလိုက်တာပါ။ ကျွန်မရင်ထဲက ဖြစ်တည်နေသော အရာလေးတစ်ခုက အချစ်တစ်ခုပင် ဖြစ်ပါသည်။

ထိုအချစ်သည် ကျွန်မကြောင့် ဟိုးအဝေးသို့ ကိုယ်လွတ်ရုန်းကာ အမြန်နှုန်းဖြင့် ထွက်ပြေးလို့သွားခဲ့၏။ ကျွန်မ သတိရလို့ အမြန်လိုက်ဖမ်းတော့ အချစ်ကို မှုန်ပျပျလေးသာ မြင်လိုက်ရတော့သည်။

ထိုအခါ . . . ကျွန်မ တကယ် လက်လွှတ်ဆုံးရှုံးလိုက်ရပြီကို သိလိုက်ရတော့ ဝမ်းနည်းပူဆွေးခြင်းတွေက ရင်နင့်အမျှ ခံစားရတော့သည်သာ။

ယခုမှ မပြတ်သားသေးမှန်း ကျွန်မကိုယ်ကျွန်မ သိလိုက်ရပေမယ့် အချိန်က နှောင်းလို့သွားခဲ့ရပါပြီ။ ကျွန်မ ဘာများတတ်နိုင်ဦးမှာလဲရှင်။

သို့ပေမဲ့ . . .

ကိုယ်ဖန်တီးထားခဲ့သည့် ဇာတ်ကိုတော့ အကောင်းဆုံးဖြစ်အောင် ကပြရမည့်တာဝန်က ကျွန်မရဲ့တာဝန်ပဲ မဟုတ်ပါလား။

ကျွန်မကြောင့်ပေါ့လေ . . . ။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက် နှလုံးသား ကြေမွစွာ ခံစားလိုက်ရတာကို မြင်ပြီးတော့ နောက်တစ်ယောက် နှလုံးသာ ကြေမွပျက်စီးသွားမှာကိုတော့ မလိုလားမိတာတော့ အမှန်ပါ။

ကျွန်မရဲ့နှလုံးသား ဘယ်လိုပဲ ခံစားရ ခံစားရပေါ့။ ကျွန်မတစ်ယောက် ကျိန်မိုတ်ခံစားလိုက်ပါ့မယ်။ ကျွန်မတစ်ယောက် ကျိတ်မှိတ်ငိုကြွေးနေပါ့မယ်။

ကိုယ့်အပြစ်ဒဏ်ကို ဘဝတစ်သက်တာလုံး လည်စင်းပြီး ခံလိုက်ပါတော့မယ်ရှင် . . . ။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်မ သူငယ်ချင်း နွယ်က . . .

"နင် အရူးပဲ"

ဟု ကျွန်မကို အပြစ်တင်ပါတော့သည်။

ကျွန်မတကယ်ပဲ ရူးသွပ်သွားပြီလား မသိတော့ပါ။

"အချစ်ကို ဒီလိုလုပ်ယူလို့ရလား ရှင်နှောင်းရယ်"

သူငယ်ချင်း နွယ်က အပြစ်တင်ဆိုလိုက်တော့ ကျွန်မ ရင်ထဲတွင် ကြေကွဲတမ်းတလို့ သွားပါတော့တယ်။

"ဥက္ကာကျော်ကို နင်တကယ်မချစ်ခဲ့ရင် ဘယ်လိုလုပ်မလဲ"

"ဘာမှ လုပ်လို့မရတော့ဘူး နွယ်"

"ခက်တယ် နှောင်းရယ် . . . နင် ဥက္ကာကျော်နဲ့ ဘဝတစ်ခု ပျောက်ကွယ်သွားတဲ့အထိ နေနိုင်လို့လား"





နွယ့်အမေးကို ကျွန်မ မဖြေနိုင်ပါ။ ဒါပေမယ့် ကြိတ်မှိတ်ဖြေလိုက်သည်။

"နေနိုင်အောင်တော့ ကြိုးစားရမယ်"

ဟင်း . . . ဆိုသည့် နွယ်၏ သက်ပြင်းချသံက ကျွန်မနှလုံးသားကို တုန်ခါသွားစေတော့သည်။

"ဒါဆို နင်တို့နှစ်ယောက် ခံစားလိုက်ကြပေါ့ . . . မြေးတွေ၊ မြစ်တွေ၊ တီတွေ၊ ကျွတ်တွေ ရတဲ့အထိ ဆွေးမြေ့စွာ ခံစားလိုက်ပေါ့ဟာ"

ရွဲ့ကာပြောလိုက်တဲ့ စကားလေးမှန်း သိလိုက်ပေမယ့် နှလုံးသားလေးမှာ ကျင်ခနဲ ဆစ်ခနဲ တစ်ဆစ်ဆစ် နာလွန်းသွားပါတယ်။

နောက်ပြီးတော့လည်း မကျဘူးတဲ့ မျက်ရည်တွေကလည်း ဘယ်လိုဖြစ်ပြီး ကျလာမှန်းလည်း မသိတော့ပါ။

သြော် အချစ်သည် . . .

ရင်တွင်းသာမက ဘဝကိုပါ ပူလောင်စေတတ်သည်ကို သိလိုက်ရတော့၏။

ကျွန်မ ဥက္ကာကျော်နှင့်အတူ . . . ချစ်သူဘဝတွင် သွားသွားလာလာရှိသည့်အခါတိုင်း ပျော်ရွှင်ကြည်နူးသည့် စိတ်တွေက ထွက်ပြေးလို့သွားမြဲပါ။ အဲဒီအခါဆိုရင် ဖွန်ဦးမောင်ကို အစဉ် သတိရနေလိုက်တာလေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ ကျွန်မတို့သုံးယောက် ခွဲခွာ၍ မသွားခဲ့ပေ။ ခုတော့ဖြင့် ဒါဟာ . . . ငယ်ကျွမ်းဆွေတဲ့လား . . . ။

❀ ❀ ❀ ❀ ❀





ဤလောကကြီးထဲတွင် . . .

ပြောရမည်ဆိုလျှင်တော့ ကျွန်တော့်လောက်ကို ပျော်ရွှင်ကြည်နူးမိသူ ရှိလိမ့်မည်ဟု ကျွန်တော် မထင်ထားခဲ့ပါ။

ကျွန်တော့်လို ချစ်သူရှိပြီး၊ အဲဒီချစ်သူ၏ အေးစက်စက်[ကျ]င်လှသော ရေခဲတုံးလို တုံ့ပြန်မှုများကို ခံစားနေရသည့် ကျွန်တော့်လိုလူမျိုး ရှိလိမ့်မည်ဟုလည်း ကျွန်တော် လုံးဝမထင်ထားခဲ့ပါ။

တကယ်တော့မူ . . . ကျွန်တော့်ကို ရှင်နှောင်းသည် ချစ်သူအဖြစ် ရွေးချယ်ခဲ့ခြင်းသည် ကောင်းခြင်းကိုပဲ ဖန်တီးပေးမလား . . . ဆိုးခြင်းကိုပဲ ဖန်တီးပေးမလား ဆိုတာကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တွေးဆလို့မရတာ အမှန်ပင်။

တကယ်တော့ ကျွန်တော်က ချစ်နေရသူသက်သက် ဖြစ်နေရသည်။ ရှင်နှောင်း၏ အရိပ်ကလေးသက်သက် ဖြစ်နေရပါတယ်။ ကြွေရုပ်လေးတစ်ရုပ်ကို အလှကြည့်နေသူတစ်ယောက် ဖြစ်နေသည်ဆိုလျှင် မမှားပါ။

ရှင်နှောင်းကတော့ . . .

အေးစက်မာကျောလှသည့် အသည်းနှလုံးကို ပိုင်ဆိုင်ထားသည်ဟု ပြောလိုက်ချင်ပါရဲ့။

ကျွန်တော်က ဘယ်လောက်ပဲ အလိုလိုက်လိုက် သူမဘက်ကတော့ တည်ငြိမ်အေးစက်မှုကိုသာ ပြန်လည်ပေးအပ်ပြီပင်။ ချစ်သူဆိုတာမှ ဟုတ်ပါရဲ့လားလို့တောင် မေးလိုက်ချင်ပါရဲ့။ ဟိုတုန်းက . . . ဟိုတုန်းကဆိုတာက သူငယ်ချင်းဘဝကိုပေါ့ . . . ။

အဲဒီဘဝတုန်းက စလိုက်ကြ နောက်လိုက်ကြ ပျော်လိုက်ကြနဲ့လေ။

ခု ချစ်သူဘဝရောက်တော့မှ သူစိမ်းဆန်လိုက်တာ။ အနေလည်းစိမ်းတယ်။ အပြောလည်းစိမ်းတယ်။

"နှောင်း"

ချစ်သူဆိုတဲ့ ဘာသာဘာဝနဲ့ နှစ်ယောက်ထဲ လျှောက်လည်ကြတဲ့အချိန် လူသူကင်းမဲ့တဲ့ နေရာမျိုးလေးတွေမှာ





သူမကို စကားပြောကြည့်ပါတယ်။

ကျွန်တော်က သူ့မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်း ခေါ်ကြည့်လိုက်တဲ့အခါတိုင်း ကျွန်တော့်ကို ပြန်မထူးဘဲ ခပ်စိမ်းစိမ်း အကြည့်တွေနဲ့ ပြန်ကြည့်နေတတ်တယ်လေ။

ခုလည်းပဲ ကျွန်တော် ခေါ်ကြည့်မိပြန်တယ်။ သည်လိုပဲ စိမ်းတဲ့အကြည့်လေးနဲ့ ပြန်ကြည့်တာပေါ့။

"နင် မပျော်ဘူးလား"

ကျွန်တော်က အရဲစွန့်လို့ မေးကြည့်တယ်။ သည်တော့ သူမက . . .

"ဟင့်အင်း . . . မပျော်ဘူး"

"ဘာဖြစ်လို့လဲ နှောင်းရယ်"

ကျွန်တော်က စိုးရိမ်စိတ်လေးနဲ့ မေးလိုက်တဲ့အခါ

"ဖွန်မှမပါတာ . . . ဘယ်လို့ကို ပျော်မှာလဲ"

ကြည့် . . . သူမရဲ့အဖြေက ဘယ်လောက်ဒေါသဖြစ်ဖို့ ကောင်းသလဲဆိုတာ။

"နင်နဲ့ငါက ချစ်သူတွေလေ နှောင်းရဲ့ . . . ဖွန့်ဦးတောင်က သူငယ်ချင်းပဲ"

"အို . . . အရင်တုန်းက သုံးယောက်လုံး အတူတူ သွားကြတာ . . . ခုမှ နင်နဲ့သွားတာ ငါမပျော်ဘူး . . . နင်နဲ့ နှစ်ယောက်ထဲသွားတိုင်း ငါ ဖွန့်ကို သတိရရနေတတ်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဉက္ကာ''

ကိုင်း သေရော . . . ။

တွေ့တယ်မို့လား . . . ။ စကားပြောတာတောင် ချစ်သူတွေပြောမယ့် စကားမဟုတ်ဘဲ ဇွန်ဦးမောင် မပါမပြီးတဲ့ အကြောင်းသာ ပြောနေ၍ ကျွန်တော့်မှာ စိတ်မကြည်လင်မှုတွေ ဖြစ်ခဲ့ရပေါင်းလည်း များခဲ့ရပါပြီ။

သည်တော့လည်း ကျွန်တော် သူမကို ဒဲ့ပဲ မေးလိုက်သည်။

''နင် ငါ့ကိုရွေးချယ်ခဲ့မိလို့ မှားသွားပြီဆိုပြီး နောင်တ ရနေလား''

သူမ မပြော . . . ။

ကျွတ် ဟု စုပ်သပ်ပြီး ဟိုဘက်သို့ လှည့်ကာ သွားတော့၏။

''ဒါဆို နင် ဇွန်ဦးမောင်ကို ချစ်နေလား''

ဖျတ်ခနဲ ကျွန်တော့်ကို လှည့်ကြည့်လာတယ်။ စူးရှရှ အကြည့်စိမ်းတို့က ကျွန်တော့်ဆီကို ခပ်ကြာကြာ ကြည့်လာခဲ့သည်။

''အဲဒီမေးခွန်းကို ဘာလို့မေးတာလဲ ဉက္ကာ''

''ငါမသိဘူး နှောင်း''

ကျွန်တော်လည်း ဘယ်လိုသဘောနဲ့မေးမှန်းကို





မသိတာပါ။

''ငါ မျက်နှာများတဲ့မိန်းမ မဖြစ်ချင်ဘူး''

ကျွန်တော် တကယ် ရူးချင်စိတ်တို့ ပေါ်သွားခဲ့တယ်။ ချစ်တယ်၊ မချစ်ဘူးဆိုတဲ့ စကားနှစ်ခွန်းထဲက တစ်ခွန်းထဲကိုပဲ ကျွန်တော်ကြားချင်တာ။

ဟင်း ခုတော့လေ . . . ။

သူမနဲ့ပတ်သက်ပြီး ကျွန်တော့်မှာ ဘယ်လောက်ထိ စားနေရလဲဆိုတာ သူ မသိဘူးလား။ ချစ်သူတစ်ယောက်ကို ဘားမှာထိုင်နိုင်းပြီး တစ်ခြားယောကျ်ားတစ်ယောက်ကို ကောင်းချီး ပေးလာပေးနေတာ မလွန်လွန်းဘူးလား။

သူများကောင်းကြောင်းတွေကိုပဲ ပြောနေတော့ ကိုယ်မကောင်းဘူးလို့ပဲ ယူဆရတော့မှာလား မိရှင်နှောင်းရယ်။

ဒါပေမယ့် . . . ကျွန်တော့်ရဲ့ဝေဒနာကို မျိုသိပ်ပြီး ကျွန်တော် သူမအကြိုက်ဆောင်ခဲ့ရတာ ကြာခဲ့ပါပြီ။

ခုလည်းလေ ဘယ်အချိန်ထိ ကျွန်တော့်အပေါ် ပြုလည်လာမလဲဆိုတာ စောင့်ကြည့်ရမှာပေါ့။

သို့သော် . . .

သူမကို စွန့်လွှတ်ဖို့ ကျွန်တော့်မှာ အစီအစဉ်မရှိ။

✿ ✿ ✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



မရောက်တာကြာပြီဖြစ်တဲ့ သည့်လမ်းထဲသို့ ရောက်ခဲ့ရသည်။ ရှင်နှောင်း၏ ချစ်သူရွေးချယ်ပွဲ ပြီးကတည်းက သူ အိမ်မှာမနေတော့။ သူ့အဖေတည်ထောင်ထားသည့် ကုမ္ပဏီတွင်သာ သူ နေတော့သည်။

ခု ...

သူ့အမေက သူ့ကို တွေ့ချင်သဖြင့် ဖုန်းဆက်ခေါ်လိုက်ခြင်းကြောင့်သာ သူလာခဲ့ရ၏။ တကယ်တမ်းကျ သူ မလာချင်တော့တာ အမှန်။ ဝေဒနာတွေကို ထပ်ပြီး မခံစားချင်တာလည်း ပါသည်မဟုတ်လား'

သူ ... ဖွန်ဦးမောင်ရယ် ...





လမ်းအတိုင်း လျှောက်လှမ်းလာခဲ့သည်။ ပထမဦးစွာ ဦးက္ကာကျော်၏အိမ်ရှေ့သို့ ရောက်လာခဲ့၏။ သူကြည့်လိုက်တော့ ဂိတ်ဆိတ်ငြိမ်သက်လို့နေသည်ကို တွေ့လိုက်ရသည်။

"ဒီကောင် မရှိဘူးထင်တယ်"

သူ ဦးက္ကာကျော်၏အိမ်ကို လှည့်ကြည့်လှည့်ကြည့်နှင့် ကြည်းရင်းနဲ့ ဖလျှောက်လာခဲ့တယ်။ လမ်းရဲ့ဟိုမှာဘက်ခြမ်း၊ ဦးက္ကာကျော် အိမ်နဲ့ဆို မားလွယ်ခုတ် မျက်စောင်းထိုးမှာ ရှင်နှောင်းတို့အိမ်။

သူပေါ့ မျက်လုံးကို ဝေ့ကြည့်လိုက်တယ်။ ရှင်နှောင်းတို့ ဂိပ်မှာရော ခြံဝန်းထဲမှာရော ဘာအရိပ်အယောင်မှ မတွေ့ရ။

"နှောင်းမရှိဘူးနဲ့တူတယ်"

သူ ကားလမ်းကို ဖြတ်ကူးလိုက်တယ်။ ရှင်နှောင်းတို့ ဒိဂ်ရှေ့တည့်တည့်ကို ရောက်လာခဲ့ပါတယ်။ ခြံစည်းရိုး တံခါးကြားကနေ ခြံထဲကို ချောင်းကြည့်လိုက်သည်။ တစ်ယောက်မှကို မတွေ့ရတော့ ...

"မရှိဘူး ထင်ပါတယ်"

တံခါးကနေ မျက်နှာကို ပြန်ခွာလိုက်သည်။ ပြီး သူ့အိမ်ဘက်သို့ လှမ်းသွားဖို့ ဟန်ပြင်လိုက်စဉ် ...

"ဖွန်"

သူ့ရင်တွေ ဖိုကနဲ ဖြစ်သွားသည်။ သူ့မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ ခပ်မြန်မြန် လှည့်ကြည့်လိုက်ပါတယ်။

''နှောင်း''

မမြင်ရတာ အတော့်ကို ကြာပြီဖြစ်တဲ့ မျက်နှာလေး။ တသသနှင့် မေ့ပျောက်အောင် မရနိုင်သည့် လွမ်းမောသတိရ နေရသည့် မျက်နှာလေး . . . ။

ခတော့ ဖျတ်ကနဲ အနီးသို့ ရောက်လာသဖြင့် တွေ့လိုက်ရသည်။

အလို . . . သူ့မျက်နှာလေး ချောင်ကျလို့ သွားပါပကောလား။ ဘာဖြစ်လို့လဲ . . . ။ ဘာကြောင့်လဲ . . . ။ စိတ်မကောင်းဖြစ်ရသည့် ဝေဒနာ ရင်ထဲမှာ ဖြတ်ဆို ပေါ်လာခဲ့သည်။

သနားကြင်နာတဲ့ အကြည့် . . . ။

မေတ္တာတရားတွေ ရှောပြွန်းနေသည့် အကြည့် . . . ။

လုပ်ရပ်တစ်ခု၏ နောင်တတရားတွေရဲ့ ဝမ်းနည်းရသည့် အကြည့် . . . ။

သည်အကြည့်တွေရဲ့ နောက်ကွယ်မှာတော့ . . . မျက်ရည်စတွေ . . . မျက်လုံးအိမ်မှ လွင့်ပါးစ ပြုလာခဲ့သည်။ ယူကြုံးမရခြင်းများစွာတွေ . . . ဆုံးရှုံးမှုများစွာတွေ . . . ဝမ်းနည်းမှုခတွေများစွာက မျက်လုံးအိမ်မှ ဖော်ပြနေလေရဲ့။

သူရော . . . ။





သူလည်း ဒီအတိုင်းပဲပေါ့ . . . ။

သူတို့နှစ်ယောက် စကားတွေအများကြီး ပြောဖြစ်ခဲ့ကြသည်။

''နေကောင်းတယ်နော်''

မမြင်မတွေ့တာကြာလို့ တွေ့လိုက်တော့ ပြောလိုက်ရသည့် စကားက ဘာပြောမိမှန်းကို ကိုယ့်ကိုယ်ကို မသိလိုက်။

ဒါပေမယ့် ရှင်နှောင်းရဲ့ အင်းဟု နှုတ်ကအသံထွက်ပြီး ခေါင်းညိတ်လိုက်တာကို တွေ့ရ၏။

ခုကျမှ စကားတွေ ဘာလို့ မပြောကြတော့တာလဲ။ ဟိုတုန်းကတော့ ပြောလိုက်ကြတာ တစ်ယောက်ကိုတစ်ယောက် လုပြောကြရတာ မောလို့ပေါ့။

''အိမ်ကို ဘာလို့မလာတာလဲဟင် ဖွန်''

သြော် နှောင်းရယ် . . . ။

မေးရက်လိုက်တာ . . . ။ ဝေဒနာတွေမြောက်များစွာကို ရင်ပှာပိုက်ပြီး နှောင်းအိမ်ကို လာရမှာလား . . . ။

သူ့ ဝမ်းနည်းစွာနဲ့ ဒီမေးခွန်းကို လုံးဝမဖြေတော့ ငြိမ်နေလိုက်တယ်။

''နင် ငါ့ကို စကားမပြောချင်လောက်အောင် မုန်းနေတယ်မဟုတ်လား ဖွန်''

လာပြန်ပြီ . . . ။



www.burmeseclassic.com

www.burmeseclassic.com



အတွေးခေါင်တဲ့ မေးခွန်းတစ်ခု . . . ။

ဒါပေမယ့် သူ ဘာမှပြန်မဖြေမိ။ စိတ်ထဲမှာ ဝမ်းနည်းခြင်းတွေက နေရာအပြည့် ယူထားလို့ လည်ချောင်းဝမှာတောင် တစ်ဆို့လို့နေသည်။

''ဖွန်''

ကြေကွဲဆို့နစ်သံလေးက တိုးတိတ်ညင်သာစွာ ပေါ်ထွက်လာပြန်သည်။ သူကတော့ မတုန်မလှုပ်နဲ့ ကျောက်ရုပ်လေး တစ်ရုပ်လို ငြိမ်သက်နေပြန်တယ်။

''နင်ငါ့ကို ပြောခဲ့တဲ့ စကားလေးကို ငါလည်း ပြန်ပြောချင်ပါတယ် . . . နင့်ရင်ထဲမှာ ငါရှိသလို ငါ့ရင်ထဲမှာ နင်ရှိတယ် ဖွန်''

မျက်ရည်တစ်စက်က စီးကျလို့သွားတယ်။ ဒါကို သူ မြင်လိုက်သည်။

''နင်တကယ်ပြောတာလား နှောင်း''

''နင်မယုံဘူးလား ဖွန်''

ဖွန်ဦးမောင် ကျေနပ်သွားသည်။ လှိုက်လှိုက်လှဲလှဲကို ကျေနပ်သွားရသည်။

''နင်ဟာ ငါ့အတွက် ပထမဦးဆုံး ရည်းစားဦးပါ ဖွန်''

''တရားမဝင်တဲ့ ရည်းစားဦးပါ နှောင်း . . . ဒါပေမယ့် ကိုယ်ကျေနပ်ပါတယ် . . . ကိုယ်တို့ရည်းစားဦးတွေက





သူများတွေနဲ့ မတူဘူး . . . တစ်မျိုးလေးတော့ ထူးသလားပဲ နှောင်း''

''ဩော် ဖွန်ရယ်''

စိတ်မကောင်းသံက တိုးထွက်လို့လာသည်။ ဒါနဲ့ သူ စကားလမ်းကြောင်း ပြောင်းလဲလိုက်ရ၏။

''ဩော် နှောင်း . . . ဥက္ကာကျော်နဲ့ကော အဆင်ပြေလား''

ရှင်နှောင်းက ဖြည်းလေးစွာ ခေါင်းညိတ်ပြလိုက်တယ်။

''ဖွန်''

''ဟင်''

''ငါ နင့်ကို တောင်းပန်ပါတယ် ဟယ်''

''ဘာကိုလည်း နှောင်း''

''ငါ့ရဲ့ တဒင်္ဂလုပ်ရပ်ကြောင့် နင်ရော ငါရော ၄လုံးသားတွေ ကြေမွပျက်စီးကုန်ကြတယ် မဟုတ်လား''

ဖွန်ဦးမောင် တိတ်တိတ်နေလိုက်သည်။

''အဲဒီအတွက် ငါနေ့စဉ် ငိုနေရတယ် ဖွန်''

''နှောင်းရယ်''

''ခုလည်း ငိုနေရတယ် . . . နောင်လည်း ငိုနေရဦးမှာပါ . . . ဒါပေမယ့် ငါဘာမှ မတတ်နိုင်တော့ဘူး''

ရှင်နှောင်း ပြောပြောဆိုဆိုပင် မျက်ရည်တွေ ကျလာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

"ငါသွားတော့မယ်"

စိတ်ကို မထိန်းသိမ်းနိုင်သည့်အလား ရှင်နှောင်းက ခြံတံခါးကို တွန်းဖွင့်ကာ ဝင်သွားပါတော့တယ်။

သူကလည်း မတားတော့။ လိုက်မောရင်မောစွာဖြင့် ငေးကြည့်ရုံမှတပါး အခြားမရှိတော့ပါ။

သူတို့နှစ်ယောက်ရဲ့ ဖြစ်စဉ်ကိုတော့ . . .

ဟိုဘက်ခြမ်းတွင်ရှိသော အိမ်အပေါ်ထပ် အခန်းတစ်ခုရှိ တရုတ်ကပ်မှန်ကြားမှ ဉက္ကာကျော်က တွေဝေငေးစိုက်ကာ ကြည့်နေပါတော့သည်။

❀ ❀ ❀ ❀ ❀





လေလွင့်ပျော့ပါးနေသည့် ကျွန်တော့်ရဲ့စိတ်တွေကို လုပ်ငန်းထဲသို့ အတင်းအဓမ္မ ထည့်ကာ ထားလိုက်ရသည်။

ဘယ်နှယ့် အချိန်တိုင်း နေတိုင်းလိုလို ရှင်နှောင်းဆီသို့သာ ရောက်ရောက်သွားနေသည့် ကျွန်တော့်ရဲ့စိတ်ကို ကျွန်တော်ကိုယ်တိုင်ပင် မကြိုက်ချင်တော့။

အမြဲတမ်း ကိုယ့်ကုလားထိုင်မှာထိုင်ပြီး ငေးငိုင်လို့ နေရသည်မှာလည်း ဘေးပတ်ဝန်းကျင်က လူတွေကို အားနာလှလာသည်။

ဒါကြောင့် သတိကို အမြဲဆောင်ပြီး လုပ်ငန်းကို စိတ်ပါဝင်စားလာအောင်လို့ မနည်းပင် ကြိုးစားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



လွယ်တာတော့ တကယ်မလွယ်။ ရှင်နှောင်းကို လုံးဝ မေ့ပျောက်အောင်လုပ်ဖို့ကတော့ တကယ်မလွယ်။ ဟာ မဟုတ်ဘူး။ လုံးဝကို မလုပ်နိုင်တာပါ။

ခေတ္တခဏလေးတောင် မေ့လို့မရတာ . . . လုံးဝ မေ့ပျောက်အောင် လုပ်ဖို့ဆိုတာ ဘယ်ဖြစ်နိုင်တော့မှာလဲ။

ခုလည်း အလုပ်ထဲမှာ စစ်ဆေးစရာရှိတဲ့ စာရင်းအင်းတွေ၊ လုပ်ငန်းတွေ၊ အများကြီး။ ဖိုင်တွဲထဲက စာရင်းစာရွက်တွေကို လှန်ကြည့်လိုက်တာနဲ့ ကျွန်တော့်မျက်ဝန်းထဲမှာ မြင်လိုက်ရပါပြီ . . . ရှင်နှောင်းရဲ့မျက်နှာ . . . ။

ကိုင်း . . . ကျွန်တော် ဘယ်လိုလုပ် အလုပ်လုပ်နိုင်ပါ့ဦးမလဲ။

ဟူး . . . ။

ကျွန်တော့်ရင်ထဲက ပူပြင်းတဲ့ အငွေ့အသက်တွေကို မှုတ်ထုတ်လိုက်ပါတယ်။ စားပွဲပေါ်မှာ စာအုပ်တွေ၊ ဖိုင်တွဲတွေ ကျွန်တော် ဒီအတိုင်းပဲထားပြီး ကြည့်နေလိုက်တယ်။

နှောင်းရေ . . .

ကိုယ် အလုပ် မလုပ်တော့ဘူး . . . ။ မင်းကိုပဲ သတိရ တမ်းတနေတော့မယ် . . . ။

အတွေးအာရုံနဲ့ အသိ တရား အားလုံးက သူမဆီသို့ ရောက်နေပြီ။





"တီတီတီ . . . တီတီတီ"

စားပွဲပေါ်မှ ဖုန်းက မြည်လာခဲ့သည်။ ကျွန်တော်က ဖုန်းကို တစ်ချက် စွေကနဲကြည့်လိုက်သည်။ မကျေနပ်သည့် အသွင်နှင့်ပေါ့။ ဘာလဲမသိ။

ရှင်နှောင်းဆီ တွေးကောင်းနေဆဲ . . . မြင်ယောင်နေဆဲ။ ကျွန်တော် ဖုန်းကို စိတ်မပါ့တပါနဲ့ ကောက်ကိုင်လိုက်သည်။

"ဟဲလို"

"ဖွန်ဦးမောင်လား"

တစ်ဘက်က ကျွန်တော့်နာမည်ကို ပြောလာသဖြင့် ကျွန်တော် ကြားဖူးသလိုလို ရှိသည်နှင့် ဘယ်သူလည်းဆိုတာ ပြဦးစားတွေးကြည့်လိုက်သည်။

"ဟော့ကောင် ငါပါ . . . ဥက္ကာပါကွ"

"ဩော် ဥက္ကာ . . . မင်းကိုး"

ဥက္ကာကျော်မှန်း သိလိုက်တော့ ကျွန်တော့်စိတ်တွေ ပေါ့လေးလံလို့သွားတော့သည်။

"ငါ မင်းနဲ့တွေ့ချင်တယ် ဖွန်ဦးမောင်"

"ကိစ္စရှိလို့လား"

"အေး . . . အရေးလည်းကြီးတယ်"

"ဒါဆို ငါ့ဆီကိုလာခဲ့လေ . . . မင်းကလဲ"

"ဟင့်အင်း . . . ငါ မင်းတို့ရုံးမှာ စကားမပြောချင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဖွန်ဦးမောင်''

ဒါဆိုရင် ဒီကောင့်မှာ အရေးကြီးတဲ့ ကိစ္စတစ်ခုရှိမှန်း ကျွန်တော် သိလိုက်သည်။

''အဲဒါဆိုရင် မင်းဘယ်လိုလုပ်ချင်လဲ ဥက္ကာ''

''ဒီလိုလုပ်ကွာ . . . မင်း ကန်တော်ကြီးဥယျာဉ်ကို လာခဲ့လေကွာ''

''အခုလား''

''အေး''

''ကောင်းပြီ . . . ငါအခုပဲ လာခဲ့မယ် . . . မင်း ဆက်ဆက်စောင့်နေ''

ကျွန်တော်ပြောအပြီး ဥက္ကာကျော်ဘက်က အရင် ဖုန်းချလို့သွားတော့သည်။

ထူးတော့ အတော့်ကို ထူးလို့နေသည်။

ဒီကောင် ချိန်းလိုက်ခြင်းကြောင့် ကျွန်တော့်စိတ်ထဲ အတော့်ကို ထူးခြားလို့နေ၏။ ဘယ်ကိစ္စကြောင့် ချိန်းမှန်း မသိပေမယ့် ရှင်နှောင်းနဲ့များ ပတ်သက်နေမလားဆိုတာကိုတော့ ကျွန်တော် တွေးတောလိုက်မိသည်။

ဘာပဲဖြစ်ဖြစ်ပေါ့ . . . ။

သိရအောင်တော့ ကျွန်တော် သွားတွေ့ရမည် မဟုတ်လား။





ကျွန်တော်က စားပွဲပေါ်တွင်ရှိနေသည့် ကားသော့ကို ယူလိုက်ပြီး တောက်ရှိုးရှိရာ စားပွဲဘက်သို့ ကြည့်လိုက်သည်။

ဒီကောင်ကို မတွေ့ရ။ အခန်းတွင်းရှိ ဟိုဟိုသည်သည် စားပွဲခုံတွေကို လိုက်ကြည့်လိုက်၏။

အင်း တွေ့ပါပြီ . . . ။

မေသွယ်ဆိုသည့် ကောင်မလေးရဲ့ စားပွဲခုံမှာ နာမည်နဲ့ လိုက်အောင် ဘာတွေ တော်ကီပွားနေသည်မသိ။ အဆင် ပြေသလား မပြောလားတော့မသိ။ ကောင်မလေးမျက်နှာကတော့ မြူးစူစူ ပုပ်သိုးသိုး မှုန်တေတေနဲ့။

ဒီကောင်က အဲဒီကောင်မလေးကို ဝိုက်နေခြင်းဖြစ်သည်။ ဒုထိကို မအောင်မြင်သေး။

ကျွန်တော်က သူ့ကို လှမ်းခေါ်လိုက်ရင်းနဲ့ သူ့ဆီ လျှောက်သွားလိုက်သည်။

''ဟေ့ကောင် တော်ကီ . . . ခဏ''

သူက မတ်တပ်ထရပ်လိုက်ရင်းနဲ့ ကျွန်တော့်ဘက်ကို လှည့်ကြည့်လာတယ်။ မေသွယ်ဆိုတဲ့ ကောင်မလေးက ပြုံးပြုံး ပျော်ပျော်နဲ့ ကျွန်တော့်ကိုကြည့်ရင်း . . .

''ဆရာ . . . ကျွန်မကို သူ ဘာစကားတွေ လာပြော မှန်းကို မသိဘူး''

''အမ်''



www.burmeseclassic.com

www.burmeseclassic.com



တော်ကီရိုး အံ့အားသင့်သွားသည်။ မျက်နှာလည်း ချက်ချင်း ပျက်လို့သွားသည်။ မေသွယ်ဆိုသည့် ကောင်မလေးဘက်သို့လည်း ချက်ချင်း လှည့်ကြည့်လိုက်သည်။ ပြီးတော့

"ဟဲ့ မေသွယ် . . . ငါ ငါ ဘာပြောလို့လဲ . . . ဟာ စာရင်းတွေလာမေးတာလေ"

"ဟုတ်တယ်လေ . . စာရင်းတွေကလည်း မလှလိုက်တာ နင့်အတိုင်းပဲ . . . နောက်ပြီးတော့ သုံးထားတဲ့ စာရွက်ကလည်း ညို့ညစ်ညစ်ကြီး . . . နင့်အသားရောင်အတိုင်းပဲ"

ကျွန်တော် ရယ်ချင်လိလိဖြစ်သွားခဲ့သည်။

"အဲလိုပြောဘာ ဘာဖြစ်လို့လဲ . . . ငါ မှန်တာ ပြောတာလေ"

"မှန်တာပြောတာဆိုပေမယ့် လူကိုဘာလို့ ထိပါးပြီး ပြောတာလဲ"

"ဟိုလေ ဟို . . . ဥ ဥပမာနဲ့ နှိုင်းပြောတာပါ"

"ကဲ ကဲ . . . တော်တော့ . . . တော်တော့"

ကျွန်တော်က ကြားကနေ ဝင်ပြောလိုက်ပေမယ့် မေသွယ်ရဲ့မျက်စောင်းက တော်ကီရိုးထံသို့ တိုက်ရိုက်ကြီးကို ကျရောက်လို့သွားတော့တယ်။

"မင်းက တကယ်အတည့်ပေါက်နဲ့ အစသန်တယ်"

"ဟဲ ဟဲ ဟဲ အဲဒါ ငါ့ရဲ့ဝါသနာ"





"အာ ဝါသနာလည်း ဟွန်း"

မေသွယ်ရဲ့ ဒုတိယမြောက်မျက်စောင်းက ထပ်၍ ရောက်လာ၏။

"ဟာ တော်ကြပါတော့ . . . မေသွယ် ညည်းအလုပ် ညည်းဆက်လုပ် . . . ကဲ တော်ကီ လာ . . . မင်း ငါ့စားပွဲ လိုက်ခဲ့"

ကျွန်တော် လူခွဲပစ်လိုက်ရသည်။

"မင်းကလည်း လျှောက်စနေတာပဲ . . . တည်တည် ကြည်ကြည်ကို မနေဘူး"

"အဟဲ ငါ သူ့ကိုမြင်ရင် စချင်နေတာတွေ ဘယ်လို ဖြစ်မှန်းကို မသိဘူး"

"ကဲပါ . . . ဒါတွေထားတော့ . . . ငါ ကိစ္စတစ်ခုရှိလို့ ပြောပြင်သွားမလို့ကွ . . . အဲဒါ မင်း ဒီမှာ ခဏကြည့်ထိန်းထား"

"ဟာ ဟော့ကောင် . . . မင်း Father ကြီး လာတော့ ပါလေ"

"လာရင်လည်း မင်းကြည့်ပြီး ပြောထားလိုက်ကွာ"

"ဟာ မင်းကတော့ ကျိုင်ပဲကွာ"

ကျွန်တော်ထွက်လာတော့ တော်ကီရိုး ခေါင်းကုပ်ရင်း ကျန်ခဲ့မှာကို မြင်ယောင်မိပါတော့တယ်။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲကနာရီကို ကြည့်လိုက်တော့ ဆယ့်ငါးမိနစ်တိတိ ရှိသွားပါပြီ။

"ဒီကောင် လာတော့ လာပါ့မလား"

ကျွန်တော့်စိတ်တွေ မရိုးမရွ ဖြစ်လာခဲ့ရသည်။ ကားဝင်ပေါက်ဆီသို့လည်း မကြာခဏ ကြည့်ကြည့်နေမိတယ်။

ဒီအချိန်မှာ လှမ်းမြင်နေရတဲ့ ကရဝိတ်ဖောင်တော်ကြီးရဲ့ အလှအပတွေ၊ ရေလယ်မှာ ပန်းထွက်နေတဲ့ ရေပန်းအလှတွေရယ်၊ စိမ်းရောင်စုံ လှပနေတဲ့ ကျွန်းအလှတွေကိုလည်း ခံစားလို့မရနိုင်တဲ့ စိတ်အခြေအနေက ဖြစ်ပေါ်လာတော့ စိတ်ထဲမှာ တအုံ့နွေးနွေးတွေ ဖြစ်ပေါ်လာခဲ့တယ်။





ဒါကလည်း မနေ့က မြင်တွေ့လိုက်ရတဲ့ အဖြစ်တစ်ခုကြောင့်ရယ်ပါ။

ကျွန်တော်တို့လမ်းထဲကို ဖွန်ဦးမောင် ပြန်ရောက်လာတာကို တွေ့လိုက်ရတယ်လေ။ ဒီကောင် သူ့အိမ်မှာ မနေဘဲ သူ့အဖေရဲ့ အလုပ်ရုံးခန်းမှာ သွားနေတာ တစ်လကျော်ကျော်လောက် ရှိသွားခဲ့ပါပြီ။

အဲ မနေ့ကမှ ပြန်လာတာကို တွေ့လိုက်ရတယ်။ ဒီကောင့်ကို တွေ့လိုက်ရတဲ့အချိန်မှာပဲ ကျွန်တော့်စိတ်တွေ ယရမ်းကို လှုပ်ရှားသွားခဲ့ရတော့တယ်။

ဘာဖြစ်လို့လဲဆိုတော့ ဒီကောင် ရှင်နှောင်းတို့ ခြံရှေ့တည့်တည့်မှာ ရှင်နှောင်းနဲ့ စကားတွေပြောနေတာကို တွေ့လိုက်ရတော့တယ်။

သူတို့ ဘာတွေပြောနေကြတာလဲ . . . ။

ကျွန်တော်လည်း နေ့ခင်းဘက်မှာ ခေတ္တမှေးရင်းနဲ့ အိပ်ပျော်သွားခဲ့တာ နိုးလာတော့ ပြတင်းပေါက်က တရုတ်ကပ်ပါးတွေကြားထဲကနေ ရှင်နှောင်းတို့ အိမ်ခြံဘက်ကို ကြည့်လိုက်မိပါသည်။

ဒီမှာတင်ပဲပေါ့ ဒီကောင်ကို တွေ့လိုက်ရတာ။ မတွေ့တာ ကြာနေတဲ့ သူငယ်ချင်းတစ်ယောက်ကို တွေ့လိုက်ရတဲ့အခါ ပေါ်လာသွားကြမယ့် သူတွေထဲမှာ ရှားရှားပါးပါး ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း မပါဝင်ခဲ့ပါဘူး။

အဲဒီအချိန်မှာ ကျွန်တော့်စိတ်တွေ ညစ်နွမ်းသွားခဲ့ပါတယ်။ မနာလိုဝန်တိုမှုတွေကလည်း ကျွန်တော့်ရင်ထဲကို အလိုလို ရောက်လာခဲ့သည်။

ကျွန်တော် အိမ်ပေါ်ကနေ စောင့်ကြည့်နေတာ အကြာကြီးပါပဲ။

သူတို့ပြောတဲ့ အကြောင်းတွေကို သိချင်လိုက်တာ။

ကြည့်စမ်း . . . ရုပ်ရှင်ရိုက်နေသလား အောက်မေ့ရသည်။ မင်းသားမင်းသမီး ခွဲတဲ့ ဇာတ်လမ်းတစ်ခုလို အလွမ်းဇာတ်တစ်ပုဒ်လို ဖြစ်နေ၏။

ကြေကွဲမှုတွေ၊ ဝမ်းနည်းမှုတွေက သူတို့ရင်ထဲမှာ ပြည့်နှက်နေသလားမသိ။

နောက်တော့ ရှင်နှောင်းက ခြံတံခါးဖွင့်ကာ ပြေးဝင်သွားလိုက်သည်ကို တွေ့လိုက်ရတော့သည်။

ဒီကောင် ရှင်နှောင်းကို ဘာတွေပြောလိုက်လို့လဲ။

ကျွန်တော့်ရင်တွေ ပူလောင်လို့သွားသည်။

မဖြစ်ဘူး . . : ။

ဒီကောင် ဖွန်ဦးမောင်နဲ့ကို တွေ့ရမည်။ တွေ့မှ ရှင်နှောင်းကို ဘာကြောင့် ငိုအောင်လုပ်ရတာလဲဆိုတာ မေးရမည်။





ဒါကြောင့် ကျွန်တော် ဖွန်ဦးမောင်ကို ဖုန်းဆက်ခေါ်လိုက်ခြင်းဖြစ်ပေသည်။ ခုချိန်ထိကို ဒီကောင် ရောက်မလာသေးပါ။

"ကျွတ် . . . ကြာလိုက်တဲ့ကောင်ကွာ"

ကျွန်တော့်စိတ်က မရှည်ချင်တော့။ ပြန်ရင် ကောင်းမလားဟု စဉ်းစားမိလိုက်သေးသည်။

မထူးတော့ပါဘူး။ နောက်ထပ် အချိန်နည်းနည်းတော့ စောင့်ကြည့်လိုက်ဦးမှပဲဟု တွေးလိုက်ပြီး ကန်စပ်နားရှိ သစ်ပင်ကြီး၏ သစ်မြစ်ပေါ်တွင် သွားရပ်နေလိုက်၏။

ကျွန်တော်ရဲ့ ရှေ့တူရူရှိ ကန်ရဲ့ ဟိုဘက်တွင်ရှိသော ကျွန်းလေး၏ ကမ်းစပ်သစ်ပင်အောက်နား တစ်ဝိုက်တွေမှာ ကြွဲတွေ အသီးသီးထိုင်လို့ စကားပြောကာ ကြည်နူးနေကြတာကို တွေ့လိုက်ရတော့ စိတ်ထဲ အလိုလို ချမ်းမြေ့လို့သွားသည်။

ကျွန်တော် ဖြတ်ခနဲဆို ရှင်နှောင်းကို သတိရလိုက်၏။ ရှင်နှောင်းနှင့် တစ်ခါဘူးမျှ ကျွန်တော် အဲလိုတွဲပြီး မထိုင်ခဲ့ဖူးပါ။ အဲလို အခွင့်အရေးမျိုးကို ရှင်နှောင်း ကျွန်တော့်ကို ပေးခဲ့။

ထိုစုံတွဲတို့ကိုကြည့်ရင်း ကျွန်တော် အားကျလို့သွားသည်။ သူတို့တွေ ကံကောင်းလေစွ။ ကျွန်တော် စိတ်ကူးယဉ်နေတဲ့အချိန် ကားသံကြားလိုက်ရသဖြင့် နောက်သို့



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်လိုက်ပါတယ်။

လာပြီ။ ရောက်လာခဲ့ပြီ။

ဖွန်ဦးမောင်က သူ့ကားလေးကို ကျွန်တော့်ကားနှင့် ဘေးချင်းယှဉ်ကာ ရပ်လိုက်၏။ ကျွန်တော်က ဒီအတိုင်းပဲ မတ်တပ်ရပ်နဲ့ သူ့ကို ကြည့်နေလိုက်တယ်။

သူက ကားတံခါးကိုဖွင့်ကာ ဆင်းလိုက်သည်။

သည်တွင် ကျွန်တော်နှင့်သူ အကြည့်ချင်းတွေဆိုင်လို့ ပြိုင်ကာ ကြည့်နေလိုက်ကြသည်။

နောက်တော့မှ သူ ကျွန်တော့်ဆီကို ဖြည်းလေးစွာ လျှောက်လာခဲ့ပါတော့တယ်။

''မင်း ပျောက်ချက်သား ကောင်းလှချည်လား ဖွန်ဦးမောင်''

''ငါမပျောက်ပါဘူး . . . ရုံးမှာရှိပါတယ် ဉက္ကာ''

''မသိပါဘူးကွာ . . . မင်း ရှင်နှောင်းကို လက်လွှတ် လိုက်ရတဲ့အတွက် ဝမ်းနည်းပက်လက်ဖြစ်ပြီး မင်းအဖေကုမ္ပဏီမှာ တစ်ယောက်တည်း ကြိတ်ငိုနေသလားလို့ပါကွာ''

ကျွန်တော့်ရဲ့ ခနဲ့တဲ့တဲ့စကားကြောင့် သူ့မျက်နှာ တင်းခနဲဖြစ်လို့သွားခဲ့ပါတယ်။

''ဟော့ကောင် ဉက္ကာ . . . မင်းစကားက ဘာလဲကွ ငါ့ကို ဒီကိုခေါ်ပြီး ချွတ်ချင်တာလားကွ ဟင် . . . မင်း ငါ့ကို





ပြောချင်တဲ့စကားက ဒါလား ဟော့ကောင်''

''နိုး နိုး နိုး နိုး . . . ဒါကိုပြောချင်လို့ ခေါ်တာ မဟုတ်ပါဘူး . . . မင်းကလည်း မတွေ့တာကြာလို့ စမိတာ ပဲကွာ . . . စိတ်မဆိုးပါနဲ့''

ကျွန်တော်က စကားကို ပြန်လည်အချိုသပ်လိုက် သော်လည်း ဖွန်ဦးမောင်က ကျွန်တော့်ကို သိပ်ကျေနပ်ပုံ မပေါ်တော့။

''ပြောကွာ . . . မင်းငါ့ကို ဘာပြောချင်လို့လဲ''

''ငါမင်းကိုပြောရင် မင်းငါ့ကို စိတ်ဆိုးလိမ့်မယ်''

''မင်းစကားကို နားထောင်ကြည့်ရတာပေါ့ ဉက္ကာ''

သူ့အကြည့်တွေက တဖြည်းဖြည်း စိမ်းလွန်းလာသည်ဟု ကျွန်တော် ထင်မိသည်။

ကျွန်တော်ကရော ပိုဆိုးတော့၏။ ရင်ထဲမှာ မုန်းတီး ခြင်းတွေ၊ နာကျည်းခြင်းတွေက မီးတောက်တစ်ခုလို တောက်လောင်နေသည်။

''အေးကွာ . . . မင်းစိတ်ဆိုးရင်လည်း မတတ်နိုင်ဘူး ဖွန်ဦးမောင် . . . ပြောစရာရှိတာတော့ ပြောရမှာပဲကွာ''

''မင်း အရစ်မရှည်နဲ့ . . . ပြောမှသာပြော''

''မင်း ရှင်နှောင်းနဲ့ ခပ်ဝေးဝေးနေကွာ ဖွန်ဦးမောင်''

''ဘာကွ''



www.burmeseclassic.com

www.burmeseclassic.com



စိမ်းစိမ်းကြီးကြည့်နေသည့် အကြည့်တွေကမှတဆင့် ခက်ထန်မာကျောလာသည့် အကြည့်သို့ ချက်ချင်း ပြောင်းလဲလာခဲ့သည်။

"မနေ့က မင်းနဲ့ရှင်နှောင်း သူ့ခြံရှေ့မှာ စကားပြောနေတာကို ငါတွေ့တယ် ... မင်းတို့တွေ ဘာပြောလဲဆိုတာ ငါမသိဘူး ... ဒါပေမယ့် ရှင်နှောင်း ငိုပြီးတော့ သူ့ခြံထဲဝင်သွားတာကို တွေ့လိုက်ရတယ် ... အဲဒါ မင်းရဲ့ ပယောဂကြောင့်ဆိုတာ ငါသိတယ် ဖွန်ဦးမောင်"

"ဒါကို မင်းက မကျေနပ်လို့ ငါနဲ့ရှင်နှောင်းကို ခပ်ဝေးဝေး နေခိုင်းတာပေါ့ ဟုတ်လား ဥက္ကာကျော်"

ကျွန်တော် နှုတ်ဆိတ်နေလိုက်တယ်။

"ဒီမှာ ဥက္ကာကျော် ... ငါမင်းကို ပြောလိုက်မယ်၊ ငါ ရှင်နှောင်းနဲ့ ခပ်ဝေးဝေးလည်း နေချင်မှနေမယ် ... စကားပြောချင်လည်းပြောမယ် ... မပြောချင်လည်း မပြောဘူး၊ အဲဒါ ငါ့ရဲ့သဘောပဲ ... ဒါပေမယ့် မင်းသိထားဖို့က မင်းရင်ထဲက ရှင်နှောင်းကို ငါဘယ်တော့မှ ရအောင်မယူဘူး ဆိုတာ မင်းသိထားလိုက်. ဟော့ကောင်"

သူ့စကားကြောင့် ကျွန်တော် ခနဲ့တဲ့တဲ့ ရယ်မောမိလိုက်ပါတယ်။

"ငါ ယုံရတော့မှာလား ဖွန်ဦးမောင်"





ဟား ဆိုပြီး သူ ခေါင်းကို ခါရမ်းလိုက်ပါတယ်။

"ဟော့ကောင့် ဥက္ကာ ... ငါ အဲဒီလောက်ထိ အောက်တန်းမကျဘူးကွ .. အေး ရှင်နှောင်းကို ဘယ်လောက်ထိ ချစ်နေချစ်နေ မင်းနဲ့ပတ်သက်နေတဲ့ ကာလပတ်လုံး ရှင်နှောင်းကို ကျူးသွင်းပြီး ငါပိုင်ဆိုင်ဖို့ကို ဘယ်တော့မှ မကြိုးစားဘူးဆိုတာ မင်းယုံထားလိုက်"

ကျွန်တော်က အားပါးတရကို လက်ခုပ်တစ်ချက် တီးလိုက်သည်။

"ဟာ အဲဒီစကားကို ကြိုက်တယ်ကွာ ... မင်းစကားနဲ့ ပင်း ကတိတည်နော် ဖွန်ဦးမောင်"

"ဥက္ကာ ... မင်းငါ့ကိုပြောချင်တာ ဒါပဲလား"

"အေး ဟုတ်တယ်"

"ဒါဆို ငါပြန်မယ်"


ပြောပြီး ချာကနဲ လှည့်ထွက်လို့ သွားလိုက်သည့် ဖွန်ဦးမောင်ကိုကြည့်ပြီး ကျွန်တော့်ရင်ထဲမှာ ဘာမှန်းမသိ ဟာအုံနွေးနွေးနဲ့ဖြစ်ပြီး ကျန်ခဲ့ပါတော့တယ်။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဘာဖြစ်လာတာလဲ . . . မျက်နှာကလည်း အီးမှန်ထားတဲ့မျက်နှာနဲ့"

ကျွန်မကိုတွေ့တွေ့ချင်းပင် နွယ်က ဆီးကြိုလို့ မေးတော့သည်။ ကျွန်မက စိတ်ပျက်လက်ပျက်နဲ့ ဆက်တီ တစ်လုံးတွင် ခြေပစ်လက်ပစ်ကို ထိုင်ချလိုက်ပါသည်။

ကျွန်မမျက်နှာ သုန်မှုန်နေတယ်ဆိုတာ ကျွန်မ သိပါတယ်။ နွယ်က ကျွန်မနားသို့ လာထိုင်ပြီး ကျွန်မရဲ့ ပခုံးကို သူ့လက်တစ်ဘက်တင်ကာ ဖက်လိုက်ရင်း . . .

"ပြော ဘာဖြစ်လာလဲ"

"သူပေါ့"





ကျွန်မက နှုတ်ခမ်းလေးစူကာ ပြောလိုက်သည်။

"ဘယ်သူလဲ . . . ဖွန်လား . . . ဥက္ကာလား"

"ဥက္ကာ ရယ်"

"သူနဲ့ ဘယ်လိုဖြစ်လို့လဲ"

"သဝန်ကြောင်လို့"

"ဟင်း ဖြစ်ရမယ် နင်တို့က"

နွယ်က ရယ်ရယ်မောမောနဲ့ ပြောပေမယ့် ကျွန်မ ကတော့ စိတ်ဆိုးတုန်းပဲလေ။

"ပြောစမ်းပါဦး . . . ဘယ်သူ့ကို ဘယ်လို သဝန် ကြောင်လို့လဲ"

"ဖွန်ကိုပေါ့"

"ဟုတ်လား"

"ဟုတ်တယ်"

တစ်ခွန်းမေး တစ်ခွန်းဖြေနဲ့ နွယ်က ပြုံးတုံ့တုံ့နဲ့ နေရာမှ အသံထွက်အောင်ကို ရယ်လိုက်တယ်။

ဒါကို ကျွန်မက မျက်စောင်းပစ်ထိုးလိုက်သည်။

"ဩော် ဒီပိန်းမ စိတ်တိုတာ ဒီတစ်ခါပဲ တွေ့ရ သေးတယ် . . . သိပ်ရယ်ရတာပဲ ဟင်း ဟင်း"

နွယ်က ပြောပြီး ထပ်ရယ်လိုက်သေးတယ်။

"ရယ် ရယ် သေအောင်ရယ် . . . ဒီမှာက စိတ်ဆိုး



www.burmeseclassic.com

www.burmeseclassic.com



လာရတဲ့အထဲ ဟွန်း''

"နှောင်းရယ် . . . ကလေးလည်း မဟုတ်ဘဲနဲ့ . . . တစ်ယောက်နဲ့တစ်ယောက် စကြနောက်ကြတာ မဟုတ်လားလို့''

"ဟုတ်လိမ့်မယ် အားကြီးကြီး''

"အင်း ဒါဆို ဘာဖြစ်လို့လဲ နှောင်းရဲ့''

"ဖွန့်အကြောင်း ပြောလို့တဲ့ . . . ငါ့ကို နာကစ်တယ်လေ . . . ငါလည်း ဘယ်ရမလဲ . . . အပြတ်ကို Hot ပစ်လိုက်တာ တစ်ခါတည်း ငြိမ်သွားရော . . . ဒါပေမယ့် နွယ်ရယ်''

ကျွန်မစကားကို ရပ်လိုက်တော့ နွယ်က စိတ်ဝင်စားဟန်နှင့် စကားကို ဆက်နားထောင်နေမိ၏။

"သူ့မျက်နှာလေးက ငြိုးရော်သွားခဲ့ပေမယ့် ဖွန့်နဲ့တွေ့လိုက်ချိန် ဖွန့်မျက်နှာလေး ငြိုးရော်သွားတာလောက်ကို မမီဘူးဟာ''

"နင် ဖွန့်ဦးမောင်နဲ့တွေ့သေးတယ် ဟုတ်လား နှောင်း''

"ဟုတ်တယ် . . . တမင်တွေ့ခဲ့ကြတာ မဟုတ်ဘူး နွယ်''

ကျွန်မက ဖွန့်ဦးမောင်နဲ့ ခြံရှေ့တွင် တွေ့ခဲ့ကြတာကို ပြန်ပြောလိုက်သည်။

"နင်ပဲစဉ်းစားကြည့်ပေါ့ . . . စိတ်ထဲမှာတော့ ခံစား





လိုက်ရတာ မပြောနဲ့တော့ . . . အဲဒါကို ဥက္ကာကျော်က မကျေနပ်ဘူးတဲ့ . . . ငါ့ကို ဖွန့်ဦးမောင်နဲ့ လုံးဝ မပတ်သက်နဲ့တော့တဲ့ . . . ဘယ်လောက် သူ သဝန်တိုသလဲဆိုတာကြည့်''

ကျွန်မပြောတာတွေကို နွယ်က ခေါင်းညိတ်နားထောင်သည်။

"အဲဒါကျတော့လည်း ဥက္ကာကျော်က လွန်တာပေါ့''

"ဟင်း သိပ်စိတ်ပျက်ဖို့ကောင်းတယ်''

"နေဦးဟာ . . . သူ့ဆီ ငါဖုန်းဆက်ပြီး ပြောလိုက်ဦးမယ်''

ကျွန်မက နှုတ်ခမ်းကိုမဲ့လိုက်သည်။ နွယ်ကတော့ သူ့ဟမ်းဖုန်းကို ယူလိုက်ပြီး ဂဏန်းလေးတွေကိုနှိပ်လို့ ဥက္ကာကျော်ဆီ ခေါ်လိုက်တယ်။

"ဟဲလို''

"အမိန့်ရှိပါ . . . ကျွန်တော် ဥက္ကာကျော်ပါ''

"ကိုဥက္ကာ . . . ကျွန်မ နွယ်ပါ''

"သြော် ဟုတ်ကဲ့ . . . ပြောပါ နွယ် . . . ဘာကိစ္စလဲ ဗျာ''

"နှောင်း စိတ်ကောက်ပြီး ကျွန်မဆီ ရောက်လာတယ်''

"ဟုတ်လား''

"ဟုတ်တယ် ကိုဥက္ကာ . . . ရှင်က နှောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဖွန်ဦးမောင်နဲ့ မပတ်သက်ခိုင်းဘူးဆို''

''ဟုတ်ပါတယ် မနွယ်''

''အဲဒါ ရှင်မှားတာပေါ့''

''ကျွန်တော်ပြောတာကို နားထောင်ပါဦး မနွယ် ... မနွယ်ရဲ့သူငယ်ချင်းနဲ့ နှစ်ယောက်ထဲ အတူတွေ့တိုင်း သူဘာပြောတယ်မှတ်လဲ''

''အင်း သူဘာပြောလဲ''

''ဖွန်ဦးမောင်အကြောင်းချည်းပဲ ပြောတော့တာပဲ .. တစ်ခြားအကြောင်းကို မပြောရဘူးဗျာ ... ကြာတော့ စိတ်ညစ်လာတယ် ... ဟိုတစ်နေ့ကလည်း ကြည့် သူ့ခြံရှေ့မှာ နှစ်ယောက်ထဲ စကားပြောနေလိုက်တာ ပတ်ဝန်းကျင်ကိုမေ့လို့၊ နောက်ပြီး သူက ငိုပြီး ခြံထဲဝင်သွားလိုက်တယ် ... ကဲ အဲဒါ ဘာသဘောလဲ''

''အဲဒီကိစ္စ ခု နှောင်း နွယ်ကိုပြောပြပါတယ် ... ဘာပဲဖြစ်ဖြစ်ပေါ့ရှင် ... ကိုဖွန်ဦးမောင်နဲ့ လုံးဝ အဆက်အသွယ်တွေ မလုပ်ခိုင်းတာ၊ စကားမပြောခိုင်းတာတွေတော့ မလုပ်ပါနဲ့ ... ငယ်ငယ်တုန်းကတည်းက သူငယ်ချင်းတွေဆိုတော့ မခေါ်မပြောဘဲနဲ့တော့ ဘယ်နေနိုင်မလဲရှင် မဟုတ်ဘူးလား''

''ခက်တယ်ဗျာ''





''မခက်ပါဘူး ... ကိုဥက္ကာရဲ့ သဘောထားလေး ကြီးလိုက်ရင် လွယ်သွားမှာပါ ... ကဲ ဖုန်းပိတ်လိုက်တော့မယ်နော်''

နွယ်က ဖုန်းပိတ်ပြီး ကျွန်မဆီ လှည့်ကြည့်လာသည်။

''ကဲ နှောင်း ... ငါတော့ ဥက္ကာကျော်ကို ပြောပေးပြီးသွားပြီ ... ယောက်ျားဆိုတာ ဒီလိုပဲဟာ ... သူတို့ရှေ့မှာ တစ်ခြားယောက်ျားတစ်ယောက်အကြောင်း ပြောလာရင် မကြိုက်ဘူး ... သဝန်တိုစိတ်တွေ ကြီးလာတတ်တယ် နှောင်း''

''အို့ ခုဟာက တစ်ခြားယောက်ျားတွေမှ မဟုတ်တာ၊ ငယ်ငယ်လေးကတည်းက အတူတူ ကစားခဲ့တဲ့ ငယ်ဖော်တွေ၊ အရွယ်ရောက်တော့လည်း အတူတူ သွားလာခဲ့ကြတာ ခုမှ သူက နှောင်းကို စည်းမျဉ်းစည်းကမ်းတွေထုတ်လို့ ဟင်း''

''နှောင်းနဲ့ ဖွန်ဦးမောင်ကို သူ စိတ်မချတော့လို့ပေါ့''

''အဲဒါ သူ စော်ကားတာပဲလေ ... နှောင်းနဲ့ ဖွန်တို့ရဲ့ ဂုဏ်သိက္ခာကို စော်ကားတာပဲ ... သူတွေးကြည့်လိုက်ပေါ့ ဖွန်က အဲဒီလို လူစားလားလို့ ဟင်း ... နောက်ပြီး ဖွန်က နှောင်းကို ချစ်တယ်ဆိုပေမယ့် သူ့ဘက်ပါအောင် ဘယ်တော့မှ ဖြားယောင်းသွေးဆောင်ပြီး ခေါ်မှာမဟုတ်ဘူး နွယ် ... အဲဒါ နှောင်းသိတယ်''

''နှောင်းသိဖို့ထက် သူသိဖို့လိုတာပေါ့''



www.burmeseclassic.com

www.burmeseclassic.com




"နားလည်အောင် ပြောပြခဲ့ပေါင်းလည်း များလှပါပြီ နွယ်ရာ"

ကျွန်မ စိတ်ဓာတ်ကျစွာနဲ့ ပြန်ပြောလိုက်ပေမယ့် ဝမ်းနည်းမှုကြောင့် မျက်ရည်များက ဝေ့သီဆိုင်းလို့ နေပါတော့တယ်။

"ဘာပဲဖြစ်ဖြစ်ပေါ့ နှောင်းရာ ... ကိုယ်လုပ်လိုက်တဲ့ ကိစ္စတစ်ခုက ကိုယ့်ဘဝတစ်ခုလုံး အဆုံးစွန်ထိကို စိတ်ဆင်းရဲနေရမယ်ဆိုရင် မျက်စိမှိတ်ပြီးတော့ ဇွတ်မနေနဲ့ ... ရုန်းထွက်လိုက်ပေါ့ နှောင်းရယ်"

ၾ ၾ ၾ ၾ ၾ





အောက်ပိုင်းတွင် အနည်ထိုင်နေသော နို့ဆီတို့ကို ...န်းဖြင့် မွှေနေလိုက်သည်။ ထိုအခါ နို့ဆီတို့နှင့် လ္ဘက်အကျရည် ...ညစ်ညစ်တို့က ရောနှောလို့သွားတော့၏။

"ဒါတော့ မတရားဘူးလို့ထင်တယ် ဇွန်ဦးမောင်"

တော်ကီရိုးအသံက မကျေနပ်သံတွေ ပေါ်ထွက်လာ ...ဘူသည်။

ကျွန်တော်ကတော့ ဘာမှမပြောမိ ... ဥက္ကာကျော်နဲ့ ...က်သက်ပြီးတော့ ကျွန်တော့်စိတ်တွေ ဆောက်တည်ရာမရခဲ့တာ ...နီး။

ဟိုတစ်နေ့က ... ။



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကာကျော်နဲ့တွေ့ခဲ့ပြီး ပြောခဲ့ဆိုခဲ့တာတွေကို တော်ကီရိုးကို ဒီနေ့ကျမှ ပြောဖြစ်လိုက်ပါတယ်။ ဒါကို နားထောင်ပြီး တော်ကီရိုးက ဥက္ကာကျော်အပေါ်ကို ဝေဖန်ချက်တွေ ပေးနေခြင်း ဖြစ်ပါသည်။

ဟုတ်တော့လည်း ဟုတ်ပါသည်။ ဒီလောက်တောင် စိမ်းကားလွန်သည့် ဥက္ကာကျော်ကို ကျွန်တော်ကိုယ်၌ကပင် နားလည်နိုင်စွမ်းမရှိတော့ပါ။

ဒီကောင် ဘာလို့ ကျွန်တော့်ကို မယုံရတာလဲ။

ကျွန်တော်ကရော သူထင်သလို လုပ်မယ့်လူစားလား ဆိုတာ ဒီကောင် မသိဘူးလား။

"ဖွန်ဦးမောင်"

ကျွန်တော် တွေးကောင်းဆဲ တော်ကီရိုးက ခေါ်လိုက်သဖြင့် ကျွန်တော်က သူ့ကို မျက်လုံးလှန်ကာ ကြည့်လိုက်သည်။

"ဘာလဲ"

"မင်း အဲဒီ ဥက္ကာကျော်ဆိုတဲ့ကောင်ကို ဘယ်လို တုန့်ပြန်မလဲ ... သူပြောတဲ့အတိုင်းပဲ နေသွားမှာလား"

ကျွန်တော် ဘာမှကို ထင်မြင်ချက်မပေးနိုင်ဘဲ ဖြစ်နေသည်။

"ဘာမှတော့ မဆိုင်ဘူးကွာ"

တော်ကီရိုးက တော်တော်လေးကို မကျေမနပ်





ဖြစ်နေတယ် ထင်ရ၏။

"မင်းကို ရှင်နှောင်းနဲ့ လုံးဝ အဆက်ဖြတ်ခိုင်းတာတော့ မင်းသူငယ်ချင်း ဥက္ကာကျော် လွန်လွန်းတယ်ကွာ"

"ဟုတ်တယ် ... အဲဒါကတော့ ဒီကောင့်ဘက်က ကောင်းတွေ သိပ်ဖြစ်တာပဲ ... ဒါပေမယ့် ငါ အသွားအလာကိုတော့ ဆင်ခြင်ရတော့မှာပေါ့"

ကျွန်တော်က ချင့်ချင့်ချိန်ချိန်ကို ပြောလိုက်ရသည်။

"ဒါပေမယ့် ဖွန်ဦးမောင် ... မင်း ရှင်နှောင်းကို လုံးဝ အဆက်အသွယ်တော့ မဖြတ်ပစ်နဲ့နော် ... ဒါဟာ လုံးဝ မဖြစ်သင့်တဲ့ ကိစ္စတစ်ခုပါ"

တော်ကီရိုးက စိုးရိမ်စိတ်နဲ့ ကျွန်တော့်ကို သတိပေးစကား ပြောလာခဲ့ပါတယ်။

"အေးပါ ... အဲဒီလောက်ထိတော့ ငါ မလိုက်လျောဘူး ... ငါကပါ ရှင်နှောင်းကို အဆက်အသွယ်ဖြတ်ထားရင် ရှင်နှောင်းစိတ်ထဲ ဘယ်ကောင်းတော့မလဲ ... နောက်ပြီး ကျောင်းသူတွေလည်း ရှိသေးတယ် ... သူတို့တွေမေးလာရင် ဘယ်လိုဖြေရမလဲ ... အမှန်အတိုင်းပြောလိုက်ရင် ငါ့ကို ဘောင်အမြင်သေးကုန်မှာပေါ့ကွာ"

"အေး အဲဒါပဲပေါ့ကွာ ... ဟိုကောင် ဥက္ကာကျော်က ဒါတွေ ထည့်မတွက်ဘူးကွ ... သူ့အတွက်ပဲ သူကြည့်တာ



www.burmeseclassic.com

www.burmeseclassic.com



တကယ်အတ္တဆန်တယ် . . . တစ်ကိုယ်ကောင်းသမား . . . မင်း မယုံရင်ကြည့်ကွာ . . . ရှင်နှောင်းသာ ဒီကောင့်နဲ့ ယှဉ်ကြည့်လိုက် . . . ရှင်နှောင်း ဘယ်တော့မှ စိတ်ချမ်းသာမှာ မဟုတ်ဘူး''

ဒီကောင် တော်ကီရီး . . . ။

ကျွန်တော့်သူငယ်ချင်းအပေါ် တော်ကော် မေတ္တာရှိပုံ ရသည်ထင်။ ချီးမွမ်းစကားတွေချည်း ပြောကုန်သည်။

တကယ်ပါပဲ။ ဥက္ကာကျော်ကလည်း အတ္တတွေ၊ မာန်မာနတွေနဲ့။

ကျွန်တော့်ကိုတောင် ရန်သူတစ်ယောက်လို သဘောထားလာသည်။ သူပြောသလိုပင် ကျွန်တော်ကလည်း ရှင်နှောင်းကို အဆက်ဖြတ်ရန် စိတ်ကူးထားလိုက်သည်။

ဤသို့ စိတ်ကူးရခြင်းသည်လည်း အချက်နှစ်ချက်ကြောင့်ပင်။

ပထမအချက်ကတော့ . . .

ဥက္ကာကျော်ပြောသလိုပင် ကျွန်တော့်ကြောင့် သူ့အပေါ် ရှင်နှောင်း၏အချစ်တွေ လျော့ပါးလို့သွားနိုင်ခဲ့ပါသည်။

နောက် ဒုတိယအချက် . . .

ဒီအချက်ကတော့ ကျွန်တော်နှင့်သာ သက်ဆိုင်ပေ ပါတယ်။ ရှင်နှောင်းကို ထိုသို့ တွေ့တွေ့နေရသည့် အခါ





တိုင်းတွင် ငြင်ကွဲမတတ် ကျွန်တော် ခံစားရသည်။ လူကို မတွေ့ရတာကမှ ဝေဒနာတို့ကို ဖြေသိမ့်နိုင်စွမ်းရှိနိုင်သည်။ လူကိုတွေ့တော့ ဏ္ဍာန်တို့က ဆောက်တည်ရာမရတော့ပါ။

မီးတောင်တစ်ခုမှ ပေါက်ကွဲအန်တွက်လာသည့် ရွှံ့ရည်ပူများ၊ ချော်ရည်ပူများကဲ့သို့ပင် ကျွန်တော့်နှလုံးသားမှ အချစ်တို့က အတားအဆီးမဲ့စွာ ပွင့်အန်ထွက်လာနိုင်ပေသည်။

ထို့ကြောင့်လည်း ကျွန်တော်က ရှင်နှောင်းကို ခပ်ခွာခွာ ခပ်စိမ်းစိမ်း နေတော့မည်ဟု ဆုံးဖြတ်ချက်တစ်ခုကို ချထားရန် စိတ်ကူးထားမိလိုက်ပါတယ်။

ဒီအကြောင်းတွေကိုတော့ ကျွန်တော့်ကမ္ဘာထိက သူငယ်ချင်းဖြစ်တဲ့ တော်ကီရီးကို လျှို့ဝှက်ထားလိုက်ပါတော့တယ်။

ဩော် သူကတော့ ကျွန်တော့်ဘဝရဲ့ အခြေအနေ ဖြစ်တည်နေတဲ့ အချိန်အခါတွေကို အတွင်းကျကျ မသိနိုင်တဲ့ အတွက် ကျွန်တော်လည်း သူ့ကို ရှင်းမပြတော့ပါ။

"မင်း ပြောတာတွေ တစ်ခုမှ မမှားဘူး တော်ကီရီးတော့"

"ဒီတော့ မင်း ရှင်နှောင်းကို အဆက်မဖြတ်နဲ့ပေါ့ကွာ"

အေးပါကွာ . . . ဆိုပြီး ကျွန်တော်ကပြုံးရင်း ခေါင်းညိတ်လိုက်ပါတယ်။

"ဟဲ ဟဲ ဟဲ . . . ဒီလိုပဲဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တော်ကီဗိုးကို ဘာသောဒကမှ မတက်တော့ပါ။

ရင်အကွဲခံတော့မည်ကို သူ့ကို အသိမပေးတော့ဘဲ။ ဒါပေမယ့် ရှင်နှောင်းကို တွေ့ဆုံရန် ကီစွတစ်ခုက ရှိနေသေးသည်။ ထိုကိစ္စကတော့ . . . ။

❀ ❀ ❀ ❀ ❀





"သမီး . . . သမီး . . . "

"ရှင်"

ကျွန်မ မဂ္ဂဇင်းတစ်အုပ်ကို ပေါင်ပေါ်တင်ထားရင်း ည့်ခန်းက ပြတင်းပေါက်မှတဆင့် အပြင်ဘက် မိုးကောင်းကင် ိုသို့ ငေးငိုင်ကာ အဓိပ္ပာယ်မဲ့ ငေးမောကြည့်နေမိသည်။

ကျွန်မစိတ်ထဲတွင် ဥက္ကာကျော်ရဲ့ ရုပ်သွင်က ပေါ်လာလိုက် . . . ဇွန်ဦးမောင်၏ရုပ်သွင်က ပေါ်လာလိုက်နှင့် တို့နှစ်ဦး၏ အကြောင်းတွေက တစ်ပိုင်းတစ်စစီ ပေါ်ထွက်လို့ နေခဲ့ပါတယ်။

အဲဒီအချိန်မှာ ကျွန်မရဲ့အမေက ကျွန်မကို လှမ်းခေါ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခြင်းပင်ဖြစ်ပါတယ်။ ကျွန်မလည်း အမေ့ကိုလှည့်ကြည့်ပြီး ယောင်နနလေးဖြစ်လို့သွားကာ ထူးလိုက်မိသည်။

"သမီး ... ဘာတွေတွေးနေတာလဲ"

ကျွန်မ သက်ပြင်းလေးကို မသိမသာ ချလိုက်မိပါတယ်။

"မာမိ ... သမီးကိုကြည့်နေတာ ကြာပြီ ... အကြာကြီးပဲ ... သမီး ပြတင်းပေါက်ဘက်ကို ကြည့်နေတာ၊ ပြောစမ်း ... သမီးမှာ ဘာအခက်အခဲဖြစ်နေလဲ"

စိုးရိမ်စိတ်နှင့်မေးလာသည့် မေမေ့ကို ကျွန်မ ခပ်ယဲ့ယဲ့လေးပဲ ပြုံးပြလိုက်၏။ ဒါပေမယ့် ဘာမှမပြောဘဲ နေလိုက်သည်။

ဒါကို မေမေက ဘယ်လိုအဓိပ္ပာယ်ဖြင့် ယူဆသွားသည် မသိ။

"ဘာလဲ ... သမီးကို ဗွန်ဦးမောင်ရော၊ ဥက္ကာကျော်ရော ပရိုပို့စ်လုပ်ထားလို့လား"

ဒါလည်း ကျွန်မ မေမေ့ကို ဘာမှမပြောမိဘဲ နေလိုက်သေးတော့၏။

"အင်း ငယ်ငယ်လေးကတည်းက နေလာကြတယ်ဆိုတော့ သမီးအနေနဲ့ ရွေးရခက်နေတယ်ထင်တယ် ... ဟုတ်တယ်မဟုတ်လား"

ကျွန်မ ရွေးထားလိုက်ပြီဆိုတာကို မေမေ့ကို ဘယ်လိုပြောရမလဲဟု စဉ်းစားမိလိုက်သေးတော့သည်။





"မာမီအနေနဲ့ ဘယ်သူ့ကို ရွေးပါလို့တော့ မတိုက်တွန်းပါဘူး ... ဒါပေမယ့် အရွေးမလွယ်ဖို့ကိုတော့ သတိထားရလိမ့်မယ်နော် သမီး"

သွားပြီ ... ။

အရွေးမလွယ်ဖို့တဲ့ ... ။ မေမေ့ရဲ့ သတိပေးတဲ့စကားက နောက်အကျကြီးကို ကျလို့သွားခဲ့ပါပြီ။ ကျွန်မလွယ်လွယ်နဲ့ စိတ်ကူးယဉ်စွာ လုပ်ခဲ့တဲ့ ချစ်သူရွေးပွဲကို မေမေသာ သိခဲ့ရင်တော့ဖြင့် ... ။

ကျွန်မ မတွေးရဲတော့ပါ။ ပြောလိုက်မယ့်ဖြစ်ခြင်း ..

"သမီးကိစ္စကို သမီး သေချာစဉ်းစားပါ ... သမီးတို့က အတူတူ နေလာခဲ့ကြတယ်ဆိုတော့ ဘယ်သူက ဘယ်လို အနေအထားမျိုး ရှိတယ်ဆိုတာ သမီးပဲသိတယ် ... မာမီတို့ မိဘတွေကတော့ သူတို့ရဲ့ အတွင်းစိတ်ကို အသေအချာ မသိဘူး၊ အပြင်ပန်းကိုပဲကြည့်ပြီး ဆုံးဖြတ်ရတာ မဟုတ်လား ... နောက်ပြီး မိဘအသိုင်းအဝိုင်း၊ စီးပွားရေး၊ ပညာရေး အဲဒီ အနေအထားတွေကို ကြည့်ရတာလေ သူတို့နှစ်ယောက်လုံးရဲ့ အနေအထားကတော့ အားလုံး ပြောစရာမရှိပါဘူး သမီး .. ဒါ သမီး ဒီကိစ္စကို ဖြည်းဖြည်းချင်း စဉ်းစားပြီးမှ ဆုံးဖြတ် ဟုတ်လား ... မာမီ အခန်းထဲသွားတော့မယ်"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မေမေဆွက်သွားမှပဲ ရင်ထဲက အပူလုံးကြီး ကျသွားတော့တယ်။ မေမေကတော့ စဉ်းစားပြီးမှ ဆုံးဖြတ် နိုင်းတယ်။

ကျွန်မက မစဉ်းစားဘဲ ချက်ချင်းဆုံးဖြတ်လိုက်တယ်။ ရလာဒ်ကတော့ ကျွန်မနှလုံးသားတွေ တစ်စစီ ပွဲကြွေသွားခဲ့ ရတာပါပဲရှင်။

ဘာတွေဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့။ ကျွန်မလုပ်ခဲ့တဲ့ အလုပ် တစ်ခုကိုတော့ ကျွန်မ ပြီးဆုံးအောင် လုပ်ရမှာပေါ့။ ပေးဆပ် ရမှာပေါ့။

အဲဒါလေ ကျွန်မရဲ့ ကံကြမ္မာဝဋ်ကြွေးတစ်ခုပေါ့။ အဲဒီ ဝဋ်ကြွေးကို ကျေအောင်ဆပ်ရမှာက ကျွန်မတာဝန်တစ်ခုပဲပေါ့။

မချစ်သော်လည်း အောင့်ကာနမ်းတဲ့ . . . ။

ဒီစကားလေးအတိုင်း ကျွန်မ လိုက်နာကျင့်သုံးရ တော့မည်။ ဖွန်ဦးမောင်ကို ကျွန်မ ဘယ်လောက်ချစ်ချစ် မေ့ရ ပါတော့မည်။ ဥက္ကာကျော်ကို ကျွန် ဘယ်လောက်ပဲ မချစ် မချစ် ကျွန်မ ဘဝကြင်ဖော်အဖြစ် လက်ထပ်ရတော့မည်သာ။

ဒါသည် ကျွန်မရဲ့ ဆုံးဖြတ်ချက်အမှန်ပင် ဖြစ်ရမည် မဟုတ်လား။

ကျွန်မ ဟမ်းဖုန်းကိုဖွင့်ကာ ဥက္ကာကျော်ဆီသို့ ဆက်လိုက်သည်။





"ဥက္ကာကျော်လား"

"အေး ဟုတ်တယ် . . . နှောင်း"

"မနက်ဖြန်ကျရင် နင် အားလား"

"နင် ဘာလုပ်မလို့လဲ"

"မနက်ဖြန် ဘာနေ့လဲဆိုတာ နင် မသိဘူးလား"

"မနက်ဖြန် အင်း ဗုဒ္ဓဟူးနေ့လေ . . . ဘာဖြစ်လို့လဲ"

"ဟင်း အဲဒီနေ့က ငါ့ရဲ့မွေးနေ့လေဟာ"

"အြော် အေး ဟုတ်သားပဲ . . . ငါမေ့သွားတယ်"

"သိသားပဲ . . . နင်မေ့နေမယ်ဆိုတာ"

"ကဲပါ . . . မနက်ဖြန် ငါဘာလုပ်ပေးရမလဲ ပြော"

"ရွှေတိဂုံဘုရားကို လိုက်ပို့"

"တကယ်လား နှောင်း"

"ဟဲ့ တကယ်ပေါ့"

"ဒါဆို စောင့်နေ . . . ငါ မနက်ကိုးနာရီ အရောက် လာခဲ့မယ်"

"အိုကေ"

ကျွန်မ ဖုန်းပိတ်လိုက်ပါသည်။

မနက်ဖြန်သည် ကျွန်မ၏ မွေးနေ့ဖြစ်၏။

ကျွန်မမွေးနေ့ကို ဥက္ကာကျော် မေ့လို့နေ၏။ ထိုသို့ မေ့နေခြင်းသည် အခုမှမဟုတ်။ ဟိုး ငယ်စဉ် ကလေး



www.burmeseclassic.com

www.burmeseclassic.com



ဘဝကပင်ဖြစ်သည်။

ကျွန်မ၏မွေးနေ့ကို အမြဲ မမေ့ဘဲ မှတ်မိနေသူကတော့ ဖွန်ဦးမောင်ပင် ဖြစ်ပါသည်။

❀ ❀ ❀ ❀ ❀





လှမ်းလာနေသည့် ခြေလှမ်းတို့သည် ပေါ့ပါးသွက်လက်နေသော်လည်း စိတ်အစဉ်တို့က အမြဲ လေးလံလွန်းလှသည်ဟု သူ ခံစားနေမိသည်။

လှမ်းလာခဲ့ရသည့် ခြေတစ်လှမ်းတိုင်းတွင် ဥက္ကာကျော်၏ း၊ ရှင်နှောင်းနှင့် ခပ်ဝေးဝေးနေကွာဆိုသည့် စကားလုံးတို့သည် နားထဲတွင် စဉ်ဆက်မပြတ်ကို ကြားယောင်နေမိခဲ့သည်။

ဒီစကားလုံးတို့က သူ့အတွက် အင်မတန်ကို အခံရ ယက်လှုနိုးနေသည်။ ရှင်နှောင်းနှင့် ခပ်ဝေးဝေးသို့ နေဖို့ရန် သူ အင်မတန် ကြိုးစားရမည်မှာ မလွယ်ကူသော ကိစ္စတစ်ခုဟု ပို့တာကို သူသိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ... အားလုံးအတွက် အကောင်းဆုံး အနေအထားကို စဉ်းစားပြီး ရွေးချယ်ကြည့်တော့ သူ ရှင်နှောင်းနှင့် ခပ်စိမ်းစိမ်းနေမှ သင့်တော်မည်ကို သိလိုက် ပါသည်။

သို့အတွက်ကြောင့်လည်း သူ ရှင်နှောင်းနဲ့ အနေဝေးအောင် နေမည်ဟု ဆုံးဖြတ်ချက်ကို ချလိုက်ရသည်။ ဤသို့ ချလိုက်ရခြင်းကြောင့်လည်း ခံစားမှုအဟုန်တို့က ရင်တွေ ကွဲကြမတတ် ခံစားလိုက်ရ၏။ ဒဏ်ရာတစ်ခုကို အစိမ်းချုပ် ချုပ်သလိုမျိုးပင်။

ဘယ်လောက် နာကျင်လိုက်မည့်ဖြစ်ခြင်းလဲဆိုတာ ကိုယ်တိုင် တွေ့ကြုံဖူးခဲ့ကြသည့်လူများမှပင် သိနိုင်မည်။ ကိုယ်ချင်းစာနိုင်မည်။

ခုတော့လည်း ကြည့်ဦး ...။ ခပ်ဝေးဝေး နေပါမည်ဟု စိတ်ဆုံးဖြတ်ချက် ချထားသော်လည်း ရှင်နှောင်းဆီသို့ လာရ ချေတော့သည်။

မလာလို့ကလည်း မဖြစ်။ နှစ်စဉ်နှစ်တိုင်း ဒီအချိန် ဒီကာလသို့ ရောက်တိုင်းရောက်တိုင်းမှာ ရှင်နှောင်းဆီသို့ မပျက်မကွက်ကို လာခဲ့ရသည်။

ဒါကတော့ ... ရှင်နှောင်း၏ မွေးနေ့တွေပဲ ဖြစ်ပါ တော့သည်။ ခုလည်း ရှင်နှောင်း၏ နှစ်ဆယ့်တစ်နှစ်မြောက်





မွေးနေ့သို့ ရောက်ခဲ့ပြီ။ သူ့ဝတ္တရားကို သူမမေ့ခဲ့။ မပျက်ကွက်ခဲ့။ ဒါကြောင့် သူ ရှင်နှောင်းဆီသို့ လာခဲ့ရခြင်းဖြစ်ပါသည်။

သူလာမည်ကို ရှင်နှောင်းတစ်ယောက် သိပါမည်လား။ မေ့လို့ကော သွားပါမည်လား။ ဒါမှမဟုတ် သူ့ကို စောင့်မျှော် နေပါမည်လား မသိပါ။

သူကတော့ သုံးစုံနာရီလေးတစ်လုံး လက်ဆောင်ပေးဖို့ ယူလာခဲ့သည်၊ ထိုနာရီလေးရဲ့အပေါ်မှာ စက္ကန့်တိုင်လေးသွားတိုင်း လှုပ်ရှားနေသည့် ဘဲလေးကချေသည် စုံတွဲလေးပုံ ပါရှိခဲ့၏။ မည်သို့သောအဓိပ္ပာယ်လဲဆိုတာ သူ ဖွန်ဦးမောင်သာ သိပါ လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

ဥက္ကာကျော် အတော့်ကို ဒေါသထွက်သွားသည်။ တစ်ခါဘူးမျှ မဖြစ်ခဲ့ဘူးပါလျှက်နဲ့ ခုမှ ဖြစ်လာခဲ့ရခြင်း။

ဤသို့ ဖြစ်လာခဲ့ရသည့်ဆိုသည်နှင့် ဒေါသတို့က ရင်ထဲတွင် အလိမ့်လိုက် အလိမ့်လိုက်ကို တက်လာခဲ့ရတော့သည်။

သည်ကနေ့ ရှင်နှောင်း၏မွေးနေ့ . . . ။ သူ့ကို ဘုရားပို့ပေးရန် ပြောထားသည့်အတွက် အိမ်ကနေ သူ စောစောသွားရန် စိတ်ကူးလိုက်သည်။

သို့သော် မနက်မိုးလင်းလင်းချင်းမှာပင် သူ့အမေက





ဘောက်ထော်က ကျောက်ကုန်းရှိ မိတ်ဆွေအိမ်တစ်အိမ်က အိမ်တက်မင်္ဂလာပွဲကို လိုက်ပို့ရန် ပြောလာသဖြင့် သူ လိုက်ပို့လိုက်ရသည်။

ဟိုရောက်တော့ စားဟယ် သောက်ဟယ်နှင့် စကားတွေပြောရင်း အချိန်တွေ ကုန်လာခဲ့သည်။ သူကတော့ ပြန်ချင်လွန်းနေသဖြင့် နာရီတကြည့်ကြည့်နှင့် ဖြစ်နေ၏။ နောက်တော့ သူ့အမေ၏ မိတ်ဆွေတွေ ရောက်လာသဖြင့် သူ့အမေကို မပြန်ဖို့ တားမြစ်ကြသည်။ နေ့ခင်း အေးဆေးမှပြန်ဟု ပြောခဲ့ကြ၏။

ဒါနဲ့ သူတစ်ယောက်တည်းပဲ ပြန်လာတော့ မနက် ကိုးနာရီထိုးပြီ။

ဟင်း . . . ဒီလိုမှန်းသိရင် အစောကတည်းက ပြန်လာခဲ့တယ်ဟု သူ့စိတ်ထဲက ရေရွတ်မိသေးတော့၏။ ဒီလိုနဲ့ သူ ကားကို အရှိန်မြင့်တင်ကာ မောင်းလာရာမှ လမ်းခရီးတစ်ဝက် ရောက်တွင် . . .

"ဒိုင်း" ဆို သူ့ကားနောက်ဘီးက ပေါက်လို့သွားခဲ့ခြင်း ဖြစ်ပါသည်။

သူ စိတ်ဆိုးဆိုးနှင့် ကားပေါ်ကဆင်းလိုက်သည်။ ကားနောက်ခန်းက အံဖုံးကိုဖွင့်လိုက်ပြီး စပယ်ယာဘီးနှင့် ဂွတွေကို ထုတ်ကာ အလှုပ်ရှုပ်တော့သည်။ နာရီကိုသူကြည့်တော့ ကိုးနာရီ ခွဲပြီကို တွေ့လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



လုပ်သာလုပ်နေရသည်။ စိတ်က ရှင်နှောင်းဆီမှာ ရောက်နေ၏။ ရှင်နှောင်း သူ့ကို မျှော်နေတော့မည်။ စောစော လာခဲ့မည်ဟု သူ ပြောခဲ့ကာမှ မဖြစ်ဖြစ်အောင် ကားဘီးက ပေါက်လို့ ဖြစ်လာခဲ့ရတယ်

မတတ်နိုင်တော့ . . . ။ နောက်မှ ရှင်နှောင်းကို ရှင်းပြကာ ချော့ရမည်ပေါ့ဟု သူ တွေးလိုက်မိပါတယ်၊

ဒီတစ်ခါတော့ လျှပ်တစ်ပြက်ဆိုသလို သူ့ အတွေး တစ်ခုက ဖျတ်ခနဲ ရောက်လာခဲ့သည်၊

ဇွန်ဦးမောင် . . . ၊

ဟုတ်သည်၊ ရှင်နှောင်း၏ မွေးနေ့ဆိုရင် ဒီကောင် ရောက်လာစမြဲ။ ခုလည်း ဒီကောင် ရောက်လာဦးမလား။

သူ ဇောချွေးတွေ ခုမှ ပြန်သာခဲ့တော့သည်။ မဖြစ်ဘူ၊ မြန်မြန်ပြီးအောင်လုပ်မှ၊ ခုမှပင် သူ့ရင်တွေ ပူလောင်လာမှန်းကို သိလိုက်ပါတော့သည်။





ဒီနေ့ . . . ။

သူမရဲ့မွေးနေ့ . . . ။

အိပ်ရာကနေ သူမ စောစောထခဲ့ရသည်။ ကိုယ်လက် ...နဲ့ရှင်းရေးပြုလုပ်ပြီး ဘုရားခန်းထဲ ဝင်လိုက်တယ်။

အချိန်ယူကာ ဘုရား တရားကို အာရုံပြုကာ ပုတီးစိတ်၊ ...ဒ်တော်ရွတ်၊ မေတ္တာပွားများပြီး အမျှအတန်းတွေ ပေးဝေလို့ ...လိုက်တယ်။

ခုမှ တကယ် စိတ်၏ ချမ်းသာခြင်းတို့ကို ရရှိ ...ခဲ့ရသည်ဟု စိတ်ထဲ စွဲထင်ကျန်ရစ်ခဲ့သည်။

သူမ၏ မိဘနှစ်ပါးကိုလည်း ညကတည်းက ကန်တော့



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီးပြီ။

အားလုံး လုပ်စရာအလုပ်တွေ ပြီးမြောက်လို့သွားတော့ မနက်ပိုင်း Breakfast ကို စားသောက်နေလိုက်တယ်။

အချိန်က ရှစ်နာရီခွဲနေပြီကို တွေ့လိုက်ရ၏။ ကိုးနာရီလောက်ဆိုလျှင် ဥက္ကာကျော်တစ်ယောက် ရောက်လာခဲ့တော့မည်လေ။ အချိန်က နည်းနည်းစောနေသေးသဖြင့် စိတ်အေးလက်အေးပင် မနက်စာကို စားသောက်နေလိုက်၏။

မထင်လိုက်ပါဘဲ ဖြုန်းခနဲ သူမတစ်ယောက် ဖွန်ဦးမောင်ကို သွား၍ သတိရလိုက်သည်။

ဟုတ်တာပေါ့။ သူမမွေးနေ့ဆိုရင် အမြဲတမ်း သတိရကာ အမှတ်တရရှိသူက ဖွန်ဦးမောင်ပင်။

စားနေသည့် မနက်စာကိုပင် ရပ်တန့်လိုက်သည်။ သူမအတွေးတို့က ဖြန့်ကျက်လို့သွားတော့၏။

ဟိုး ငယ်ငယ်လေးကတည်းကပင် သူမ၏ မွေးနေ့ခိုဖွန်ဦးမောင်က အရင် မှတ်မိထား၏။ လက်ဆောင်တစ်ခုခုကိုလည်း ပေးတတ်မြဲပင်။

ခုလည်း သူလာဦးမည်လားဟု တွေးတောလိုက်မိပါတယ်။

မသေချာတော့။ သူမမွေးနေ့သို့ လာဖို့ရန် မသေချာတော့။ သူမကလည်း လာဖို့ရန်အတွက် မမျှော်လင့်ရဲတော့ပါ။





ဘာကြောင့်ဆိုသော် အခြေအနေ အရပ်ရပ်က ပြောင်းလဲသွားခဲ့ပြီ မဟုတ်လား။

သူမ ခြံဝင်းထဲသို့ ဆင်းလာခဲ့သည်။ ဖွန်ဦးမောင်၏ ပုံရိပ်ကို စိတ်ထဲကနေ အတင်း ဖျောက်ဖျက်ပစ်လိုက်ပြီး ဥက္ကာကျော်ကိုသာ စိတ်ထဲ အတင်းထည့်သွင်းခဲ့ရ၏။

ဒီနေ့ပေါ့ သူမရဲ့ မွေးနေ့ ဘုရားသွားရန်အတွက် မနေ့ကတည်းက ဟမ်းဖုန်းလေးဖြင့် ဥက္ကာကျော်ကို အိမ်သို့ လာခေါ်ရန် ချိန်းဆိုထားခဲ့ပြီဖြစ်သည်။ ခုချိန်ထိကို မပေါ်လာသေး။

"ဟွန်း . . . ကိုးနာရီတောင်ခွဲပြီ . . . ဘာတွေလုပ်နေလဲ မသိဘူး"

သူမကို မနေ့က ကတည်းက ကိုးနာရီ လာခဲ့မည်ဟု ပြောထားပြီး ခုထိကို ပေါ်မလာသေး၍ သူမ စိတ်တိုလာခဲ့ရ၏။

မကြာခဏလည်းလေ ခြံရှေ့တံခါးဆီသို့လည်း မျှော်ကြည့်ရသည်မှ ရင်မောလှပေပြီ။ အချိန်မလေးစားခြင်းသည် ဥက္ကာကျော်၏ အကျင့်တစ်ခုဆိုတာကိုတော့ ဟိုစဉ်ကတည်းက သိရှိထားပြီးသားပါ။

ဖွန်ဦးမောင်နှင့်တော့ ကွာသည်။ ဖွန်ဦးမောင်သာဆိုလျှင် လိုက်ဖို့စွမျိုးဆိုလျှင် မိုးလင်းကတည်းက ရောက်လာမည့်သူ



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ခြံတံခါးက တဖြည်းဖြည်း ပွင့်လာသည်ကို သူမ လှမ်းတွေ့လိုက်ရပါတယ်။ ဘာကဘယ်လိုဖြစ်သွားသည် မသိတော့။ ရင်ထဲတွင် ဒိတ်ကနဲ ခုန်လိုသွားရသည်။

အိုး ... ဘာဖြစ်တာလဲ ... ငါဘာဖြစ်တာလဲ ... ဘာလို့ ရင်တွေခုန်နေရတာလဲ ... ဥက္ကာလာတာက် ငါဘာဖြစ်လို့ ဒီလိုဖြစ်နေရတာလဲ ... ရှင်နှောင်း မဟုတ်သေးဘူးနော် ... ညည်းဒီလောက် မခြစ်သင့်ဘူး။

သူမ ခြံတံခါးဝကို သေချာကြည့်နေမိလိုက်တယ်။ ခြေထောက်တစ်ဘက် ခြံဝင်းထဲကို ရောက်လာခဲ့သည်။ နောက် ကိုယ်လုံး၊ နောက်တော့ ငုံ့ထားလိုက်သည့် ခေါင်း၊

သူမ ရင်တွေ အရှိန်းလှုပ်ရှားလို့သွားတာယ်၊ အသက်ရှူ နှုန်းတွေ မမှန်ချင်တော့ပါ။ ထို့နောက် ငုံ့ကာနေသည့် ဦးခေါင်းက ပြန်အမော့ ...

"ဟယ် ဇွန်"

သူမ ချက်ချင်းပင် ဝမ်းသာအားရနှင့် ခြံတံခါးဝသို့ ပြေးထွက်လာခဲ့တော့သည်။ ဝမ်းသာမှုတို့က ရင်ထဲ လှိုက်တက် လာခဲ့သည်။

သူကလည်း သူ့ဆီ ပြေးထွက်လာသည့် ရှင်နှောင်းကို အံ့သြမင်သက်ကာ ငေးကြည့်ရင်းကနေ ဝမ်းသာမှုတို့က ဖော်မပြနိုင်လောက်အောင် ဖြစ်လျက်ပါ။





တစ်ယောက်အနား တစ်ယောက် ရောက်လို့သွားကြ သည့်နှင့် စကားတို့က တော်တော်နှင့်ကို ထွက်မလာကြတော့။ သို့သော်ငြားလည်း နှစ်ဦးသား အကြည့်တို့သည် ပြုံးရွှင်ချိုမြိန်လို့ နေသည်။ ရွှန်းလဲ့တောက်ပလို့နေသည်။ သို့သော်လည်း သူ၏ အကြည့်တို့ နောက်ကွယ်မှာတော့ ဖော်မပြနိုင်သော ဝေဒနာ တို့က ထုထည်ပမာဏကြီးမားစွာ ရှိနေသည်ကို သူမ ကောင်းစွာ သိနေပါတော့တယ်။

တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း ပြုံးကြသည်။ ရှုမငြီးသော အကြည့်နှစ်ခုမှာတော့ လိုက်မောဝမ်းနည်းခြင်းတွေ၊ ယှဉ်ကြေးမရှိသော ပူဆွေးသောကဖြစ်မှုတွေ။

နှစ်ယောက်စလုံး၏ မျက်လုံးအိမ်မှ မျက်ရည် စီးကြောင်းတွေ ခဏ ဖြစ်ပေါ်လာခဲ့ရသည်။

"ဇွန် ရယ်"

ကြေကွဲ တမ်းတသံတစ်ခု ...

"နှောင်း ရယ်"

နောက်ထပ် ကြေကွဲလွမ်းမောသံတစ်ခု ...

အကြာကြီးပါပဲ သူတို့နှစ်ယောက် ကြည့်နေကြသည်မှာ။

"ဇွန်ရယ် ... ဘာလို့ ပျောက်နေတာလဲဟင်"

မောသံလေးနှင့် ပြောလာသည့် စကားတို့၌ သံယောဇဉ် ငွေ့အသက်တို့က ရင်နှင့်အပြည့်ဆိုတာ သူ သိပါစေဟု သူမ



www.burmeseclassic.com

www.burmeseclassic.com



တွေးလိုက်မိပါသည်။ သို့သော် သူကတော့ သူမကို ဘာစကား တစ်ခွန်းမှမပြောဘဲ ငြိမ်သက်စွာပင် ကြည့်နေရှာသည်။

"နင် ငါ့မွေးနေ့ကို လာတယ်နော် ... ငါလေ နင့်ကို မျှော်တော့ မျှော်တယ် ... ဒါပေမယ့် လာလိမ့်မယ် လို့တော့ မထင်ဘူးဟယ်"

သူမရဲ့ စကားသံတွေက ဝမ်းနည်းသံတွေ ရောစွက်လို့ နေသည်။

နှောင်းရယ် ...

နင့်ရဲ့မွေးနေ့ကို ရောက်တိုင်းရောက်တိုင်း ငါ ဘယ်တုန်း ကများ မလာဘူးဆိုတာ ရှိခဲ့လို့လဲဟင်။ နင်နဲ့ငါ နှစ်ယောက် ကြားမှာ ဘာတွေပဲဖြစ်ဖြစ်ပေါ့။ ငါ လာနေကျ နင့်ရဲ့မွေးနေ့တိုင်း အရောက်လာခဲ့ပါ့မယ် နှောင်းရယ် ... ။

စကားတွေ ရင်ထဲမှာပဲ ပြောနေမိခဲ့သည်။

"နင် ငါတို့ကို လာတွေ့ဖော်ဘောင် မရဘူး ... သိပ်စိမ်းတာပဲဟယ်"

သူ ဝမ်းနည်းသွားသည်။

ရှင်နှောင်း၏ မျက်ရည်စက်လေးတစ်စက်က ပေါက်ခနဲ ကြွေသွား၏။

ရှင်နှောင်း၏ စိမ်းတယ်ဆိုသည့်စကားကြောင့် ဖွန့်ဦးမောင် ရင်ထဲမှာ ကျင်ခနဲ ဖြစ်လို့သွားသည်။ သူက ရီဝေစွာနဲ့





ရှင်နှောင်းကို ကြည့်လိုက်ရင်းက ...

စိမ်းတယ်တဲ့လား နှောင်းရယ် ... ။

အဲဒီ စိမ်းတယ်ဆိုတာကလဲ နင်ပဲ ဖန်တီးခဲ့တာ မဟုတ်လား ... ။

"ဒါနဲ့ ... နင် ဘယ်ရောက်နေလဲဟင်"

"ဘယ်မှမရောက်ပါဘူး .. ကမ္ဘာမှာပဲ သွားနေတယ်"

"ဩော် ဟုတ်လား"

ဩော်လို့ ပြောနေသည့် သူမ မျက်ဝန်းထဲမှာ ကြေကွဲ ဝမ်းနည်းမှုတွေက အပြည့်။

"နင် ငါ့ကို မတွေ့ချင်လောက်အောင် မုန်းသွား လားဟင်"

"နင် ဘယ်လိုပြောလိုက်တာလဲ နှောင်း"

သူ့လေသံက မောက်မာမာလေး ဖြစ်သွားခဲ့သည်။ အကြည့်တို့ကလည်း စိမ်းတောက်တောက်လေး ဖြစ်သွား၏။

"ငါဘာဝ တစ်သက်တာမှာ နင့်ကို မုန်းတယ်ဆိုတဲ့ စကား ဘယ်နှခါများ ပြောခဲ့ဘူးလို့လဲ နှောင်း ... ငါလေ နင့်ကို အရင်ကလည်း မမုန်းဘူး၊ ခုလဲ မမုန်းဘူး၊ နောင်လည်း ဘယ်တော့မှ မမုန်းဘူးဆိုတာ သိထားပါ နှောင်း"

"ဖွန့်ရယ်"

ရှင်နှောင်း ထိန်းလို့မရတော့။ တားဆီး၍ မရတော့ပါ



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်များက တပေါက်ပေါက်နဲ့ ကျလာခဲ့ပြီပဲ။

"ရော့ နင့်မွေးနေ့အတွက် ငါ့ရဲ့လက်ဆောင်"

ရီဝေသော အငိုမျက်လုံးတို့ကို ဖွန်ဦးမောင်ထံ ရွေ့လိုက်တယ်။ ပြီးတော့ ခါးတွင်ညှပ်ထားသော လက်ကိုင်ပဝါကို ထုတ်ရင်း မျက်ရည်စတို့ကို သုပ်လိုက်သည်။

သူပေးလာသည့် ပန်းစည်းလေးနဲ့ လက်ဆောင်ဗူးလေးကို လှမ်းယူလိုက်တော့ . . .

"ငါတော့ ဘယ်တော့မှ လက်ကိုင်ပဝါကို မဆောင်တော့ဘူး နှောင်းရယ်"

"ဟင်"

ရှင်နှောင်း စိတ်မကောင်းခြင်းများစွာ ဖြစ်လို့သွားခဲ့ပါတော့သည်။

မိမိ၏ ပရောဂကြောင့် နှလုံးအိမ်လေးတစ်ခု ပြိုကျပျက်စီးသွားခဲ့ရပြီကိုး . . . ။

ခွင့်လွှတ်ပါ ဖွန်ရယ် . . . ။

နောက်နောင်ဘဝတွေမှာ ဖွန့်ကို ဒီထက်ဆတိုးတွေနဲ့ နှောင်း ချစ်ပါရစေတော့နော်။ ခုတော့လေ ဥက္ကာကျော်ကို ကိုယ့်ရဲ့ ကတိသစ္စာကြောင့် ရာသက်ပန် ပေါင်းရတော့မယ်။ နှောင်းကို သစ္စာပျက်မတစ်ယောက်လို့ အမြင်မခံချင်ဘူး ဖွန်ရယ်နော် . . . နှောင်း ထပ်တောင်းပန်ပါတယ်ကွယ်။





စိတ်ထဲက တိုးတိုးလေးပဲ တောင်းပန်မိလိုက်တယ်။ သူပေးလာသည့် လက်ဆောင်ပစ္စည်းလေးကို လှမ်းယူလိုက်ရင်း ရှင်နှောင်း ဝမ်းနည်းဝမ်းသာ ဖြစ်သွားခဲ့ရသည်။

ထိုအချိန်ခဏမှာပဲ . . .

"တီ . . . တီ . . . တီ"

ခြံဝင်းဝမှ ကားဟွန်းသံကြောင့် သူတို့နှစ်ဦးသား လှည့်ကြည့်လိုက်ကြသည်။

"ဥက္ကာနဲ့တူတယ် နှောင်း"

ရှင်နှောင်းက ခေါင်းညိတ်ပြရသည်။ သူမရင်ထဲတွင် ဘာလိုလိုကြီးဖြစ်နေ၏။ ခြံစောင့်မာလီက ခြံတံခါးကို သွားကာ ဖွင့်ပေးလိုက်သည်။

ခြံထဲသို့ ဥက္ကာကျော်၏ကားလေး ဝင်ရောက်လို့ လာခဲ့တော့၏။ သူတို့နှစ်ယောက်၏ အနီးသို့အရောက် ကားလေးကို ရပ်လိုက်ပြီး ကားလေးပေါ်မှ ဥက္ကာကျော်တစ်ယောက် ဆင်းလာခဲ့ပါတော့သည်။

သူ့ဝတ်လာခဲ့သည့် စတိုင်ကလည်း တကယ် စမတ်ကျကျပင်။ သူက ရှင်နှောင်းနှင့် ဖွန်ဦးမောင်တို့ကို မျက်လုံးတစ်ချက် ဝေ့ကာ ကြည့်လိုက်ပါတယ်။

ပြီးတော့ ပြုံးယောင်ယောင်လေးသန်းကာဖြင့် နေကာမျက်မှန်ကို ချွတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နှောင်း မွေးနေ့တိုင်း မွေးနေ့တိုင်းမှာ မင်းပဲ အရင်ရောက်ရောက်လာတတ်တယ်နော် ဖွန်ဦးမောင်"

ခနဲ့တဲ့တဲ့စကားကို ဥက္ကာကျော်က ပြောလိုက်တော့

"ဥက္ကာကျော်"

တိုးတိတ်ညင်သာစွာနဲ့ ရှင်နှောင်းနှုတ်က ထွက်လာခဲ့သည်။ ဒါပေမယ့် ဥက္ကာကျော်က မသိချင်ယောင် မကြားချင်ယောင် ဆောင်ကာ နေလိုက်သည်၊

ပြီးတော့ ဖွန်ဦးမောင်၏ ရှေ့တည့်တည့်သို့သွားကာ ရပ်လိုက်ရင်း ဖွန်ဦးမောင်မျက်နှာကို သေချာ စူးစိုက်ကြည့်လိုက်ပါတယ်။ အကြည့်ချင်းတွေက ပြိုင်ပြိုင်ဆိုင်ဆိုင်နဲ့ပေါ့လေ။

"ဖွန်ဦးမောင် ... မင်းစကားကို မင်းမှတ်မိတယ်နော်"

မခံချင်စိတ်တွေက ရင်ထဲမှာ သောင်းကနဲ ဖြစ်လို့သွားခဲ့ရသည်။ ဒီကောင် အရင်က ဥက္ကာကျော်မှ ဟုတ်ရဲ့လားလို့တောင် သံသယဖြစ်မိတော့သည်။ သူ့ ဘာစကားမှ ဥက္ကာကျော်ကို မပြောမိဘဲ နေလိုက်တယ်။ ဥက္ကာကျော်ကတော့ မထေ့တထေ့ အပြုံးကလေးနဲ့ပြုံးရင်း ရှင်နှောင်းဘက်ကို လှည့်ကြည့်လိုက်ပါတယ်။

"ငါနည်းနည်း နောက်ကျသွားတယ် .. Sorry နော် ရှင်နှောင်း"

ရှင်နှောင်းမျက်နှာကတော့ ဝူဘူတူနဲ့ဖြစ်နေလျက် ..





"ဥက္ကာကျော်"

"ဆို နှောင်း"

ပျက်ချော်ချော်မျက်နှာပေးနှင့် ဥက္ကာကျော်ကို မေးငေါ့ကာ ပြောလိုက်ပါတယ်။

"နင် ဖွန့်ကို ဘာစကားတွေ ပြောထားလဲ"

"နင် သိပ်သိချင်တာပဲလား"

"ပြေမှသာပြောစမ်းပါ"

ခက်ထန်မာကျောလွန်းသည့် လေသံက သူမ နှုတ်ခမ်းစကနေ ထွက်ပေါ်လာခဲ့၏။

"အေးလေ ... နင် နားထောင်ချင်ရင်လည်း ပြောရတာပေါ့ ... ငါကို နင် ရွေးချယ်လိုက်တဲ့အတွက် ဖွန်ဦးမောင်ကို နင်နဲ့ မပတ်သက်ဖို့ရယ် နင်နဲ့ ခပ်ဝေးဝေး နေပေးဖို့ရယ် ... အဲဒါတွေကို ကတိတစ်ခုအနေနဲ့ တောင်းထားတာပဲ နှောင်း"

"အိုး ဒါက ဘာဆိုင်လဲ"

ရှင်နှောင်းက ဥက္ကာကျော်ကို စိတ်ပျက်စွာကြည့်ရင်း ပြောလိုက်ပါ၏။

ဒီတွင် ဖွန်ဦးမောင်က ...

"ဒီမှာ ဥက္ကာကျော် ... ငါဟာ ရှင်နှောင်းရဲ့ ရွေးချယ်မှုမှာ မရလိုက်ပေမယ့် သူ့အချစ်ကို ပြန်ရအောင်ယူပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ မကြိုးစားခဲ့ဘူး ... အဲဒါကိုလည်း မင်းကို ငါ ကတိပေးထားပြီးသား ... ခုဟာ ရှင်နှောင်းရဲ့မွေးနေ့ ... ငါ နှစ်စဉ်ပေးနေကျ ... အဲဒီလို ပေးရတာကလည်း ငါနဲ့ ရှင်နှောင်းက ဟိုးငယ်ငယ်က ပေါင်းသင်းလာတဲ့ ငယ်ပေါင်းတွေ ဖြစ်ခဲ့လို့ပဲ ... ဒီတော့ မင်းအနေနဲ့ ဒီကိစ္စကို တားပိုင်ခွင့်ကို မရှိဘူး ဥက္ကာ"

"တောက်"

သူ့စကားအဆုံးမှာ ဥက္ကာကျော်က မကျေမနပ်နှင့် တောက်ခေါက်လိုက်သည်။ သို့သော်လည်း ဘာမှတော့ မပြောပါ။

"ဥက္ကာကျော် .. နင် ဘာသဝန်ကြောင်တာလဲ ... နှင်းဦးမောင်ရဲ့စိတ်ဓာတ်ကို မသိဘူးလားဟင်"

စိတ်ဆိုးဆိုးနှင့် သူမ ဥက္ကာကျော်ကို ဖွတ်ကော လိုက်သည်။ ဥက္ကာကျော်ကတော့ ဘာမှပြန်မပြောတော့ပေမယ့် မျက်နှာကတော့ သုန်သုန်မှုန်မှုန်။

"ရှင်နှောင်း"

တည်ငြိမ်သော လေသံလေးဖြင့် နှင်းဦးမောင် ခေါ်လိုက်တော့ ...

"ဘာလဲ နှင်း"

"ငါ ပြန်တော့မယ်ဟာ"

သူမရင်ထဲ ဟာခနဲ ဖြစ်လို့သွားခဲ့ရသည်။





မပြန်ပါနဲ့ဦးလို့လဲ မတားမြစ်နိုင်တဲ့ဘဝကို ရောက်နေတော့ အပြုံးတုကလေးကို ပြုံးပြရင်း ခေါင်းညိတ်ပြလိုက်သည်။

နှင်းဦးမောင်က ဥက္ကာကျော်ကို တစ်ချက် စွေကနဲ ကြည့်လိုက်သည်။

"သူငယ်ချင်း ... ကိုယ်ပြန်တော့မယ် ... မင်းရင်ထဲမှာ ဘာတွေဘယ်လို ဖြစ်နေတယ်ဆိုတာ ငါသိတယ် ဥက္ကာ ... မင်း မစိုးရိမ်ပါနဲ့ ... မင်း ဖြစ်ချင်တဲ့အတိုင်း ဖြစ်အောင် ငါနေပေးမယ် ဟုတ်လား"

ဥက္ကာကျော်ကတော့ မကျေမနပ်ပုံစံဖြင့် သူ့ကို ကျောပေးကာ ခါးထောက်လို့ ရပ်နေလိုက်သည်။

"ဒါပေမယ့် မင်းကို တစ်ခုတော့ ထပ်ပြီးပြောဦးမယ် ဥက္ကာ ... မင်းပြောတဲ့အတိုင်း ကတိတစ်ခုနဲ့ ငါနေသလို ပင်းလည်း နှောင်းအပေါ် သစ္စာရှိစွာနဲ့နေပါ ... မင်းဘက်က နှောင်းအပေါ် သစ္စာမရှိခဲ့ရင် မင်းကို ငါ ကောင်းကောင်းကြီး Lesson ပေးရလိမ့်မယ်ဆိုတာ မင်း သိထားလိုက်ပါ"

ပြောပြီးသည်နှင့် နှင်းဦးမောင် ချာကနဲ လှည့်ထွက်လို့ သွားတော့သည်။

"နှင်းဦးမောင်"

ဥက္ကာကျော်က ခပ်ထန်ထန်လေးကို လှမ်းခေါ် လိုက်သည်။ နှင်းဦးမောင်က ခြေလှမ်းတွေကို တုံ့ကနဲရပ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သမင်လည်ပြန် ကြည့်လိုက်၏။

"မင်း ငါ့ကို စိန်ခေါ်လိုက်တာလား ကောင်လေး"

"ဟင့်အင်း ... မင်းကိုစိန်ခေါ်တာ မဟုတ်ဘူး ... မင်း ရှင်နှောင်းအပေါ်ကိုချစ်တဲ့ အချစ်ကို စိန်ခေါ်တာပဲ ... ဥက္ကာ ကဲ ငါသွားမယ်"

"ဟာကွာ"

ဥက္ကာကျော် ဒေါသထွက်ထွက်နဲ့ လေထဲကို ခြေထောက်တစ်ဘက်ဖြင့် လှမ်းခတ်လိုက်၏။ ချာခနဲ လှည့်ထွက်သွားသည့် ဖွန်ဦးမောင်ကို ရှင်နှောင်း လှမ်း၍ တားလိုက်မည်လုပ်ပြီးမှ ကိုယ်ရှိန်ကို သပ်လိုက်ရသည်။

ဖွန်ရယ် ... ။

စိတ်ထဲကနေ ကြေကွဲဟမ်းတစွာ ခေါ်လိုက်ရသည့်နောက် ဖွန်ဦးမောင်၏ ကျောပြင်ကို တမ်းတငေးမောစွာ ကြည့်နေလိုက်ပါတယ်။ သူမရင်ထဲမှာတော့ မီးစတစ်ခု ရောက်ရှိလို့ ခံစားနေရ၏။

"ဥက္ကာကျော်"

စူးရှခက်ထန်သည့် လေသံဖြင့် မီးတောက်တစ်ခုပမာ ဖြစ်နေသည့် မျက်ဝန်းအကြည့်တို့နှင့် သူမ ဥက္ကာကျော်ကို ခေါ်လိုက်သည်။

"ဘာလဲ နှောင်း"





"နင် သိပ်ရိုင်းတယ် သိလား ... နင့်ကို ငါ အဲလို မထင်ထားဘူး"

ဒေါသသွေးတို့ရဲနေသော မျက်နှာနှင့် ဥက္ကာကျော်ကို သူမ ကျားရိုင်းမတစ်ကောင်လို ရန်တွေ့လိုက်ပါ၏။

ဒါပေမယ့် ဥက္ကာကျော်က သူမကို မခန့်လေးစား အကြည့်နှင့် ကြည့်ရင်း ...

"ပြောစမ်း ရှင်နှောင်း .. နင်ကြိုက်သလိုပြော ... ငါ နားထောင်နေတယ်"

အေးအေးဆေးဆေး တည်ငြိမ်စွာပင် ပြန်ပြောလိုက်ပါသည်။ သူ၏ အေးစက်စက်နိုင်မှုကြောင့် ရှင်နှောင်းဒေါသတွေ ပေါက်ကွဲထွက်ကုန်တော့သည်။

"အေး ပြောမယ် ... နင်ဟာ ယောကျ်ားတစ်ယောက် ဖြစ်ပြီး သိပ်ကို အောက်တန်းကျတာပဲ ဥက္ကာ"

"ဘာ"

ရှင်နှောင်း၏စကားကြောင့် ဥက္ကာကျော်မျက်နှာ ခက်ထန် တင်းမာသွားတော့သည်။

ပြီးတော့ ရှင်နှောင်း၏ ရှေ့သို့သွားရပ်ပြီး ...

"အောက်တန်းကျတယ် ဟုတ်လား နှောင်း ... ဒီလို အောက်တန်းကျတာက နင့်ကြောင့် ရှင်နှောင်း ... နင့်ကြောင့် အဲဒါသိလား"



www.burmeseclassic.com

www.burmeseclassic.com



ရှင်နှောင်း အသားတွေ တဆတ်ဆတ် တုန်ယင်လို့ လာသည်။ ဒေါသတွေ ဖြစ်လွန်းအားကြီးလို့လည်း မျက်ရည်များပင် ကျလာခဲ့ရသည်။

ပြီးတော့ မခံချင်စိတ်တွေ၊ နာကျည်းခြင်းတွေက ရင်ထဲမှာ ပြည့်နှက်လာ၏။

ဥက္ကာကျော်ကိုလည်း ရွံမုန်းစွာ ကြည့်လိုက်တယ်။ နောက်မှ တည်ငြိမ်အေးဆေးသောလေသံဖြင့် ဥက္ကာကျော်ကို ပြောလိုက်၏။

"ဘာပြောတယ် ... ငါ့ကြောင့် ဟုတ်လား ဥက္ကာ"

"ဟုတ်တယ် ... နင့်ကိုငါ ဘယ်လောက်ချစ်တယ် ဆိုတာ နင်မသိဘူး ... တစ်ခြားယောကျ်ားတွေနဲ့ ဆက်ဆံတာကို ငါဘာမှ ကန့်ကွက်စရာ မရှိပေမယ့် ဖွန်ဦးမောင်ကိုတော့ ငါ ကန့်ကွက်ရလိမ့်မယ် သိလား ရှင်နှောင်း"

"ဟဲ့ ... နင်ဘာကြောင်နေတာလဲ ... ဖွန်ဦးမောင်က နင်နဲ့ငါရဲ့ သူငယ်ချင်းလေ ဥက္ကာကျော်ရဲ့"

"အေး အဲဒါကြောင့် ငါကန့်ကွက်တာ ... ဖွန်ဦးမောင် ကလည်း နင့်ကိုချစ်တယ် ... နင်ကလည်း သူ့အပေါ် သံယောဇဉ်ရှိတယ် ... ကြာရင် နင် သူ့ကို ချစ်သွားနိုင်တယ် နှောင်း ... ဒါကို ငါ သိနေတယ်လေ ... ဒါကြောင့် ငါ မဆက်ဆံနိုင်းတာပဲ"





"နင် အရူးပဲ"

"ဟုတ်တယ် နှောင်း ... ငါ နင့်အချစ်နဲ့ပတ်သက်ပြီး ရူးသွပ်နေတယ်"

"အဲဒါဆိုရင်လည်း အရူးနဲ့ ဘုရားမသွားချင်တော့ဘူး ဒါပဲ"

ရှင်နှောင်း ဒေါသဖြစ်ဖြစ်နှင့် အိမ်ထဲသို့ ပြေးဝင်သွားလိုက်တော့သည်။

"ရှင်နှောင်း ... နှောင်း"

ဥက္ကာကျော် လှမ်းခေါ်လိုက်သည်။

ဒါပေမယ့် ရှင်နှောင်းက လုံးဝကို လှည့်မကြည့်တော့ပါ။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

အိုအချစ် . . .

နူးညံ့သိမ်မွေ့တဲ့ အချစ်အကြောင်းလေးတွေ သင် ပန့်တင်းဆိုင်ရှင်း ရှိပါရက်နဲ့ . . .

သင်သည် အဘယ်ကြောင့် ကျွန်ုပ်တို့ အားစက်လွန်းသည့် ဥပေက္ခာအချစ်တစ်ခုကို လက်ဆောင်အဖြစ် ပေးစွမ်းခဲ့ရပါသလဲ . . .



ရှင်နှောင်း၏ မွေးနေ့ပွဲအပြီး နောက်ပိုင်းတွင် ကျွန်တော် ...း်ယောက် အရာအားလုံး မေ့ပျောက်လို့ ထားခဲ့လိုက်ပါတယ်။

အရာအားလုံးဆိုသည်ကတော့ . . . ရှင်နှောင်းနှင့် ...က်သက်သော အရာကိစ္စမှန်သမျှတွေ . . . ဥက္ကာကျော်နှင့် ...က်သက်သော အရာကိစ္စမှန်သမျှတွေ . . . ။

ဒါတွေအားလုံးကို မေ့ပစ်အောင် မေ့လိုက်ပါတော့သည်။ ...သာလျှင် ပြဿနာအားလုံးက ချုပ်ငြိမ်းတော့မည် မဟုတ် ...ာ။

ကျွန်တော့်ကြောင့် ရှင်နှောင်းနှင့် ဥက္ကာကျော်တို့နှစ်ဦး ...ပက္ခဖြစ်ကုန်တော့မည်ကိုတော့ ကျွန်တော် တကယ်



www.burmeseclassic.com

www.burmeseclassic.com



မလိုလားတာ အမှန်ပါ။ ထို့ကြောင့်လည်း ကျွန်တော်သည် အိမ်သို့ မပြန်တော့ဘဲ ကုမ္ပဏီတွင်သာ သူငယ်ချင်း တေကီရို နှင့် အတူနေတော့တာဆိုရင်ဖြင့် ရက်အတော်အံတန်ကို ကြာသွား ခဲ့ပါပြီ။

နောက်တော့လည်း သူတို့နှစ်ယောက်အကြောင်းကို လုံးဝ မစဉ်းစားတော့ဘဲ လုပ်ငန်းထဲ၌သာ ကျွန်တော် အာရုံ တွေကို နှစ်မြှုပ်ထားလိုက်ပါသည်။

သို့သော် တစ်နေ့သောအခါတွင် ကျွန်တော့်ဆီသို့ ရှင်နှောင်းတစ်ယောက် ပေါက်ချလာခဲ့ပါတော့၏။ အရာ အားလုံးကို မေ့လို့ထားသည့်တိုင် ရှင်နှောင်းကြောင့် ပြန်၍ အမှတ်ရလာခဲ့ပြန်၏။ ကျွန်တော်တစ်ယောက် သူတို့နှစ်ယောက်၏ စက်ကွင်းကို လွတ်အောင်လို့ကို မရှောင်နိုင်ပါလား။

ကျွန်တော့်ဆီရောက်လာသည့် ရှင်နှောင်းကို ကျွန်တော် အေးချမ်းတိတ်ဆိတ်ငြိမ်သက်သော Restaurant တစ်ဆိုင်သို့ ခေါ်ကာ သွားလိုက်တော့၏။

ရှင်နှောင်းနှင့် အတူမသွားခဲ့ရသည့် အချိန်တွေ ရက်တွေ အတော်ကြာသွားခဲ့တော့ ဟိုးအရင်က ကျွန်တော်တို့သုံးယောက် ခုလို ဆိုင်တစ်ဆိုင်တွင် တစ်ပတ်တစ်ကြိမ် သွားရောက်စားသုံး ခဲ့ကြတာကို သတိရလိုက်ပြန်သည်။ ထိုသို့ သတိရလိုက် ခြင်းကြောင့်လည်း အပြုံးကလေးတစ်ခုက ကျွန်တော့်မျက်နှာတွင်





ဖြစ်ပေါ်လာခဲ့ရသည်မဟုတ်လား။

"နှန် ဘာပြုံးတာလဲ"

"ဪ ဘာမှမဟုတ်ပါဘူး နှောင်း . . . ဟိုးတစ်ချိန် တုန်းက တို့သူငယ်ချင်းသုံးယောက် ခုလို ဆိုင်မှာ စားကြ သောက်ကြတာတွေကို သတိရလို့ပါဟာ"

ကျွန်တော်ပြောလိုက်တော့ ရှင်နှောင်းမျက်နှာလေးက ကွက်ကနဲ ပျက်လို့သွား၏။

ဒါပေမယ့်ပေါ့ သူမ ချက်ချင်းပဲ မျက်နှာကို ပြုံးရွှင် အောင်ပဲ ပြင်လိုက်ပါတယ်။

"အဲဒီတုန်းက တို့သုံးယောက်လုံးက အဖြူရောင် သံယောဇဉ်တွေနဲ့ဆိုတော့ သိပ်ပျော်ဖို့ကောင်းတာပေါ့ နှန် . . ခုတော့ နင်တို့နှစ်ယောက်က ငါ့အပေါ်ကို အရောင်ဆိုးလာ ကြတာလေ"

ရှင်နှောင်း ပြောတာလေးကလည်း ဟုတ်တော့လည်း ဟုတ်၏။ ကျွန်တော်နှင့် ဥက္ကာကျော်တို့ စိတ်ရိုင်းတွေက အရောင်ဆိုးလိုက်ခြင်းပါ။ ခုတော့ အဖြူရောင်ပေါ် စွန်းထင်း ခဲ့သည့် အရောင်တွေက ပယ်ဖျက်လို့မရတော့။

ထိုအရောင်တွေကတော့ အနီရောင်နှင့် အပြာရောင် တွေပါပဲ။ ဒီအရောင်နှစ်ခုနှင့်ပတ်သက်သော စကားတို့ကို ကျွန်တော်နှင့် ဥက္ကာကျော်တို့က တစ်ဦးတစ်ဦး သဘောထား



www.burmeseclassic.com

www.burmeseclassic.com



ကွဲလွဲကြဘူးပါသည်။

သို့သော် သူနှင့်ကျွန်တော် တူညီသော အချက်တစ်ခု ရှိခဲ့ပါသည်။ ထိုအရောင်နှစ်ခုလုံးသည် အချစ်ကိုဖော်ပြသည့် သင်္ကေတဟု ခံယူထားခြင်းပင်။

ဥက္ကာကျော်က အနီရောင်သမား ...

ကျွန်တော်က အပြာရောင်ကို နှစ်သက်သူ။

အနီးရောင်သည် အချစ်၏သစ္စာအရောင် ...

အပြာရောင်သည် အချစ်တစ်ခုအတွက် သင်္ကေတ အရောင်ဟု ... ။

ဒါကို ရှင်နှောင်းက နီသောသစ္စာ ပြာသောအချစ်ဟု ခေါ်ဝေါ်ပြောလိုက်တော့လည်း ကျွန်တော်နှင့် ဥက္ကာ ကျေနပ်လိုက်ကြရတော့တာပေါ့။ ခုတော့လည်း ရှင်နှောင်း၏ နှလုံးသား ထဲမှာ အနီနှင့် အပြာရောင်တွေ ဖုံးလွှမ်းနေတယ်ဆိုတာ ကျွန်တော် သိတာပေါ့။

"နှောင်းရယ် ... အဲဒီအချိန်တုန်းက နင့်နှလုံးသား ထဲမှာ တစ်ခြားတစ်ယောက်ရဲ့ အရောင်အသွေးတွေ ကိန်းဝပ် သွားမှာ ငါနဲ့ ဥက္ကာ အစိုးရိမ်ဆုံးပေါ့လေ ... ဒါကြောင့်လည်း ငါတို့က နင့်ကို တို့နှစ်ယောက်ထဲက တစ်ယောက်ကို မြန်မြန် ရွေးခိုင်းလိုက်တာပေါ့"

"မြန်မြန်ရွေးခိုင်းလိုက်တော့ နင်ခုလို ခံစားသွားရတယ်





ပဟုတ်လား ဇွန်"

သူမရဲ့စကားကြောင့် ကျွန်တော့်ရင်ထဲမှာ ကျင်ကနဲ ခံစားလို့ သွားရတော့၏။

"ငါလည်းမှားပါတယ် ဇွန် ... အချစ်တစ်ခုကို နှလုံးသားခံစားမှုနဲ့ မရွေးဘဲ မဟုတ်တရုပ်နည်းတွေနဲ့ လုပ်လိုက် ရွေးချယ်လိုက်တော့ ခံစားကြကုန်တာပေါ့"

ဒါဆိုရင် နှောင်းရယ် ...

နှလုံးသားနဲ့ ခံစားတတ်တယ်ဆိုတဲ့ အချစ်ကိုပဲ ပြန်ရွေးချယ်လိုက်ပါလား ဟင် ... ။

ကျွန်တော့်စိတ်ထဲမှာ ကိုယ့်အတ္တလေးကို ရှေ့တန်း တင်ပြီး' ပြောနေမိတယ်လေ။

"အဲဒါ ဒဏ်ခတ်ခံရတာ သိလား ဇွန်"

"ဟင် ဘယ်လို ဒဏ်ခတ်ခံရတာလဲ"

"ဒီလိုလေ ... နှောင်းက အချစ်ကို လေးလေးစားစား မရှိဘဲ ဂရုမစိုက်ဘဲနဲ့ လုပ်လိုက်တော့ အချစ်ဆိုတဲ့နတ်က နှောင်းကို ဒဏ်ခတ်လိုက်တာပေါ့လို့"

"ဟင့်အင်း ... မဟုတ်သေးဘူး နှောင်း"

"ဘာမဟုတ်တာလည်း ဇွန်"

"ဒီလိုလေ ... နှောင်းလုပ်ရပ်ကြောင့် နှောင်းကို ဒဏ်ခတ်ခံရတာတင်မကဘူး ကိုယ့်ကိုပါ ပူးတွဲ ဒဏ်ခတ်ခံလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရတာပါ နှောင်းရယ်''

''အို''

အမှတ်မထင်ပြောလိုက်သည့် စကားလေးကြောင့် သူမ မျက်နှာလေးက ပျက်လုလုဖြစ်လို့သွား၏။

ဒီတော့မှ ကျွန်တော့်စကားတွေက သူမကို အပြစ်တင်သလို ဖြစ်သွားတော့သည်။

''ဖွန်ရယ် ... ငါ တောင်းပန်ပါတယ်နော်''

ကျွန်တော်က ခေါင်းကို ခါရမ်းလိုက်ပါတယ်။ ဒါပေမယ့် ကျွန်တော့်မျက်နှာကတော့ အပြုံးမျက်နှာနဲ့ပါ။

''တောင်းပန်းစရာမလိုပါဘူး နှောင်းရယ် ... ကံကြမ္မာ အခြေအနေက ဒီလိုပဲ ဖန်တီးလာခဲ့တာပဲလေ ... နင်နဲ့ငါ ဒီလိုပဲ ပေးဆပ်ရမှာပေါ့''

''နင်သိပ်ပြီး လူကြီးဆန်သွားတယ် ဖွန်''

''အခြေအနေနဲ့ အချိန်အခါက လူတွေကို ပြောင်းလဲပေးသွားတတ်ပါတယ် နှောင်း ... ကဲပါဟာ ဒါတွေ ပြောနေလို့လဲ ပြီးဆုံးမှာ မဟုတ်တော့ဘူး နှောင်း ... ခု ကိုယ်ဆီလာတာ ဘာကိစ္စရှိလို့ လာတာလဲ''

ဟင်းကနဲ ရှင်နှောင်း သက်ပြင်းလေးကို မသိမသာ ချလိုက်သည်။

''နင့်ကို လာတောင်းပန်တာပါ ဖွန်''





''ဟင် ဘာအတွက်လဲ''

ကျွန်တော် တော်တော့်ကို အံ့သြလို့သွားရသည်။ ထူးထူးခြားခြား ဘာကိုများ တောင်းပန်ချင်လို့ပါလိမ့်။

''ငါ့မွေးနေ့တုန်းကလေ ... ဥက္ကာကျော် ပြောတဲ့ စကားတွေအတွက် နင့်ဆီလာပြီး ငါတောင်းပန်တာ ဖွန်''

''ဩော် ဒီကိစ္စလား''

အင်းဟု ရှင်နှောင်းက ခေါင်းညိတ်ပြသည်။

''ဘယ်မှာလဲ ငှက်ပျောပွဲ အုန်းပွဲ''

ကျွန်တော်မေးလိုက်တော့ ရှင်နှောင်း ကြောင်တောင်တောင် ဖြစ်လို့သွားသည်။

''ဘာလဲ ငှက်ပျောပွဲ အုန်းပွဲ''

''ဩော် တောင်းပန်တယ်ဆိုရင် ငှက်ပျောပွဲတွေ၊ အုန်းပွဲတွေနဲ့ ပြင်ဆင်ပြီးမှ တောင်းပန်ရတယ်လေ''

''ဟာ နင်တော်တော် နောက်တယ်''

ကျွန်တော် ညင်ညင်သာသာလေး အသံထွက်ပြီး ရယ်မောလိုက်တယ်။ သူမကလည်း နှုတ်ခမ်းလေးကို လက်ဝါးလေးပိတ်ပြီး ရယ်မောတော့တာပေါ့။

''နှောင်းရယ် တို့တတွေက ငယ်ပေါင်းတွေပါ ... ဒူင့်မလွှတ်နိုင်စရာ မရှိပါဘူးဟာ''

''ဘာပဲဖြစ်ဖြစ်လေ ... ဥက္ကာကျော်ပြောတဲ့ စကား



www.burmeseclassic.com

www.burmeseclassic.com



တွေက နင့်နဲ့ငါ့ကို ဂုဏ်သိက္ခာအရ စော်ကားခဲ့တာ ... အဲဒီအတွက် နင့်ကို မတောင်းပန်လို့ရမလား"

"သူ့ဘက်ကကြည့်ရင်တော့ မှန်တာပေါ့ ... အပြစ်ပြောစရာတော့ မရှိပါဘူး ... ငါ့ကို မယုံဘူးဆိုလည်း မယုံချင်စရာလေ ... ငါကို နင်က ငယ်ငယ်လေးကတည်းက သူ့ထက်ပိုပြီး အရေးပေးခဲ့တာ သူ စိုးရိမ်တာပေါ့"

"ဟင်း အဲဒါနဲ့ ဘာမှမဆိုင်ဘူး ... သူ့ကိုယ်သူကိုယ်က သဝန်တိုတာ ... အဲဒါမျိုးကို သိပ်မုန်းတာပဲ"

နှုတ်ခမ်းလေးစူတူတူနဲ့ မျက်နှာလေးက ချက်ချင်းပုပ်သိုးလို့သွားသည့် ရှင်နှောင်း၏ မျက်နှာလေးကိုကြည့်ရင်းကျွန်တော် ကရုဏာသက်လို့သွားရသည်။

"ဒီကောင် အဲဒီလို ငါ့ကို ဆက်ဆံလိုက်တာကိုကြည့်ရင် နင့်အပေါ်ကိုတော့ တော်တော် အချစ်ကြီးလိမ့်မယ် ထင်တယ် နှောင်း"

"ဒါပေမယ့် သူငယ်ချင်းအချင်းချင်း အခုလို ဆက်ဆံတာတော့ ငါမကြိုက်ဘူး"

"သူ့ကို ငါတို့နှစ်ယောက် ခွင့်လွှတ်လိုက်ကြရအောင်လား နှောင်းရယ်"

"နင်တကယ် သဘောထားပြည့်ဝတယ် ဖွန်ရယ် .. ဥက္ကာလည်း နင့်လို သဘောထားပြည့်ဝရင် ဘယ်လောက်





ကောင်းမလဲနော်"

ပြော်ဘဲ နှောင်းရယ် ... ။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီခွက်ထဲကဇွန်းကို ကိုင်ပြီး မွှေနှောက်လိုက် ပေမယ့် ဦးစိုးထိုက်ရဲ့ရင်ထဲတွင် တစ်စုံတစ်ခုကို တွေးတော နေသည့်ဟန်က အထင်းသား ပေါ်လွင်လို့နေ၏။

ဒီကောင် ဘာဖြစ်လို့ အိမ်မှာမနေဘဲ ကုမ္ပဏီမှာ လာနေရတာလဲ။

စိတ်ထဲကအတွေးကို ဖနီးသည့် ဒေါ်ခင်မြတ်မွန်သို့ ဖွင့်အန်မေးလိုက်တော့၏။

''ခင်''

''ရှင် ... ဘာလဲဟင်''

ဒေါ်ခင်မြတ်မွန်ကလည်း လက်ဖက်ရည်သောက်ရင်းမှ





မော့ကြည့်ရင်း မေးလိုက်သည်။

''မင်းသားကို ကြည့်ရတာ တော်တော့်ကို ထူးဆန်း နေတယ်လို့တော့ ကိုယ်ထင်တယ် ခင်ရယ်''

''ဘာထူးဆန်းနေလို့လဲ''

''မဟုတ်ဘူးလေကွာ ... ဒီကောင် အိမ်မှာ နေလို့ ရရဲ့သားနဲ့ ဘာဖြစ်လို့များ ကုမ္ပဏီမှာလာနေရတာလဲလို့ ... အဲဒါကိုက ထူးဆန်းနေတာပေါ့ ခင်''

ဒေါ်ခင်မြတ်မွန် ဦးစိုးထိုက်စကားကြောင့် တွေဝေ စဉ်းစားသွားသည်။

''ဟုတ်တယ်နော် ... ကိုယ်ပြောမှပဲ ခင်လည်း စဉ်းစားမိတော့တယ်''

''ကိုယ် ကုမ္ပဏီမှာ အလုပ်လုပ်တာကိုတော့ ကိုယ် အံ့ဩပါဘူး ... ကျောင်းပြီးသွားရင်း လုပ်ငန်းခွင် ဝင်ရမယ် ဆိုတာ သူသိသားပဲ ... ဒါပေမယ့် ကုမ္ပဏီမှာ နေတာကိုက တစ်ခုခုတော့ တစ်ခုခုပဲလို့ ကိုယ်တွက်မိတာ ခင်''

''မောင်ဥက္ကာကျော်နဲ့များ ရန်ဖြစ်ထားလို့လား မသိဘူး''

ဒေါ်ခင်မြတ်မွန်က သူ့ထင်မြင်ချက်လေးကို ပြောလိုက် သည်။

''ခင်ကလည်း ငယ်ရွယ်တဲ့ကလေးတွေမှ မဟုတ်တာ၊ ဒီလောက်နဲ့တော့ အိမ်ကိုပစ်ပြီး ကုမ္ပဏီမှာတော့ လာမနေ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါဘူးကွာ''

''ပြောမယ့်သာ ပြောရတာပါ ... သူတို့သူငယ်ချင်းတွေ ရန်ဖြစ်တယ်ဆိုတာ တစ်ခါမှ မကြားခဲ့ပါဘူး''

''အဲဒါပြောတာပေါ့ ... ထူးခြားပါတယ်လို့ဆိုနေ''

ဦးစိုးထိုက်က ပြောရင်းနဲ့ မုန့်တစ်ခုကို ယူစားလိုက်ရင်း ကော်ဖီခွက်ကိုယူကာ ဖြေးဖြေးချင်း မော့သောက်လိုက်ပါသည်။

''ဒါနဲ့ ခင်''

ဒေါ်ခင်မြတ်မွန်က လက်ရည်ငုံသောက်နေရာမှ ဦးစိုးထိုက်ကို မော့ကြည့်လိုက်ပါတယ်။

''ကိုယ် စဉ်းစားကြည့်မိတယ်ကွ သိလား''

''ဘာကို စဉ်းစားမိလဲ''

''ဟိုဘက်တစ်အိမ်ကျော်က ဦးဇော်မင်း၊ ဒေါ်ခင်နှောင်းမေတို့ရဲ့သမီး ဟို ဘယ်သူ''

''ရှင်နှောင်းလေ''

''ဩော် အေးအေး ... အဲဒီကောင်မလေး ရှင်နှောင်းနဲ့ရော စကားများ ရန်ဖြစ်ကြသေးလား ခင်''

ဒေါ်ခင်မြတ်မွန် စဉ်းစားလို့သွားသည်။

သူတို့သူငယ်ချင်းတွေ ခုတစ်လော ရန်ဖြစ်တယ်ဆိုတာ အသံမကြားရ။ သို့သော် တစ်ခု သတိထားမိသည့် အချက်လေးတွေတော့ ရှိသည်။





''တစ်ခုတော့ သတိထားမိတယ် ကိုယ်ရဲ့''

''ဘာကိုလဲ ခင်''

''အိမ်ကို ရှင်နှောင်းနဲ့ ဥက္ကာကျော်တို့နှစ်ယောက်လည်း လာတာကြာပြီ ... နောက်ပြီးတော့ သူတို့နှစ်ယောက်လုံး ခြံပြင်ကို အတူတူ သွားလာကြတာတော့ ခဏခဏ တွေ့သားပဲ''

ဒေါ်ခင်မြတ်မွန်စကား ကြားတော့ ဦးစိုးထိုက်မျက်နှာ ပြုံးလို့သွားလိုက်၏။

''ကိုက ဘာကိုပြုံးတာလဲ''

''သေချာပါပြီကွာ ... မင်းသား အချစ်ရူးသမား ဖြစ်သွားပြီ ခင် ... ဒါကြောင့် ဒီကောင် ငါ့ကုမ္ပဏီအခန်းမှာ လာပြီး အလွမ်းဖြေတာကိုး''

''ဟုတ်တယ် ဟုတ်တယ် ... ကို ပြောမှပဲ ကျွန်မလည်း တွေးမိတော့တယ် ... တော်ကြာ သားလေး ပေါက်ကရတွေ လုပ်နေမှဖြင့် ဒုက္ခ''

''ပေါက်ကရတော့ မလုပ်ပါဘူး ခင် ... ဟိုမှာ ဗိုက်ကိုရိုးဆိုတဲ့ ကောင်လေး ရှိတယ် ... ဒီကောင် ဘာမှ မဖြစ်ပါဘူးကွာ ... အဲဒါတော့ မင်းစိတ်ချ''

ခုတော့ဖြင့် ဒေါ်ခင်မြတ်မွန် စိုးရိမ်စိတ်တွေ ဖြစ်ပေါ် လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ပါဘူး ... သားကို အိမ်ပြန်ခေါ်မှ ဖြစ်တော့မယ်"

"မင်း အဲဒီလောက်ထိ မစိုးရိမ်ပါနဲ့ ... ဟိုမှာ နေရတာ ဒီကောင် အသားကျနေပြီကွာ ... အလုပ်ထဲလည်း စိတ်ကိုနှစ်ထားတာ ကိုယ်တော့ သဘောကျတယ်"

"ဟာ ကိုကလည်း မဖြစ်သေးပါဘူး ... ဟိုမှာ ဖြစ်သလိုစားနဲ့ စားချိန်သောက်ချိန်မမှန်ဘဲ ဖြစ်နေမယ် ... ညညဆို လူငယ်တွေဆိုတော့ ဟိုလျှောက်သွား ဒီလျှောက်သွားနဲ့ အရက်တွေသောက် ... အို ခင်တော့ ပြောရင်းနဲ့ကို စိတ်ပူလာတယ် ရှင်"

ဒေါ်ခင်မြတ်မွန် စိုးရိမ်စိတ်တွေနဲ့အတူ လွှက်ရည်လည်း မသောက်တော့။ မုန့်လည်း မစားတော့ပါ။

"ကို"

"ဟင် ဘာလဲ ခင်"

"ကုမ္ပဏီကိုရောက်ရင် သားကိုပြောလိုက် ... ဒီည အိမ်မှာ ပြန်လာအိပ်လို့"

"ခင်ကလည်းကွာ သူ့အရှိန်နဲ့သူ လွှတ်ထားလိုက်စမ်းပါ၊ ဟော့ ဒီမှာ ခင် ကိုယ်တို့သားက ပေါက်ကရတွေ လုပ်မယ်လို့ ထင်သလား"

ဒေါ်ခင်မြတ်မွန်၏မျက်နှာက သုန်မှုန်လို့သွားသည်။

"ဒါပဲ ... မင်းတို့မိန်းမတွေ ပြောလိုက်ရင် စိတ်ကောက်





ကြ အရင်ပဲ ... တော်ပြီ ... ကိုယ်လည်း ကုမ္ပဏီကို သွားတော့မယ်"

"ဟင်း ပြောလိုက်ရင် ဒီလိုချည်းပဲ ... ဒါဆိုလည်း သားကိုပြောလိုက် ... အိမ်ကို ခဏလာဦးလို့"

"အေးပါကွာ ... မင်းသား သူငယ်နှပ်စားလေးကို ပြောလိုက်ပါ့မယ်"

ဒေါ်ခင်မြတ်မွန်၏ မျက်စောင်းက ဦးစိုးထိုက်ထံသို့ ပြင်းခနဲ ရောက်သွားတော့သည်။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



အမေပြောထားခြင်းကြောင့် ညနေ အလုပ်ဆင်းချိန်တွင် ကျွန်တော် အိမ်သို့ ခေတ္တ ပြန်သွားခဲ့ရသည်။

အိမ်သို့ရောက်တော့ အမေက ကျွန်တော့်ကို အိမ်မှာပင် ပြန်နေရန်ကို ပြောနေတော့သည်။ ကျွန်တော်ကလည်း ငြင်းသည်။ ဘာမှ မဖြစ်စေရဘူးဆိုတာကို ပြောပြနေရ၏။

"မဟုတ်ဘူးကွာ ... မင်းကို အမေ စိတ်မချနိုင်ဘူး သား"

"ဩော် အမေကလည်း သားက ဘာတွေလုပ်နေလို့လဲ"

"ဘာတွေလုပ်လုပ် မလုပ်လုပ် ... မင်း အိမ်မှာ ပြန်နေကွာ ... အိမ်ကနေမှ အလုပ်သွား ... ဒါပဲ မင်း





အမေ့ကို ဘာမှ ဆက်မပြောနဲ့တော့"

"မဟုတ်သေးဘူး အမေရာ ... ကျွန်တော် ကလေး မဟုတ်တော့ပါဘူး"

"အဲဒါ ပိုဆိုးတာပေါ့ ... ကလေးဆိုရင် ဘာမှ မပြောရဘူး ... ခု မင်းက အရွယ်ရောက်နေပြီလေ ... ဖျက်စီးမှာစိုးလို့ ပြောရတာ"

ဟူး ....။

ကျွန်တော် တော်တော်လေးကို စိတ်ပျက်လို့သွားသဖြင့် ထိုင်ထားသည့် ဆက်တီပေါ်တွင် ခြေပစ်လက်ပစ် နောက်သို့ မှီချကာ သက်ပြင်းရှည်ရှည်တစ်ချက်ကို မှုတ်ထုတ်လိုက်ပါတယ်။

"အမေနဲ့တော့ ခက်နေပါပြီ"

"မခက်ပါဘူး ... မင်း ငါ့စကားနားထောင်ရင် လွယ်လွယ်လေး"

ကျွန်တော် ဘာမှကိုဆက်မပြောတော့ပါ။ ပြောလို့လည်း မရမှန်းကို သိနေသည်။

အမေကတော့ ပြောသား ...

မင်းကို အိမ်ပြန်ခေါ်ဖို့ပြောနေပြီ ဒီညနေ အိမ်ကို သွားလိုက်ဦးဟု ပြောထား၏။ ငါတော့နားငြီးတယ် ... မိုးမှည်းမိုးချုပ်မှ ပြန်လာမယ်လို့ ဖေဖေက ဝိနည်းလွတ်ကို ရှောင်ထွက်လို့သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ဖေဖေပြောသည့်အတိုင်း ကျွန်တော်လည်း နားငြီးလို့လာခဲ့ရပါသည်။

ကျွန်တော် မေမေ့ကို ဘယ်လိုလုပ် ပြောရမည်ကို မတွေးတတ်တော့ပါ။

ထိုစဉ်ခဏမှာပင် . . .

"ပွမ် . . . ပွမ်"

အိမ်ရှေ့ ပေါ်တီကိုအောက်သို့ ထိုးဆိုက်လာသည့် ကားလေးတစ်စီး၏ အသံကြောင့် ကျွန်တော် ထိုင်နေရာမှ လှမ်းကြည့်လိုက်ပါတယ်။

ဥက္ကာကျော်၏ကား ဖြစ်နေသည်။ ကျွန်တော့်အမေ ကလည်း အိမ်ရှေ့ပေါ်တီကိုအောက်သို့ လှမ်းကြည့်လိုက်ရင်း

"ဘယ်သူလဲ သားရဲ့"

"ဥက္ကာကျော်ပါ အမေ . . . ဒီကောင် ဘာလာလုပ် မသိဘူး"

ကျွန်တော့်၏ နှုတ်ကထွက်လာသည့် စကားကြော မေမေက . . .

"ဟဲ့ မင်း ဥက္ကာကျော်နဲ့ ဘာဖြစ်ထားလို့လဲ"

လျှပ်တစ်ပြက်မေးလိုက်ခြင်းကြောင့် ကျွန်တေ ခပ်ယောင်ယောင်လေး ဖြစ်သွားသည်။ ပြီးမှ အသံကိုထိန်း

"ဟို အင်း ဘာမှမဖြစ်ပါဘူး မေမေရဲ့"





ဒီအချိန်မှာ ဥက္ကာကျော်က ကားတံခါးဖွင့်ကာ ဆင်းလာခဲ့တော့သည်။ ဧည့်ခန်းတွင်းသို့ ဒီကောင် ဝင်လာခဲ့သည့်အချိန်၌ ကျွန်တော့်မျက်နှာက အံ့မှိုင်းကာ သုန်မှုန်နေမယ်ဆိုတာ ကိုယ့်ကိုကိုယ် သိနေသည်။

ပြီးတော့လည်း ကျွန်တော့်စိတ်ထဲတွင် ဒီကောင်ကို ခေါ်ချင် မပြောချင်နေသည့် စိတ်တို့က အတင်း ရောက်လို့လာပါတယ်။

ဒီလိုနဲ့ ဒီကောင် ဧည့်ခန်းတွင်းသို့ ရောက်လာခဲ့တော့ သူ့မျက်နှာက ပြုံးရွှင်လို့နေတာကို တွေ့လိုက်ရတယ်ဆိုရင်ပဲ ကျွန်တော့်စိတ်ထဲမှာ တစ်ခုခုတော့ ထူးခြားနေပြီဆိုတာကို သိလိုက်သည်။

ကျွန်တော်ကတော့ သူ့ကို ခပ်တည်တည် ခပ်တန်းတန်းနှင့် ကြည့်နေစဉ်မှာ . . .

"ဟဲ့ မောင်ဥက္ကာကျော် . . . မတွေ့တာတောင် အတော်ကြာပြီနော်"

"ဟုတ်ကဲ့ အန်တီ"

"မင်းအဖေနဲ့ အမေရော နေကောင်းလားကွယ့်"

"ဟုတ်ကဲ့ အန်တီ . . . နေကောင်းပါတယ်"

ပြောဆိုရင်း ဒီကောင်က ကျွန်တော်နဲ့ ဘေးချင်းယှဉ်ရပ် ဆက်တီထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ကျွန်တော့်မျက်နှာကို ကြည့်လိုက်ပြီး ခပ်ပြုံးပြုံးလေး လုပ်နေတယ်။ ကျွန်တော်ကတော့ ဒီကောင်ကို ခုချိန်ထိ နှုတ်လည်းမဆက်သေး၊ ပြုံးလည်းမပြုံး ရယ်လည်းမပြုံး ရှုတည်တည်ကြီးနဲ့ နေတုန်းပဲပေါ့လေ။

"အန်ကယ်ရော"

ဒီကောင်ကို ကျွန်တော် ခပ်တည်တည် နေပစ်လိုက်ခြင်းကြောင့် ဒီကောင် ကျွန်တော့်ကို မကြည့်တော့ဘဲ မေမေ့ကို ကြည့်ကာ စကားလွှဲပြောလိုက်မှန်း ကျွန်တော်သိသည်။

ကျွန်တော် သိသလို ကျွန်တော့်မေမေကလည်း သိသည်ထင်၏။

"မင်းအန်ကယ် ခုထိ ပြန်မရောက်သေးဘူးကွယ့် .. ဒါနဲ့ မင်းမိဘတွေရော လုပ်ငန်းကိုင်ငန်း အဆင်ပြေကြရဲ့လား"

"ဟာ ပြေပါတယ် အန်တီ"

"အေး အေး ... ကြားရတာ ဝမ်းသာပါတယ် ... မင်းနှယ့်ကွယ် အိမ်ကိုတောင် ရောက်မလာကြဘူး ... နေပို လိုက်ကြတာ ... မင်းတို့သူငယ်ချင်းတွေ အဆင်ပြေကြရဲ့လား"

ကျွန်တော့်မေမေစကားကြောင့် ဒီကောင် ကျွန်တော့်ကို ဖျတ်ကနဲ ကြည့်လိုက်သည်။

ဒါကို ကျွန်တော်က မသိချင်ယောင် ဆောင်ပြ လိုက်သည်။





နောက်တော့ ဒီကောင် မေမေ့ကိုပြုံးပြကာ ...

"အဆင်ပြေပါတယ် အန်တီရဲ့"

"အေးကွယ့် မင်းတို့သူငယ်ချင်းတွေ ဘာမှမဖြစ်ကြရင်တော့ အကောင်းဆုံးပေါ့ကွယ် ... မင်းတို့တွေက ငယ်ငယ်လေးကတည်းက နေလာကြတာဆိုတော့ တစ်ယောက်နဲ့တစ်ယောက် သည်းငြီးခံကြပေါ့နော် ... ဘယ်တော့မှလည်း ရန်မဖြစ်ကြနဲ့ကွယ့်"

"ဟုတ်ကဲ့ပါ အန်တီ ... ကျွန်တော်တို့တွေ တစ်ခါမှ ရန်မဖြစ်ဘူးကြပါဘူး ... ခုလည်း ဒီကောင့်ကို မတွေ့တာကြာလို့ အပြင်ကိုသွားမလို့ လာခေါ်တာပါ အန်တီ"

ကျွန်တော်က ဥက္ကာကျော်ကို အစိမ်းပွာယ်ရှိရှိ ကြည့်လိုက်ပါသည်။ ဒီကောင်က ကျွန်တော့်ကို ခပ်ပြုံးပြုံးလေးနဲ့ ပြုံးပြရင်း

"ငွန့်ဦးမောင် လာကွာ တို့ အပြင်ကို ခဏသွားရအောင်ကွာ"

"ဒါဆို လိုက်သွားလေ သားရဲ့ ... မင်းတို့တွေ အပြင်မှာ ပေါက်ကရတွေတော့ မလုပ်နဲ့နော်"

"ဟာ စိတ်ချပါ အန်တီရဲ့"

"လာ ဟောကောင် ထ သွားမယ်"

ဒီကောင် မတ်တပ်ရပ်လိုက်ရင်း ကျွန်တော့်ကို ခေါ်လိုက်သည်။ ကျွန်တော် မထချင် ထချင်နဲ့ ထလိုက်ရ၏



www.burmeseclassic.com

www.burmeseclassic.com



"ကဲ အန်တီ သားတို့သွားမယ်နော်"

"အေး အေး သွားကြ သွားကြ ... ဟဲ့ ကားကိုလည်း ဖြည်းဖြည်းလေး မောင်းသွားကြနော်"

"ဟုတ်"

ကျွန်တော်တို့နှစ်ယောက် ကားမောင်းထွက်သွားရာသို့ မေမေက ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့တော့သည်။





သူ မရောက်ချင်သည့် နေရာကိုမှ ဥက္ကာကျော်က ရွေးခေါ်လာခဲ့သည်။

သည်နေရာက သူ ကျဆုံးရာနေရာ ... ။

သူ့နှလုံးသား ကွဲကြေရာနေရာ ... ။

ပြောရလျှင်ဖြင့် ဒီနေရာလေးသည် ရှင်နှောင်း၏ ချစ်သူရွေးခဲ့သည့်နေရာ ... ။

သူ့ရဲ့ အောင်မြေမဟုတ် ... ။

အဟောင်းကအသစ်တွေ ဖြစ်လာနိုင်သည့် အတွက်ကြောင့် သူ စိတ်ထဲက ဥက္ကာကျော်ကို သိပ်ဘဝင်မကျမိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာလေးသို့ သူ တစ်သက်လုံး မလာတော့ဘူးဟု စိတ်ပိုင်းဖြတ်ထားခဲ့ပါသည်။ ခုတော့ဖြင့် . . .

"မင်း ငါ့ကို ဘာဖြစ်လို့ ဒီနေရာကို ခေါ်လာခဲ့ရတာလဲ ဥက္ကာ"

"မသိဘူး"

ဥက္ကာကျော်စကားကြောင့် သူ မင်သက်လို့ သွားတော့သည်။

"ငါ မင်းနဲ့ စကားတွေပြောစရာရှိလို့ . . . ဘယ်ကို သွားရမှန်း မသိလို့ ဒီကိုပဲ ခေါ်လာခဲ့တာပါ ဖွန်ဦးမောင်"

သူ့ရင်တွေ ပူလောင်နေသည်ကိုတော့ သူ့ကိုယ်သူ သိနေ၏။ ဒီနေရာ ဒီဝန်းကျင်ကို သူ မုန်းမိပါ၏။ သူ့ကို အကျိုးမပေးသောနေရာ။

ခပ်နောနော့ တိုက်ခတ်လာသည့် လေညှင်းနုနုလေးတွေကိုလည်း သူ မခံစားချင်ပါ။

တလွင့်လွင့် ကြွေကျလာသည့် သစ်ရွက်ဝါလေးတို့၏ ငိုရှိုက်သံကိုလည်း သူ မမြင်လိုလှပါ။

သူ အရင်တစ်ခါကလို ကမ်းစပ်နားတွင် ရပ်နေလိုက်ပါသည်။ ဥက္ကာကျော်ကတော့ သစ်ပင်ကြီးအောက် သစ်မြစ်ဆုံပေါ်မှာ ရပ်နေလိုက်၏။

"မင်းငါ့ကို ဘာပြောချင်လဲ ဥက္ကာ"





"ဖြေးဖြေးပေါ့ကွာ . . . မင်း ငါ့ကို တော်တော်စိတ်ဆိုးနေတယ် ထင်တယ်"

ဥက္ကာကျော်က ရယ်သွမ်းသွေးရင်း ပြောလာသဖြင့် သူ ဥက္ကာကျော်ကို ခေါင်းငုံ့စောင်းကာ မချိပြုံးလေး ပြုံးလို့ ကြည့်လိုက်ပါတယ်။

"စိတ်ဆိုးတာထက် စိတ်မကောင်းဖြစ်သွားတာပါ"

သူ့စကားအဆုံးမှာ ဥက္ကာကျော် ရယ်သွမ်းလိုက်ပါသည်။ ပြီးတော့လည်း သူ့အနီးသို့ ရောက်လာခဲ့တယ်။ မြေပြင်ပေါ်က ခဲလေးတစ်လုံးကို ကောက်ယူလိုက်ပြီး ဟိုးကန်ရေပြင်အလယ်သို့ ပစ်ထည့်လိုက်ပါတယ်။ ခဲလုံးလေးက ကန်ရေပြင်ပေါ် သုံးလေးဆင့် ခုန်ကာ ရှပ်တိုက်ပြေးသွားလိုက်တာကို တွေ့လိုက်ရတော့၏။

"ငါပစ်လိုက်တဲ့ ခဲလုံးလေး တွေ့လား ဖွန်ဦးမောင်၊ သုံးလေးဆင့်ခုန်ပြီးမှ ရေထဲကိုကျသွားတာ . . . အဲဒီအတိုင်းပဲ လူငယ်ချင်း . . . ငါ့နှလုံးသားတွေက ရှင်နှောင်းနဲ့ ပတ်သက်ပြီးတော့ ဒရစပ်ပဲကွာ ခုန်နေလိုက်တာ . . . ရှင်းရှင်းပြောရရင် ရှင်နှောင်းက မင်းအပေါ်ကို ချစ်သွားမှာ ငါစိုးရိမ်တယ် ဖွန်ဦးမောင်"

သူ ငြိမ်သက်စွာပဲ နားထောင်နေလိုက်မိတယ်။

"ငါ သိပ်ကို အတ္တဆန်သွားတယ်ကွ . . . အဲဒါ ငါ



www.burmeseclassic.com

www.burmeseclassic.com



ဟိုနေ့က ရှင်နှောင်းမွေးနေ့ကပေါ့ကွာ . . . ငါပြောခဲ့ ဆိုခဲ့တာတွေကို တောင်းပန်ပါတယ် သူငယ်ချင်းရာ''

နောင်တရသံတွေ၊ ဝမ်းနည်းသံတွေ၊ ကြေကွဲသံတွေက ရောစွက်နေသည်။

''ဉက္ကာ''

သူခေါ်လိုက်တော့ ဘာလဲဆိုသည့်သဘောဖြင့် ဉက္ကာကျော် လှည့်ကြည့်လာသည်။

''မင်း တောင်းပန်ချင်လို့ တောင်းပန်တာလား . . . ဒါမှမဟုတ် ရှင်နှောင်းက တောင်းပန်ခိုင်းတာလား''

ဉက္ကာကျော်မျက်နှာ ပြုံးလဲ့လို့သွားတယ်။

''နှစ်ခုစလုံးပဲ ဖွန်ဦးမောင်''

သူ့ရင်ထဲ မွန်းကျပ်စွာ ခံစားလိုက်ရသည်။ အဓိကကတော့ ရှင်နှောင်း၏ တောင်းပန်ခိုင်းမှုကသာ အထိရောက်ဆုံးဖြစ်မယ်ဆိုတာ ဉက္ကာကျော်သိပြီး ဖြစ်ပါလိမ့်မည်။

''အဲဒီနေ့က ငါ့ရင်တွေ ဘယ်လိုဖြစ်သွားမှန်းကို မသိဘူးသူငယ်ချင်းရာ . . . ငါလေ ရှင်နှောင်းကို အသည်းနင့်အောင်ချစ်တယ်ကွာ''

''အဟင်း . . . ဟင်း . . . ဟင်း''

သူ မချိတရိလေးနှင့် ရယ်မောလိုက်တယ်။

''မင်းပဲ အပြောကောင်းတယ် ဉက္ကာရာ''





''ဟုတ်တယ် . . . ငါပဲ အပြောကောင်းချင်တယ် ဖွန်ဦးမောင် . . . အတ္တသမားလို့ပဲ ပြောချင်ပြောပေါ့ . . . ထင်ချင်လည်း ထင်ပေါ့ကွာ''

မင်းလိုပဲပေါ့ . . . ငါလည်း အတ္တသမားတစ်ယောက်ဖြစ်ချင်တာပေါ့။ ငါလည်း ပြောရမယ်ဆိုရင် ရှင်နှောင်းကို ငါလည်း ချစ်တယ်ဆိုတာ မင်းသိသားပဲ ဉက္ကာကျော် . . .။

ရင်ထဲကနေ ဉက္ကာကျော်ကို ပြောပစ်လိုက်ပါတယ်။

ခုချိန်မှာတော့ ရင်တွင်းခံစားချက်တွေကို ဖွင့်ပြောလို့ကော ရမည်တဲ့လား။

မည်သူကရော နားထောင်လို့ ပေးတော့မည်လဲ။

''သူနဲ့ ဘယ်ကိုသွားသွား မင်းအကြောင်းချည်းပဲပြောနေတာ ကြာတော့ ငါ့စိတ်ထဲမှာ မင်းကို သဝန်တိုလာပါတယ် . . . စိုးရိမ်စိတ်တွေ ဝင်လာခဲ့တယ် ဖွန်ဦးမောင် . . နောက်ပြီးတော့ ရှင်နှောင်း မင်းကိုချစ်သွားမှာ ငါ အစိုးရိမ်ဆုံး ကြောက်ဆုံး ဖြစ်လာခဲ့တယ်လေ''

သြော် ဉက္ကာကျော်ရာ . . .

ရှင်နှောင်းက ငါ့ကိုချစ်နေတယ်ဆိုတာ မင်းသိရင် မင်း ယ်လိုတုံ့ပြန်မလဲ . . . ။

မင်းကို ပဝါရွေးလိုက်လို့ သူချစ်သူဘဝ ရောက်သွား ာကို ကြိတ်ပြီး ခံစားနေရတာကိုရော မင်းသိရဲ့လား ဉက္ကာ။



www.burmeseclassic.com

www.burmeseclassic.com



မင်းသိရဲ့လား . . . ။

"ဥက္ကာရာ . . . တို့က ကလေးတွေမှ မဟုတ်တာ၊ ရှင်နှောင်းက ငါတို့အကြောင်းချည်း ပြောနေတယ်ဆိုတာ တို့က ငယ်ငယ်လေးကတည်းက မခွဲမခွာဘဲ အတူနေလာခဲ့ကြတာ မဟုတ်လား"

"ဒါပေမယ့် . . . "

ဥက္ကာကျော်ပြောမယ့် စကားကို ဆက်မပြောရန် သူက လက်ကိုကာလိုက်ရင်း . . .

"နေဦး ငါဆက်ပြောမယ် . . . ဒီအတွက်ကြောင့်နဲ့ မင်း စိတ်မပူပါနဲ့ကွာ . . . ဒီမှာ ဟောကောင် မင်း ငါ့ကို စိတ်ချနေ . . . ရှင်နှောင်းက မင်းကိုပစ်ပြီး လာခဲ့ရင်တောင် ငါ လက်မခံဘူး ဥက္ကာ"

"ဟာ သူငယ်ချင်း"

သူ့ရဲ့စကားကြောင့်ထင် . . . ဥက္ကာကျော်မျက်နှာလေး ကြည်လင်ဝင်းလဲ့လို့ သွားတော့၏။ ရင်ထဲတွင်လည်း ကျေနပ်နှစ်သိမ့်သည့် အသွင်ကိုလည်း တွေ့လိုက်ရတယ်။

"အိုကေ သူငယ်ချင်း . . . မင်းကို သိပ်ကျေးဇူး တင်သွားပြီ"

"မလိုပါဘူးကွာ . . . ဒါနဲ့ မင်း ရှင်နှောင်းနဲ့ရော ကြည်စေအေးစေပဲလား"





ဥက္ကာကျော်မျက်နှာလေး မှုန်မှိုင်းသွားတာကို သူ တွေ့လိုက်ရသည်။

"ဟိုနေ့တုန်းက ကိစ္စနဲ့ ငါ့ကို စိတ်ဆိုးတုန်းပဲ သူငယ်ချင်း"

"ရှင်နှောင်းက စိတ်ပျော့ပါတယ်ကွာ . . . ချော့ရင် ရပါတယ်"

ဟင်း . . . ။

ဥက္ကာကျော် သက်ပြင်းချလိုက်ပါတယ်။

"ချော့တော့ချော့တာပဲ . . . သိပ်တော့မလွယ်ဘူး"

"မပူပါနဲ့ကွာ . . . ငါ ရှင်နှောင်းဆီသွားလိုက်ပြီး ပြောလိုက်ပါ့မယ်"

"အိုကေ Thank You ပဲ"

သူ ပြုံးလိုက်ပါတယ်။ လိုက်လိုက်လှဲလှဲကို ပြုံးလိုက်ပါတယ်။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



ကြွေကျလာသည့် မျက်ရည်တို့ကို သုပ်နေသည့် ကျွန်မကို နွယ်က စိတ်မကောင်းခြင်းများစွာဖြင့် ဒီအတိုင်းပဲ ငေးကြည့်နေသည်။

ချော့လည်းမချော့၊ အားပေးစကားသည်း မပြော။ ကျွန်မမျက်နှာကို အစဉ်တစ်စိုက် ငေးကြည့်နေမိတော့တယ်။

ကျွန်မငိုတာ အချိန်အတော်လေး ကြာလို့ မျက်ရည်များ မထွက်တော့မှ . . .

"နှောင်း . . . နင်ငိုတာ ဥက္ကာကျော်အတွက်လား၊ ဖွန်ဦးမောင်အတွက်လား"

"ဟင်"





ကျွန်မ အင်တင်တင်ဖြစ်လို့ သွားခဲ့ပါတော့တယ်။ ပွဲနေ့တုန်းက ဖွန်ဦးမောင်နှင့် ဥက္ကာကျော်တို့နှစ်ဦး ရောက်လာသည်တွင် တစ်ဦးနှင့်တစ်ဦးက သူငယ်ချင်းတွေလို မဟုတ်တော့ဘဲ အခြေအတင် စကားပြောဆိုကြရာ၌ ရန်သူသဖွယ် ဖြစ်သို့ ရောက်သွားကြသည်။

ဖွန်ဦးမောင်က ဒီလောက်မဟုတ်ပေမယ့် ဥက္ကာကျော်ကတော့ ခပ်ပြတ်ပြတ် ခပ်ရှင်းရှင်းပင်။

ကျွန်မကို ဖွန်ဦးမောင်နဲ့ လုံးဝ မဆက်သွယ်ရေးအတွက် တောင်းဆိုလိုက်၏။ ဤသည့် အကြောင်းကြောင်းတွေကို ကျွန်မလေ ထွက်ပေါက်တစ်ခုအနေဖြင့် သူငယ်ချင်းနွယ်ကို ဖွင့်လိုက်ပါတော့တယ်။

ကျွန်မ ရင်ဖွင့်စရာဆိုလို့ နွယ်တစ်ယောက်ပဲရှိခဲ့သည် မဟုတ်လား။ ကျွန်မစကားတွေပြောလို့ပြီးသည့် အဆုံးမှာတော့ မှပင် နွယ်က မေးလိုက်ခြင်းဖြစ်ပါတော့သည်။

ဒီတော့မှ ကျွန်မ သေချာစဉ်းစားကြည့်လိုက်တော့၏။ ကျော်၏ တစ်ဘက်သက်အတွေးနဲ့ ဖွတ်အတင်း ပြောလာကြောင့် ဖွန်ဦးမောင်ကို ထိခိုက်နစ်နာသွားရသည်။

သည့်အတွက်ကြောင့် ကျွန်မ ဖွန်ဦးမောင်ဘက်ကနေ ရပ်နိုင် ဖြစ်သွားခဲ့ရ၏။ စိတ်မကောင်းလည်း ဖြစ်ရသည်။ လည်း အရမ်း ဝမ်းနည်းခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အခု နွယ့်ကိုပြော့ပြတော့ ဝမ်းနည်းလာမှုကြောင့် ငိုလာခဲ့ရသည့်အဖြစ် . . . ။

"ဟဲ့ ဟိုကောင် ဥက္ကာကျော်ကြောင့် မှန်အတွက် စိတ်မကောင်းဖြစ်ပြီး ငိုတာလေဟယ် နှင်ကလည်း"

နွယ်ရဲ့အကြည့်တွေထဲတွင် အဓိပ္ပာယ်များစွာ ပါဝင်နေသည်ကို ကျွန်မ တွေ့လိုက်ရတယ်။

"နှောင်း"

"ဘာလဲ နွယ်"

"ငါပြောမယ်ဟာ"

"အေး ပြော"

"နင် ဥက္ကာကျော်ကို မချစ်တဲ့နဲ့ မရွေးချယ်ပါနဲ့လား"

"ဟင်"

ကျွန်မ မင်သက်ငေးငိုင်သွားတယ်။ နွယ်ကိုလည်း ဘာစကားမှ မပြောနိုင်တော့ဘဲ ဒီအတိုင်း ကြည့်နေလိုက်သည်။

"လက်မထပ်ခင်စပ်ကြားမှာ နင် ပြင်မယ်ဆိုရင် ပြင်လို့ရသေးတယ် . . . အဲဒီအတွက် နင့်ကို အပြစ်ပြောလို့ မရပါဘူး နှောင်း"

"ဟာ မဟုတ်သေးဘူး နွယ်"

"ဘာဖြစ်လို့ မဟုတ်ရတာလဲ"

"ဥက္ကာကျော်ကို ငါကိုယ်တိုင် ရွေးချယ်ခဲ့တာလေဟာ"





"ဘာလဲ . . . လက်ကိုင်ပဝါနဲ့ ရွေးချယ်ခဲ့တာလား"

ကျွန်မ ခေါင်းညိတ်ပြလိုက်သည်။

"နင် တကယ်ကြောင်တယ်ဟာ . . . ဒါဆိုရင် လက်ကိုင်ပဝါမှာ အချစ်တွေ ကိန်းဝပ်နေလို့လား နှောင်း"

"ဒီလိုလဲ မဟုတ်သေးဘူးလေ"

"ဒါဆိုရင် နင် ဥက္ကာကျော်ကို နှစ်နှစ်ကာကာ ချစ်တယ်ပေါ့"

"ဟင့်အင်း ဟာ"

"ဒါဆိုရင် အဖြေက ရှင်းရှင်းလေး . . . နင့်ကိစ္စက [illegible]မှုမဟုတ်ဘူး . . . နင်တကယ်ချစ်တာက ဇွန်ဦးမောင်၊ [illegible]က်ကိုင်ပဝါရဲ့ ရွေးချယ်မှုကြောင့် ဥက္ကာကျော်ဖြစ်သွားတာ [illegible]တ်တယ်မဟုတ်လား"

ဟုတ်တယ်လို့လည်း ကျွန်မ ဝန်မခံရဲ။ မဟုတ်ပါဘူး [illegible]လည်း ကျွန်မ မငြင်းရဲ။

"နွယ်"

ကျွန်မရဲ့အသံကို ထိန်းရင်း၊ သူငယ်ချင်း နွယ်ကို [illegible]ခေါ်လိုက်ပါတယ်။

"နှောင်း"

"နင်ပြောသလိုဆိုရင် ဥက္ကာကျော်နဲ့ သူ့အသိုင်းအဝိုင်း [illegible]ငါ့ကို ဘာပြောကြမလဲဆိုတာ နင် တွေးကြည့်စမ်း နွယ်"



www.burmeseclassic.com

www.burmeseclassic.com



နွယ်သည် ကျွန်မ၏လက်များကို ခပ်တင်းတင်း ဆုပ်ညှစ်ကာ ဘယ်တော့မှ မေ့လို့မရနိုင်သည့် အကြည့်စူးစူး စိမ်းစိမ်းတို့ဖြင့် ကြည့်လို့လာသည်။

"နှောင်း နင် သတ္တိမရှိဘူးလား"

ကျွန်မ ဘယ်ကိုထပ်၍ ပြောရမှန်းကို မသိတော့ပါ။ ကျွန်မရဲ့ ခန္ဓာကိုယ်သွေးသားတွေ တောင့်တင်းသွားသလား ဟုလည်း ခံစားလိုက်ရသည်။

နှောင်း ... နင် သတ္တိမရှိဘူးလား။ သတ္တိမရှိဘူးလား။ သတ္တိမရှိဘူးလား။

နွယ်၏ စကားသံတွေက ထပ်ကာထပ်ကာ ကြားနေရသည်။

နွယ်ရယ် သတ္တိရှိရှိနဲ့ အချစ်ကို ဦးစားပေးရတော့မှာလား ...။

လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ၊ ကိုယ်ကျင့်တရား၊ သစ္စာ ... ဒါတွေကရော ဘယ်သွားထားရတော့မှာလဲဟင်။

ကျွန်မလေ ရင်ထဲအသည်းထဲကနေ လှိုက်လှိုက်လှဲလှဲ နွယ်ကို ပြောနေမိသည်။ ဒါပေမယ့်လို့ ကျွန်မအသံက ထွက်မလာခဲ့ပါဘူး။

"နင် ဖွန်ဦးမောင်ကို ချစ်တယ်လို့ ကြွေးကြော်လိုက်ဟာ"

တွန်းအားတွေ ...။





ကျွန်မသူငယ်ချင်းကတော့ နောက်ကနေ တွန်းအားတွေ အတင်းအဓမ္မကို ပေးနေတော့တယ်။

"ဘယ်လိုလဲ နှောင်း ... ငါပြောတာ လက်ခံလား"

ရီဝေလှိုက်မောစွာနဲ့ ပင့်သက်ကိုဖြာထုတ်ရင်း ငိုနေတဲ့ မျက်ဝန်း၊ ပြုံးလဲ့နေတဲ့မျက်နှာနဲ့ ကျွန်မ နွယ်ကို သေချာ ကြည့်လိုက်ပါတော့တယ်။

"ငါ ဥက္ကာကျော်ကိုပဲ လက်ခံတော့မယ် နွယ်"

"ဘာ"

အံ့ဩလွန်းသည့် မျက်နှာထား၊ မယုံနိုင်လွန်းသည့် မျက်လုံးအကြည့်တွေက ကျွန်မရဲ့ ရင်ဘတ်အတွင်းရှိ နှလုံးသား ဟည့်တည့်ကို ထိုးဖောက်လို့သွားတော့တယ်။

"သည်လိုဆုံးဖြတ်ပြီးသားနဲ့ နင် ငါ့ဆီ ဘာလို့ လာရတာလဲ နှောင်း"

"ငါငိုချင်လို့ ... နင့်ဆီမှာ လွတ်လွတ်လပ်လပ် ငိုချင်လို့ပါ နွယ်ရယ်"

ဟင်းကနဲဆိုတဲ့ နွယ်ရဲ့ သက်ပြင်းချသံ ပြင်းပြင်း လေးကို ကျွန်မရဲ့ ငိုရှိုက်သံက ဖုံးလွှမ်းသွားခဲ့ပါတော့တယ်။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ ရှင်နှောင်း၏ခြံဝင်းထဲသို့ ဝင်ရောက်လာရသည်မှာ ဥက္ကာကျော်စိတ်ထဲတွင် ပေါ့ပါးလန်းဆန်းလို့ သွားတော့သည်။

လေးလံထိုင်းမှိုင်းနေသော စိတ်တွေ၊ စဉ်ဆက်မပြတ် စိုးရိမ်သောကတွေနဲ့ ဖြစ်ပေါ်နေသော စိတ်တွေ၊ ပျော်ရွှင်မှု ကင်းမဲ့နေသော စိတ်တွေ . . . ထိုထိုသော စိတ်တွေက ခုတော့ဖြင့် ဘယ်ဆီသို့ လွင့်ပါပျောက်ကုန်သည် မသိတော့ပါ။

ဝမ်းသာခြင်းတွေ၊ ပျော်ရွှင်ခြင်းတွေ၊ ကြည်နူးချမ်းသာခြင်းတွေကသာ ရင်ထဲ စိုးမိုးလို့နေတော့တယ်။

လှမ်းလာခဲ့ရသည့် ခြေလှမ်းတွေကလည်း သွက်လက်





လွန်းလှနေ၏ဟုလည်း ကိုယ့်ဘာသာကိုယ် စဉ်းစားမိလိုက်သည်။

ဥက္ကာကျော် ဤသို့ ပျော်ရွှင်ကြည်နူးခဲ့ရခြင်းသည် ဖွန့်ဦးမောင်ကြောင့်ဟု ပြောရမည်။ သူနှင့် ဖွန့်ဦးမောင်တို့ နှစ်ယောက် ပွင့်ပွင့်လင်းလင်း တွေ့ဆုံခဲ့ရသည့်နေ့က ဖွန့်ဦးမောင်ထံမှ သူလိုလား တောင့်တခဲ့ရသည့် စကားတစ်ခွန်း၊ သူအကြားချင်ဆုံးသော စကားတစ်ခွန်း၊ ဤစကားတွေကို ရရှိလာခဲ့ခြင်းကြောင့် သူ ပျော်ရွှင်မှုတွေ၊ ကြည်နူးမှုတွေ ပြန်ရခဲ့သည်။

"ရှင်နှောင်းက မင်းကိုပစ်ပြီး ငါ့ဆီလာခဲ့ရင်တောင် ငါ လက်မခံဘူး ဥက္ကာ"

ဖွန့်ဦးမောင်ရဲ့ ဒီစကားလေးက သူ့အတွက် တန်ဖိုးဖြတ်နိုင်တဲ့စကား၊ သူ့ဘဝကို ရပ်တည်နိုင်စွမ်းပေးမည့် စကားပင်။

Thank You ဖွန့်ဦးမောင်ရေ . . . ။

သူ့စိတ်ထဲကနေ လှမ်း၍ ဖွန့်ဦးမောင်ကို ကျေးဇူးတင်မိလိုက်ပါတယ်။

"ဥက္ကာ"

စူးရှပြင်းထန်သည့် လေသံ။ အားပါလှသော ခက်ထန်မာကျောသည့် လေသံ။

မြားတစ်စင်းပမာ စူးစူးရှရှနှင့် နှလုံးသားကို ထိုးဖောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည့် လေသံ။

အိမ်ထဲတောင်မရောက်သေး ဘယ်နှယ့် အိမ်အပေါ် ဝရံတာပေါ်ကနေ သူ့အမည်ကို ခေါ်လိုက်တာကြောင့် သူ ကမန်းကတမ်း အပေါ်သို့ မော့ကြည့်လိုက်ပါတယ်။

ရှင်နှောင်း . . . ရယ်ပါ။

"နင် ငါ့ဆီ ဘာလာလုပ်တာလဲ"

စိတ်ဆိုးတာ မပြေသေးမှန်းကို ပြောလိုက်သည့် လေသံကြောင့် သိလိုက်သည်။

"အေးအေးဆေးဆေး စကားပြောရအောင် အောက်ကို ဆင်းလာခဲ့ပါလား ရှင်နှောင်းရာ"

"ငါ နင့်နဲ့ စကားမပြောချင်ဘူး . . . နင်ပြန်တော့"

သူ့ရင်ထဲ ထိတ်ကနဲ ဖြစ်လို့သွားသည်။

"ဟာ ဒီလို မလုပ်ပါနဲ့ နှောင်းရာ"

"အပိုတွေ လာမပြောနဲ့ . . . သဝန်တိုတဲ့လူနဲ့ စကား ပြောချင်တာ မဟုတ်ဘူး"

"ငါ နင့်ကို တောင်းပန်ဖို့လာတာပါ နှောင်းရာ"

သူက ဝရံတာပေါ်ကနေ နှုတ်ခမ်းစူပုပ်နေသည့် ရှင်နှောင်းကို မော့ကြည့်ရင်း ပျော့ပျောင်းညင်သာစွာနှင့် ပြောလိုက်သည်။

ရှင်နှောင်းလည်း စိတ်ထဲ ကျေနပ်သယောင် ဖြစ်လို့





သွားရသည်။

"နင် ဘာကိုတောင်းပန်ချင်တာလဲ"

"နင့်မွေးနေ့တုန်းက ငါပြောခဲ့တဲ့ စကားတွေအတွက် နင့်ကို တောင်းပန်ပါတယ် . . . နောက်ပြီး ဖွန်ဦးမောင်ကိုလည်း တောင်းပန်ခဲ့ပြီးပါပြီ"

"ဟုတ် ဟုတ်လား"

ဖွန်ဦးမောင်ကိုပါ သူ တောင်းပန်ပြီးပြီဆိုတော့ ရှင်နှောင်း ရင်ထဲတွင် ကျေနပ်သလိုလို ဖြစ်မိသွားတော့သည်။

"နင် တကယ်ပြောတာလား"

"ငါ နင်တို့ကို ဘယ်တုန်းက ညာဘူးလို့လဲ"

ဟုတ်၏။ ဥက္ကာကျော်သည် ငယ်ငယ်လေးကတည်းက ဘယ်အရာကိုမှ မညာခဲ့မှန်းကို သူမ သိသည်။ နောက်ပြီး အဓိပ္ပာယ်မရှိသောအလုပ်ကို ဘယ်တော့မှ မလုပ်သူ။

ငယ်ငယ်တုန်းကပေါ့လေ။ မာလကာသီး ခူးခိုင်း သော်လည်း ခွဲးကိုက်မည်ကို သိနေသောကြောင့်ပင်။

ထို့အပြင် တာဖလုပ်တန်း ကစားတုန်းကလည်းကြည့်။ အန္တရာယ်များမှန်း သိလိုက်သည့်အတွက် သူ ဝင်မကစားတော့။ နောက်ဆုံးကျတော့ ဖွန်ဦးမောင်နှင့် သူမသာလျှင် ဒဏ်ရာ အသီးသီး ရခဲ့ပါ၏။

"တို့တွေ ဖွန်ဦးမောင်နဲ့ အရင်လိုပဲ ဆက်ခင်ကြ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ဟာ''

ဥက္ကာကျော်က ထပ်၍ပြောလာပြန်တော့ သူမရင်ထဲမှာ အတိုင်းမသိ ဝမ်းသာသွားခဲ့မိပြန်သည်။

ကျေလည်း ကျေနပ်သွားခဲ့မိသည်။

''နေဦး . . . ငါ ဆင်းလာခဲ့မယ်''

''မြန်မြန်ဆင်းလာခဲ့ဟာ''

''အေးပါ''

ဒါနဲ့ သူမ ဝရံတာကနေ အိမ်ထဲပြေးဝင်လို့ သွားလိုက်သည်။ သူ ဥက္ကာကျော်ကတော့ ခြံထဲမှာရပ်ရင်း ရှင်နှောင်းကို စောင့်လို့နေတယ်။ ဒါပေမယ့် သူ့စိတ်ထဲမှာ ပျော်လို့နေ၏။

ရှင်နှောင်း သူ့ကို စိတ်ပြေလို့သွားခဲ့ခြင်းကြောင့်ပင်။ ခဏနေ ရှင်နှောင်း အောက်သို့ရောက်လာခဲ့သည်။ မျက်နှာက ခုနကလို သုန်မှုန်လို့ မနေတော့ပါ။

''လာ ဟိုမှာသွားထိုင်မယ်''

ရှင်နှောင်းက ဥက္ကာကျော်၏လက်ကို ဆွဲကိုင်ရင်း ခြံထောင့်တစ်နေရာရှိ ဒန်းပုခက်လေးရှိရာသို့ ခေါ်ကာ သွားထိုင်လိုက်သည်။

''နင် ဖွန်ဦးမောင်ကို တောင်းပန်ထားပြီးသားဆိုတာ တကယ်နော်''





''တကယ်ပြောတာပါ နှောင်းရာ''

ရှင်နှောင်းက ဒုတိယအကြိမ် သေချာအောင်လို့ ထပ်၍ မေးလိုက်ခြင်းကြောင့် ဥက္ကာကျော်ကလည်း သေချာအောင် ပြောလိုက်ရ၏။

''အမှန်က နင်က သိပ်ကို အစိုးရိမ်ကြီးတာ . . . ဒီမှာ နင်ခုလို ဖွန်ဦးမောင်ကိုရော ငါ့ကိုရော လာတောင်းပန်တဲ့ အတွက် ငါဝမ်းသာတယ် . . . ငါရွေးချယ်တဲ့ ယောကျ်ား တစ်ယောက်က သဘောထားကို ကြီးရမှာ . . . အဲဒီအတွက် နင့်ကို ငါ ကတိတစ်ခုပေးမယ်''

ဥက္ကာကျော် စိတ်ဝင်စားသွားသည်။ ရှင်နှောင်း သူ့ကို ဘာကတိတွေ ပေးမှာလဲ။ ဝမ်းနည်းရမှာလား၊ ဝမ်းသာရမှာလား မသိတော့။

''နင် ငါ့ကို ဘာကတိတွေ ပေးမှာလဲ''

''ဒီလိုလေ . . . ဖွန်ဦးမောင်ရော၊ နင်ရော ငါ့ကို ချစ်တယ်မှတ်လား . . . ငါက နင့်ကို ရွေးချယ်လိုက်တော့ ကျန်ခဲ့တဲ့ ဖွန်ဦးမောင်အတွက် ငါ စိတ်မကောင်းဖြစ်မိတယ်၊ ဒါပေမယ့် ဟိုတုန်းကလို တို့သုံးယောက် အတူတူသွားခဲ့တာကို ဆုံးရှုံးသွားမှာ ငါစိုးရိမ်တာ . . . ခု နင်က သဘောထား ကြီးစွာနဲ့ ဖွန်ဦးမောင်ကို ခွင့်လွှတ်နားလည်ပေးတဲ့အတွက် ငါ နင့်ကို ဘယ်တော့မှမခွဲဘူးဆိုတဲ့ ကတိကို ပေးလိုက်မယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟာ နင်တကယ်နော်"

ရှင်နှောင်း ပြုံးရင်း ခေါင်းညိတ်လိုက်သည့်အခါ

"ဟေး"


ဥက္ကာကျော် တစ်အားအော်လိုက်သည်။ သူ့ရင်ထဲတွင် ပျော်ရွှင်မှုတွေက ရင်နှင့်မဆံ့တော့။

ရှင်နှောင်းကတော့ ဥက္ကာကျော်ကိုကြည့်ရင်း ...

နင်ကတော့ သိပ်ပျော်နေမှာပဲနော် ဥက္ကာကျော် ... ငါနဲ့ ဖွန့်ဦးမောင်ကတော့ ဝမ်းနည်းကြေကွဲခြင်းတွေနဲ့အတူ ငိုကြွေးနေရတယ်ဆိုတာ နင် သိမှသိပါလေစ ဥက္ကာကျော်ရယ်။

❀ ❀ ❀ ❀ ❀





ဟူး ... ။

တော်ကီရိုး၏ သက်ပြင်းမှုတ်သံက စူးရှပြင်းထန်လှသည်။ အဓိပ္ပာယ်မဲ့ ဟိုးအဝေးသို့ ငေးကြည့်နေသည့် ဖွန့်ဦးမောင်ကို လှမ်းကြည့်လိုက်သည့် အကြည့်တို့တွင် နားမလည်နိုင်မှုတွေက များစွာပင်။

"ဖွန့်ဦးမောင် ... မင်း မဟုတ်သေးဘူးကွာ"

သူက တော်ကီရိုးကို ဘာမှပြန်မပြော လှည့်လည်း မကြည့်။

"မင်း ဒီလိုဆုံးဖြတ်တာတော့ မဟုတ်သေးဘူးလို့ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ တော်ကီရိုးဘက်သို့ ဖြေးလေးစွာလှည့်၍ ကြည့်လိုက်ပါသည်။ တော်ကီရိုးက သူ့စကားကို ဆက်၍ပြော၏။

"မင်း ခုလို နယ်ကဆိုက်တွေဆီ သွားနေမယ်ဆိုတာက အလုပ်ထက် မင်းရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကြောင့် မဟုတ်လား ဖွန်ဦးမောင်"

"ဟုတ်တယ်"

သူမငြင်း။ လုံးဝကို မငြင်းပါ။

"ဒါကတော့ သဘာဝမကျဘူးကွာ"

"ဘာဖြစ်လို့ သဘာဝမကျရမှာလဲ"

"ရှင်းရှင်းလေးပဲကွ . . . သူတို့နှစ်ယောက်ကိစ္စကို မင်းခေါင်းထဲက ထုတ်ပစ်လိုက်ပြီး လူသစ် စိတ်သစ်နဲ့ နေလိုက်မယ်ဆိုရင်လည်း ရတာယ် . . . အဲဒါကို ဘာဖြစ်လို့ မင်းက နယ်ကို သွားချင်ရတာလဲ . . . အဲ ကိုယ့်အဖေရဲ့ လုပ်ငန်းမို့လို့ပါဆိုတဲ့ ဆင်ခြေနဲ့တော့ ငါ့ကိုမပြောနဲ့ကွာ"

တော်ကီရိုးကလည်း ရင်ထဲရှိတာကို ပြောလိုက်သည်။

"ဒီမှာ ဟော့ကောင် . . . "

"ဟာကွာ ငါ မင်းနားလည်အောင် ဘယ်လိုပြောရ မလဲကွာ"

ဖွန်ဦးမောင်တစ်ယောက် ကိုယ့်ကိုကိုယ် ဒေါသထွက်လို့ နေတော့သည်။





"ငါ နားလည်လည် မလည်လည်ကွာ . . . မင်း ပြောချင်တာကို ပြောချလိုက်"

သူ တော်ကီရိုးကို စူးကနဲ ကြည့်လိုက်တယ်။

"အေး ပြောမယ်ကွာ ပြောမယ်"

စိတ်ပေါက်ပေါက်နဲ့ ပြောလိုက်တော့ . . .

"ပြောကွာ . . . ရင်ထဲရှိတာ ပြောကွာ"

တော်ကီရိုးကလည်း သူ့လေသံအတိုင်းကို ပြောလာခဲ့သည်။

"ငါ ဒီမှာရှိနေသ၍ ကာလပတ်လုံး တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ရှင်နှောင်းနဲ့ငါ ဘောင်တွေ၊ စည်းတွေ ကျော်သွားနိုင်တယ် သူငယ်ချင်း . . . အဲဒီအချိန်ကျရင် ငါတို့ နှစ်ယောက်လုံး ဘဝတွေ သေဆုံးသွားသည်အထိ နာမည် ကောင်းနဲ့ သေသွားကြမှာ မဟုတ်ဘူးကွ အဲဒါ မင်းသိလား"

"ဒါက မင်းအတွေးခေါင်ပြီး ပြောတဲ့စကားပဲ ဖွန်ဦး မောင် . . . ရှင်နှောင်းက ဥက္ကာကျော်ဆိုတဲ့ကောင်းကို ချစ်တာ မဟုတ်ဘူးလေ . . . မင်းကို . . . မင်းကို ချစ်တာကွ ဟိလား"

တော်ကီရိုးက သူ့ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောနေတော့သည်။

"အချစ်ထက် သစ္စာတရားတွေ၊ သိက္ခာတရားတွေ



www.burmeseclassic.com

www.burmeseclassic.com



ကတိတရားတွေက ပိုပြီး ကြီးထွားတယ်ဆိုတာ မင်းမှ မသိတာပဲ တော်ကီရာ ... တစ်ခါတစ်လေ လူ့လောကကြီးမှာ ကိုယ်ဖြစ်ချင်တာထက် ဖြစ်သင့်ဖြစ်ထိုက်တာကို ဦးစားပေး လုပ်ရတယ်ဆိုတာ မင်းနားလည်ထားပါ သူငယ်ချင်းရာ”

“ဟ ဒါဆို မင်းတို့နှစ်ယောက်က အချစ်သူရဲကောင်းဘွဲ့ အသီးသီးယူပြီးတော့ လူမမြင်ကွယ်ရာ ငိုချင်းရှည်တွေ ချတော့မှာပေါ့ ဟုတ်လား ဖွန်ဦးမောင်”

“မင်း အဲလို ယူဆမယ်ဆိုရင်လည်း ယူဆလိုက်ပေါ့”

“တောက် ... မင်းကွာ”

ကရုဏာဒေါသတွေ၊ မခံချင်မှုတွေက သူ့အတွက် တော်ကီရိုး တော်တော် ခံစားလိုက်ရတော့သည်။

“ဟင်း ... တစ်ယောက်အသက်ရှင်ဖို့ကို ကျန်တဲ့နှစ်ယောက်က သေပေးရတဲ့အဖြစ်နဲ့ တူနေပြီ ... တော်တော်အံ့သြဖို့ကောင်းတယ်”

တော်ကီရိုးတစ်ယောက်တည်း ညည်းသလိုနဲ့ ပြောလိုက်ပါသည်။

ဖွန်ဦးမောင်က လှည့်ကြည့်လိုက်ပါတယ်။

“တို့တွေက ခုမှတွေ့တဲ့ သူစိမ်းတွေမှမဟုတ်တာ၊ ဟိုး ငယ်စဉ် ကလေးဘဝကတည်းက အတူနေလာကြတဲ့ သူတွေ ဆိုတော့ ရှင်နှောင်းအနေနဲ့ ငါတို့နှစ်ယောက်ကို ရွေးချယ်ဖို့





ဝင်မတန် ခက်ခဲနေတာ ... ဒါကြောင့် သူ စိတ်ကူးရသလို ရွေးချယ်လိုက်တာပဲ ... အဲဒါကို ငါတို့တွေလည်း သဘောတူတာ ... ဖြစ်လာတော့လည်း ကြိတ်မှိတ်ခံစားကြရတာပေါ့”

“ဒါဆို မင်းနဲ့ရှင်နှောင်းက ခံနိုင်ရည် တော်တော်ကြတာပေါ့နော်”

ခပ်ထွေထွေလေး တော်ကီရိုးက ပြောလိုက်တော့ သူက ...းလို့နေလိုက်ပါတယ်။

“တော်ကီရာ မင်းက ငါ့ဘက်ကနေ ဝေဒနာတွေ ...တွခဏ ငှားယူခံစားလိုက်တာကိုတော့ ကျေးဇူးတင်ပါ...ယ်ကွာ ... ဒါပေမယ့် တို့ရဲ့ ငယ်သူငယ်ချင်းသုံးယောက်ရဲ့ ...တရား ဘယ်လောက်ထိ နက်ရှိုင်းတယ်ဆိုတာ မင်း ...ပါဘူးကွာ”

သူ့စကားလေးကို ကြားလိုက်ရတော့ တော်ကီရိုး ...နာက တင်းမာခက်ထန်နေရာမှ ပျော့ပျောင်းစပြုလာခဲ့သည်။ ...က်တော့လည်း ဖွန်ဦးမောင်၏မျက်နှာကို လိုက်မောရီဝေစွာ ...ကြည့်လိုက်ပါသည်။

“ဟုတ်တယ်ကွာ ... မင်းတို့သူငယ်ချင်းသုံးယောက်ရဲ့ ...တရားကို ငါမေ့သွားတယ်ကွာ ... ဒီမှာ ငါရုပ်သိမ်း ...ကွာ သူငယ်ချင်း”

သူ ကြေကွဲစွာ ပြုံးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ကွာ . . . မင်းမသိလို့ ပြောခဲ့တာပဲ"

"ဒါနဲ့ မင်း ဘယ်တော့လောက်သွားမလဲ"

"နောက်တစ်ပတ်လောက်ဆို သွားမယ်ကွာ"

"ဒါဆို မင်း ရှင်နှောင်းနဲ့ ဥက္ကာကျော်ကို အသိပေး(ဦး)မလား"

"ငါ အသိပေးပြီးမှ သွားမှာပါ တော်ကီရိုး"

တော်ကီရိုး ဘာမှမပြောတော့ . . . သူ့လို(ပါ) ဟိုးအဝေးသို့ ငေးကြည့်လို့နေသည်။

❀ ❀ ❀ ❀ ❀





ခြံတံခါးကိုဖွင့်ကာ အပြင်သို့ ထွက်လိုက်သည်။ ပြီးတော့ တံခါးကို ပြန်စေ့ကာထားပြီး တစ်ခြံကျော်၌ရှိသော ရှင်နှောင်းတို့ ခြံကို လှမ်း၍ကြည့်လိုက်တယ်။

ခြံတံခါးက ခပ်ဟဟလေး ပွင့်နေတာကို တွေ့လိုက်ရသည်။ ဒါနဲ့ သူ လျှောက်လှမ်းလာခဲ့တော့၏။

လှမ်းလာသည့်ခြေလှမ်းက ခပ်ကြာကြာပင် မလှမ်းရဘဲ ရှင်နှောင်းတို့၏ ခြံရှေ့သို့ ရောက်လာခဲ့တယ်။ သူက ဖွင့်ဟနေသည့် ခြံတံခါးကို တွန်းဖွင့်ရင်း ခြံတွင်းသို့ ဝင်သွားလိုက်တော့သည်။

"ရှင်နှောင်း ရှိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ခြံဝင်း၏ ကွန်ကရစ်လမ်းအတိုင်း လျှောက်ရာမှ အိမ်ကြီးဆီသို့ လှမ်းကာ ကြည့်လိုက်ပါတယ်။

ရှင်နှောင်းကိုတွေ့ရင် ပြောရမယ့်စကားက ရင်ထဲအစီအရီ တေးထားလို့ပင်။ သူ ကွန်ကရစ်လမ်းတစ်ဘက်အရောက်၌ တိုက်ခြေရင်းဘက် မြက်ခင်းပြင်တွင် ဂေါ်ရိုက်ကျင့်နေသော ရှင်နှောင်း၏ဖခင် ဦးဇော်မင်းက သူ့ကို လှမ်းမြင်လိုက်သဖြင့် . . .

"ဟေး မောင်ဖွန့်ဦးမောင်"

လှမ်းအော်ကာ နှုတ်ဆက်လိုက်သည်။ သူက ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

"တစ်ယောက်တည်းလားကွ"

"ဟုတ်ကဲ့ ဦးလေး"

ရှင်နှောင်း၏ဖခင် ဦးဇော်မင်းကို အမြဲပေးရိုသေ ခေါင်းညိတ်ပြလိုက်၏။ ပြီးတော့ သူကပင်ဆက်၍ . . .

"ဦးလေး ဂေါက်ရိုက်ကျင့်နေတာလား"

"အေးကွာ . . . ကျင်းစိမ် လေ့ကျင့်နေတာလေကွာ ဒါနဲ့ မင်းအဖေနဲ့ အမေကော နေထိုင်ကောင်းကြရဲ့လားကွ"

"ဟုတ်ကဲ့ . . . ကောင်းပါတယ် ဦးလေး"

"အေး အေး ဝမ်းသာတယ်ကွာ . . . ကဲ ကဲ သွား ဦးလေး လေ့ကျင့်လိုက်ဦးမယ် မောင်ဖွန့်ဦးမောင်ရေ"





"ဟုတ်ကဲ့"

သို့ဖြင့် တစ်လှမ်းနှစ်လှမ်း လျှောက်လိုက်ပြီးမှ ရပ်ကာ ဦးဇော်မင်းကို တစ်ချက်ကြည့်ကာ

"ဦးလေး"

ဦးဇော်မင်းက သူ့ကို ဘာလဲဆိုသည့်သဘောဖြင့် မော့ကြည့်လိုက်ပါတယ်။

"ရှင်နှောင်းရှိလား ဦးလေး"

"အေး ရှိတယ် . . . အိမ်ထဲသွားလိုက်လေကွာ"

"ဟုတ်ကဲ့"

သူ ကွန်ကရစ်လမ်းအတိုင်း ဆက်လျှောက်လာခဲ့သည်။ တိုက်အပေါက်ဝသို့ရောက်တော့ တိုက်ထဲသို့ သူ လှမ်းကြည့်လိုက်တယ်။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရ။

သို့ဖြင့် သူ ဧည့်ခန်းတွင်းသို့ ဝင်ရောက်ကာ လာခဲ့တော့သည်။

"ဧည့်ခန်းထဲမှာလည်း တစ်ယောက်မှ မတွေ့ရပါလား"

ဒါနဲ့ သူ လှမ်းခေါ်လိုက်ပါတယ်။

"ဟော့ ရှင်နှောင်း . . . နှောင်းရေ"

သူ့အသံက ခပ်ကျယ်ကျယ်လေး ဖြစ်သွားတောင်မှ နောက်ဘက်အခန်းတွေကရော အပေါ်ထပ် အခန်းတွေကပါ ပြန်ထူးသံကို မကြားရ။



www.burmeseclassic.com

www.burmeseclassic.com



''ဟ ဘယ်များသွားနေကြလဲ . . . အိမ်သာများ တက်နေလား မသိဘူး''

သို့ဖြင့် သူ ထပ်၍အော်ခေါ်လိုက်သည်။ ဒီတစ်ခါ တော့ဖြင့် ခုနကထက်ကို ခပ်ကျယ်ကျယ်ကို ခေါ်လိုက်တယ်။

''ရှင်နှောင်း . . . နှောင်းရေ''

နောက်ဖေး မီးဖိုချောင်ဘက်က ခန်းဆီးစလေး လှုပ်ခတ်လို့သွားသည်ကို တွေ့လိုက်ရသည်နှင့်အတူ

''ဟဲ့ ဘယ်လိုဖြစ်နေတာလဲ''

အပြေးလေး ခပ်သွက်သွက်လေးပဲ ရှင်နှောင်း ထွက်၍ လာခဲ့သည်။

''နင်ကလည်း ခေါ်လိုက်ရတာ ဟာ''

''ငါ မအားသေးလို့ပေါ့ဟ''

''ဘာလဲ့ . . . နောက်ဖေးသွားနေတာ မှတ်လား''

''ဟင်း ညစ်ပတ်တယ်''

ရှင်နှောင်း နည်းနည်းရှက်လို့သွားတော့သည်။ သို့ပေ မယ့်ပေါ့ ရှင်နှောင်းအနေနှင့် မမျှော်လင့်ဘဲ ဖွန်ဦးမောင်ကို တွေ့လိုက်ရသဖြင့် အပျော်ကြီးပျော်လို့ သွားခဲ့ရတော့သည်။

''လာ ဖွန်''

ရှင်နှောင်းက ဖွန်ဦးမောင်လက်လေးကို လှမ်းဆွဲရင်း ဆက်တီထိုင်ခုံတွင် အတင်းထိုင်ခိုင်းလိုက်ပါသည်။





''တော်သေးတာပေါ့ နင် ဘယ်မှမသွားလို့''

''ငါ ဘယ်မှမသွားတာ ကြာပြီ''

''ဟုတ်လား . . . နင် ဥက္ကာနဲ့ အဆင်မပြေလို့လား''

''အဆင်ပြေတယ်ရယ်လည်း မဟုတ်ဘူး . . . မပြေရယ်ဘူးလည်း မဟုတ်ဘူး''

''ဟင် နင့်စကားကြီးက ဘာလဲဟ''

''ငါ့စိတ်ကို ကြည်နူးအောင်လုပ်ပေးရင် အဆင်ပြေ တာပေါ့ . . . ငါ့စိတ်ကို ဆိုးအောင်လုပ်ရင်တော့ အဆင် မပြေဘူးပေါ့ . . . နင်ရော ခု ကိစ္စရှိလို့လာတာလား . . . သတိရလို့လာတာလား''

''နှစ်ခုလုံးကြောင့်ပဲ ဆိုပါတော့''

''အမယ် . . . နှစ်ခုလုံးကြောင့်တဲ့ . . . ဟင်း ပြောတတ်လိုက်တာနော်''

ပြုံးစလဲ့လဲ့နှင့် မျက်စောင်းလေးကို မခို့တရို့ဟန်လေးနှင့် ထိုးပြီး ပြောလာခဲ့သည်။

''နင့်ကို ပြောစရာရှိလို့''

''ပြောစရာရှိလို့ ဟုတ်လား''

အင်းဟု ဖွန်ဦးမောင် ခေါင်းညိတ်ပြသည်။ ရှင်နှောင်း ကလည်း စိတ်ဝင်စားသွားခဲ့တယ်။

''ဥက္ကာကျော် ငါ့ဆီလာတယ် နှောင်း''



www.burmeseclassic.com

www.burmeseclassic.com



''သူ့အပြစ်တွေ နင့်ကို တောင်းပန်သွားတယ် မဟုတ်လား''

''အင်း''

''နင့်ဆီကို ကောင်းပန်ပြီး ငါ့ဆီလည်းလာပြီး တောင်းပန်သွားသေးတယ် ဟ''

''ဟုတ်လား . . . ကောင်းတာပေါ့''

''နေပါဦး . . . နင့်ကို တောင်းပန်ပြီးတော့ ဘာတွေပြောသွားသေးလဲ ဖွန်''

''ဟာ စုံနေတာပဲဟာ''

''ဘာတွေစုံနေတာလဲ . . . နင်သိသလောက် မှတ်မိသလောက် ပြောစမ်းပါဦးဟာ''

''သူ့ခံစားချက်တွေ ရင်ဖွင့်လာတာလေ''

ရှင်နှောင်း တော်တော်လေးကို စိတ်ဝင်စားသွားတော့သည်။

''ဘာတွေရင်ဖွင့်သွားတာလဲ . . . ပြောဟာ''

''ဒီကောင်က သနားတော့ သနားစရာကောင်းတယ်၊ နင့်ကိုလေ သူ သိပ်ချစ်တာ . . . နောက်ပြီးတော့ သူက နင်စွန့်လွှတ်မှာ သိပ်စိုးရိမ်တယ် နှောင်း''

သူ့ရဲ့စကားတွေကို ရှင်နှောင်း တအံ့တဩနှင့် နားထောင်လို့နေတော့သည်၊ ဘာမှတော့ မပြောပေမယ့် စိတ်ထဲ





မှာတော့ . . .

ဥက္ကာကျော်ကို နင် သနားသတဲ့လား ဖွန်ရယ် . .

နင့်ကိုနင်ရော သနားဖို့ မစဉ်းစားမိဘူးလားဟင် . .။

နောက်ပြီး နင့်ကို ငါ စွန့်လွှတ်မှာကိုရော နင် မစိုးရိမ်တော့ဘူးလား ဟာ . . . ။

''နောက်ပြီး ဒီကောင် ပြောသေးတယ် . . . နင်က ငါ့ကိုချစ်သွားမှာ အရမ်းကြောက်နေတယ် . . . ပြီးတော့လည်း ငါက နင့်ကိုရအောင် ကြိုးစားမှာ မလိုလားဘူးဖြစ်နေတယ် ရှင်နှောင်း . . . အဲလိုပဲ ပြောခဲ့တာပါ''

ဟင်း . . . ။

တစ်ဘက်သက်ကြီးဖြစ်နေတယ်။ သိပ်တော့လည်း ဘဝင်မကျချင် ဖြစ်နေသည်။ ရှင်နှောင်းစိတ်ထဲ လိပ်ခဲတည်းလည်းကို ဖြစ်နေရ၏။

သူမအနေနှင့် ဥက္ကာကျော်ကိုပဲ အပြစ်ပြောရမလား။ သူ့ကိုပဲ အပြစ်ပြောရမလား မသိတော့။

ရှင်နှောင်း သူ့စကားကိုသာ နားထောင်နေမိသည်။ ဘာတစ်ခုမှတော့ မပြောဘဲ ရေငုံနှုတ်ပိတ် နေလိုက်မိတယ်။ စိတ်ထဲမှာတော့ မကောင်းတာ အမှန်။

''ဒါပေမယ့် နှောင်းရယ်''

သူ့ စကားကို ခေတ္တရပ်လိုက်ပြီးမှ . . .



www.burmeseclassic.com

www.burmeseclassic.com



"ငါ သူ့ကို နားလည်ပေးလိုက်ပါတယ်ဟာ"

ရှင်နှောင်း သူ့ကို တစ်ချက်စွေကာနဲ့ ကြည့်လိုက်သည်။

"နင်က ဘယ်လို နားလည်ပေးလိုက်တာလဲ ဖွန့်"

"ငါလေ နင်တို့နှစ်ယောက်နဲ့ဝေးရာကို သွားတော့မယ် နှောင်း"

"ဘာ"

မမျှော်လင့်ထားသည့်စကား . . . မင်းသက်အံ့ဩသင့်သည့် အကြည့်တွေ . . . ။

သူ့နှုတ်မှထွက်သည့် စကားမှ ဟုတ်ပါလေစဟုလည်း ယုံမှားသံသယ ဖြစ်မိသည်။

"ငါတို့နဲ့ဝေးရာကိုသွားတော့မယ်"

"ဟုတ်တယ် နှောင်း"

"ဘာ ဘာ ဘာဖြစ်လို့လဲဟင်"

သူ သက်ပြင်းလေးတစ်ချက်ကို မသိမသာဘဲ ချလိုက်သည်။ မညာချင် ညာချင်ပင် သူ ဖွတ်မိုက်ပြောလိုက်ရ၏။

"ငါ့အဖေရဲ့ လုပ်ငန်းတွေရှိတဲ့ နယ်ကို သွားရတော့မယ် နှောင်း"

ချက်ချင်းလက်ငင်းပင် ရှင်နှောင်းရင်ထဲ ဟာ၍ သွားတော့တယ်။

ဝမ်းနည်းခြင်းတွေကလည်း ရင်ထဲမှာ ပြည့်သိပ်ကျပ်နေ





တော့သည်။ မျက်ဝန်းမှ မျက်ရည်တွေက ရစ်သိုင်းတွဲခိုလာခဲ့တော့၏။

ဒါပေမယ့် ရှင်နှောင်း ချက်ချင်းပဲ မျက်ရည်စတွေကို သိမ်းလိုက်ရသည်။

"နင် အဝေးကိုသွားမယ်ဆိုတာ စဉ်းစားဆုံးဖြတ်ချက်ချထားပြီးပြီပေါ့"

သူရယ် ခေါင်းလေးကို ညိတ်ပြလိုက်ပါတယ်။

"ကောင်းပြီလေ . . . ဒါဆိုလည်း သွားပေါ့ဟာ . . . ငါတို့ထက် ဝေးသထက်ဝေးရာကို သွားပေါ့ဟာ"

သူ့ကို ခနဲ့လိုက်သည့်စကား။ ရွဲ့ကာပြောလိုက်သည့် စကားတွေမှန်းကို သူ နားလည်မိလိုက်သည်။

"ဒါပေမယ့် ငါပြောချင်တဲ့စကားကိုတော့ ပြောလိုက်ပါရစေ ဖွန့်"

"ပြောပါ နှောင်း . . . နင် ဘာကိုပြောပြော ငါ နားထောင်ပါ့မယ် ဟာ"

ရှင်နှောင်း ပင့်သက်လေးကို မြှင့်တင်လိုက်ပြီး မျက်ရည်များ အောက်သို့ လွင့်မကျလာအောင် ထိန်းသိမ်းလိုက်ပါတယ်။

"ငါ့ကြောင်း တစ်ဦးတစ်ယောက်က ပျော်ပြီး ကျန်နှစ်ယောက်က စိတ်ဆင်းရဲရတယ်ဆိုတော့ ငါ့ရင်ထဲမှာ မချိဘူး။ ဒါကလည်း ငါ့ရဲ့ တဒင်္ဂဆုံးဖြတ်ချက် အမှားကြောင့်ပေါ့လေ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ စိတ်ဆင်းရဲရတဲ့ လူနှစ်ယောက်က ဘယ်သူလဲဆိုတာ နင်သိမှာပါ ဖွန်ဦးမောင်''

ရှင်နှောင်း စကားကို ရပ်တန့်လိုက်သည်။ သူ့ကို စောင်းငဲ့ကာ ကြည့်လိုက်၏။

သူကတော့ ညှိုးရော်နေသည့်အသွင်နှင့် မျက်နှာကျက် ပေါ်သို့ မော့ကြည့်နေတယ်လေ။

ရှင်နှောင်းက တင်းမာသည့်သဏ္ဍာန်နှင့် သူ့ကိုကြည့်ရင်း ဆက်ပြောလာသည်။

''ငါတို့နှစ်ယောက်ရဲ့ရင်ထဲမှာ ဘာတွေ ဖြစ်နေတယ် ဆိုတာ ... ဘယ်လို ခံစားနေရတယ်ဆိုတာ နင်လည်း သိပါတယ် ဖွန်ဦးမောင် ... ငါလည်းသိတယ် ... တို့နှစ်ယောက် ပွင့်ပွင့်လင်းလင်းပဲ ပြောကြတာပေါ့ဟာ ... ငါလေ နင့်ကို နင့်ကို နင့်''

ရှင်နှောင်းရင်ထဲမှာ ဝေဒနာတစ်ခုက တစ်ဆို့ဆို့ သွားခဲ့သည်။ မငိုဘူးဟု စိတ်ထဲက ထိန်းထားခဲ့သည့်ကြားမှ မျက်ရည်များက တစ်ပေါက်ပေါက် ကျလာခဲ့ပြန်ပါတယ်။

ခံစားမှုဝေဒနာ အဆောက်အအုံက သိပ်ကို ကြီးလွန်း ပြင်းထန်လွန်းလှပါ၏။

''နှောင်းရယ် ... နင့်စကားတွေ ဆက်မပြောပါနဲ့တော့ဟာ ... နင် ဘာပြောမလဲဆိုတာ ငါသိတယ် ...





တို့နှစ်ယောက် ဒီစကားတွေ ဆက်မပြောကြရင် ကောင်းလိမ့်မယ်လို့ ငါထင်တယ်''

''ဖွန်ရယ် ... ကိုယ့်နှလုံးသားက ဖြစ်ပေါ်လာတဲ့ နှလုံးသားအမြုတေလေးတစ်ခုကို မွေးဖွားခွင့်တောင် နင် မပေးချင်တော့ဘူးလားဟင်''

ဖွန်ဦးမောင် ကြိတ်မှိတ်ပြီး ခေါင်းကို ခါရမ်းပစ် လိုက်သည်။

''တို့နှစ်ယောက်ရဲ့ နှလုံးသားသစ္စာကို ကတိဆိုတဲ့ တံတိုင်းကြီးနဲ့ ကာခြားလိုက်ပါတော့လား နှောင်းရယ်''

''အဟင့် ဟင့် ဟင့် ဟင့်''

သူ့စကား အဆုံးမှာပဲ သူ့ကို ရှင်နှောင်းက ရင်တုန် လိုက်မောစွာနဲ့ကြည့်ရင်း ငိုရှိုက်လိုက်ပါတော့တယ်။

သူ့မနှုတ်မှ ...

''နင် သတ္တိမရှိတဲ့လူ''

ရှုတ်တရက်ပါပဲလေ အိမ်တွင်းထဲသို့ ပြေးဝင်သွားသည့် ရှင်နှောင်းကို သူ ငေးကြည့်နေမိပါတော့၏။

နှောင်းရယ် ...

ခွင့်လွှတ်ပါကွာ။ ငါတို့တွေ နှလုံးသားကို အလိုလိုက်လို့ မဖြစ်ဘူးဆိုတာ နင် နားလည်သဘောပေါက်ပေးပါလား နှောင်း။

ငါ နင့်ကို နှုတ်ဆက်ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နင်နဲ့ဝေးရာကိုသွားမှ နင်နဲ့ ဉက္ကာကျော်တို့ဘဝတွေ သာယာအေးချမ်းမယ်ဆိုတာ ငါ နားလည်ပါတယ်။ ငါဟာ နင်တို့နှစ်ယောက်အတွက် ခလုတ်တစ်ခုအနေနဲ့ မဖြစ်ချင်ဘူးဟာ။

ဒီတော့လေ ငါသွားမှဖြစ်တော့မှာမို့ ငါ့ကို သွားခွင့်ပြုပါ နှောင်း . . . ။

နင်နဲ့ ဉက္ကာကျော်တို့ရဲ့ဘဝ ကြည်နူးချမ်းမြေ့ခြင်းတွေ ရှိကြပါစေ . . . ။

တစ်ခါမှ မျက်ရည်မကျဖူးတဲ့ ငါ . . .

နင့်ကြောင့် မျက်ရည်တွေ ကျလာခဲ့ရပါပြီ နှောင်း။

❀ ❀ ❀ ❀ ❀



အိုအချစ် . . .

အသင်သည် နှလုံးသားသစ္စာတစ်ခုဟု ဆိုခဲ့သော် . . .

ကျွန်ုပ်သည် သင့်အပေါ် သစ္စာရှိလျှင် အသင်အချစ်သည်လည်း

ကျွန်ုပ်ပေါ်သို့ သစ္စာရှိပါမည်လား အိုအချစ် . . . ။

www.burmeseclassic.com

www.burmeseclassic.com



မှန်တင်ခုံရှေ့တွင် ထိုင်နေသော ကျွန်မ ကိုယ့်ကိုကိုယ် သေချာကြည့်နေမိသည်။ ကိုယ့်ကိုကိုယ်ထက် ကိုယ့်စိတ်ကိုကိုယ် ပို၍ ဆန်းစစ်နေမိတော့၏။

ကျွန်မသည် ဖွန်ဦးမောင်ကို ချစ်ခဲ့သလောက် သူက ကျွန်မအချစ်ကို လက်မခံခဲ့။ ခါးသည်းစွာပင် ငြင်းပယ်ခြင်းထက် စကားကို အပြောမခံခဲ့ပါ။

ဒါသည် သူ ကျွန်မကို ချစ်သတဲ့လားလို့ မေးလိုချင်ပါသည်။ ဟွန်း . . . ။ မချစ်ဘဲနဲ့များ ဥက္ကာကျော် ဘာလို့ ချစ်ခွင့်ပန်ရပါသနည်း။ လက်ကိုင်ပဝါနှင့်ပင် ရွေးချယ်လိုက်ရခြင်းသည်ပင် အလုပ်ရှုပ်လိုက်ရသေးသည်မဟုတ်လား။





အလကားသက်သက် ကျွန်မကို ဒုက္ခပေးခြင်းပင်။ သြော် ကိုယ့်မှာဖြင့် သူ့ကို စာနာသနားလိုက်ရခြင်းတွေ၊ ယူကြုံးမရလို့ ဝမ်းနည်းလိုက်ရခြင်းတွေ၊ ပူဆွေးသောက ဖြစ်လိုက်ရခြင်းတွေ ဖြစ်ရတာ သေလုမတတ်။

ခုတော့ ကြည့်စမ်းပါဦး။ ကျွန်မက မိန်းမသားတန်မဲ့ ကတ္တြေသိက္ခာကို ချိုးဖောက်ပြီးတော့ တစ်ခါတည်း ပွင့်လင်းစွာ ပြောလိုက်သော်လည်း . . .

သူက ကျွန်မကို ဆက်မပြောခိုင်းတော့ပါ။

ဒါသည် သူက ကျွန်မအရှက်ကို ခွဲတာလား။ ဒါမှမဟုတ် အချစ်အတွက် စွန့်လွှတ်အနစ်နာခံရသည့် ပတ်ဝန်းကျင်လူတွေ သနားလာအောင်ပဲ လုပ်လိုက်တာလား။

ကျွန်မ သူ့ကို အထင်ကြီးခဲ့ရသည်တို့ကတော့ အလကားဖြစ်သွားခဲ့ရပါတယ်။ အချစ်ကြီးလျှင် အမျက်ကြီးတယ်ဆိုသည့် စကားသည် ကျွန်မအတွက် ပေါ်ထွက်လာခဲ့တာလား။

တော်ပြီ . . . ။ ကျွန်မ သူ့အကြောင်းကို လုံးဝကို စဉ်းစားတော့ပါ။ သူကမှ မကြင်တော့ ကိုယ်လည်း ဘာဂရုစိုက်စရာလိုတော့လို့လဲ။

နေပေါ့ . . . ဟွန်း။

သည့်နောက်ပိုင်းမှာတော့ ကျွန်မတစ်ယောက် ဖွန်ဦးမောင်နှင့် ပတ်သက်သမျှသော အရာအားလုံးတို့ကို မေ့ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါပြီ။

မေ့လိုက်သည်ထက် ပိုလို့ပင် ကျွန်မ မုန်းတီးလိုက်ပါတော့တယ်လေ။ ဖွန်ဦးမောင်ထံသို့ အစဉ်သဖြင့် သတိရနေသည့် စိတ်တွေကို ကျွန်မ အတင်း ဖွတ်မောင်းထုတ်လိုက်ပြီး ဥက္ကာကျော်ကိုသာ ကျွန်မစိတ်ထဲကို အတင်းဝင်အောင် ကြိုးစားရပါတော့သည်။

မခံချင်မှုတွေ၊ နာကျည်းမှုတွေ ရောပြွန်းနေသည့် ဖွန်ဦးမောင်အပေါ်ကို ကျွန်မ ဥပေက္ခာတရားနဲ့ ထားဆီးရပ်တော့မည်။

ဒါကြောင့်လည်းလေ ကျွန်မသည် ဥက္ကာကျော်နှင့်အတူ ချစ်သူတွေရဲ့ သဘာဝအတိုင်း သွားသွားလာလာ ရှိခဲ့ပါတော့တယ်။ ဥက္ကာကျော်ကတော့ အကြိုက်ပေါ့။

ကျွန်မကတော့လေ ရသေ့စိတ်ဖြေသဘောပင်။ သို့ပေမယ့် ဥက္ကာကျော်နဲ့ သွားခဲ့၊ လာခဲ့၊ စားခဲ့၊ သောက်ခဲ့တဲ့ အချိန်တွေမှာ ဖွန်ဦးမောင်ကိုတော့ မေ့လို့သွားခဲ့ရသည်ကတော့ အမှန်ပါ။

ဘာကြောင့်ဆိုသော် ဥက္ကာကျော်သည် ကျွန်မကို အလွန်အလိုလိုက်၏။ ယုယ၏။ ကြင်နာ၏။ ကျွန်မကို မြူတစ်မှုန်မျှ အပြစ်မပြော။ ကျွန်မလိုချင်သမျှ စားချင်သမျှသော အရာအားလုံးကို ဖန်တီးပေးနိုင်စွမ်း ရှိခဲ့ပါသည်။





ဒါကြောင့်လည်းလေ ကျွန်မသည် ဥက္ကာကျော်နှင့် နေ့စဉ်နှင့်အမျှဆိုသလို မခွဲမခွာ သွားလာခဲ့ကြသည်မှာ ရက်တွေ၊ လတွေလည်း ကြာညောင်းလာခဲ့သည်။ ကျွန်မတို့နှစ်ယောက်၏ အကြောင်းကို ပတ်ဝန်းကျင်ကပင် သတိထားမိခဲ့သည့်အထိသို့ ရောက်လာခဲ့တော့သည်။

ကျွန်မတို့ကတော့ လူငယ်တွေဆိုတော့ ပတ်ဝန်းကျင်ကိုလည်း ဂရုမစိုက်တတ်ဘူးလေ။

ကိုယ်ကမှန်ရင် ပြီးတာပဲဟုလည်း ခံယူချက်က ရှိခဲ့သည် မဟုတ်လား။

သို့ပေမယ့် ပတ်ဝန်းကျင်က ကျွန်မတို့ထင်သလို မဟုတ်ပါ။ သူ့ဘာသာသူ မနေတတ်။

ဟိုစပ်စပ် ဒီစပ်စပ် လိုက်၍ စပ်စုတတ်သည်။ ပြီးတော့ ပုရွက်ဆိတ်လေးကို ဂေါ်ဇီလာဟုလည်း ပုံကြီးချဲ့ဝါဒကို ကျင့်သုံးတတ်ကြသည် မဟုတ်လား။

ကြာတော့ ကျွန်မရဲ့ ဒယ်ဒီနဲ့ မာမီဆီသို့ မဟုတ်မမှန် သတင်းတွေရော၊ ဟုတ်မှန်သည့် သတင်းတွေရော ရောက်လာခဲ့တော့သည်။

ခုလည်း ကြည့်လေ။ ကျွန်မနှင့် ဥက္ကာကျော်တို့နှစ်ဦး ပွဲပြင်ကိုသွားပြီး ပြန်လာကြသည်။ ဥက္ကာကျော်က သူ့အိမ်ရှေ့တွင် ကားကို ရပ်ပေးလိုက်သည်စဉ် ကျွန်မက သူ့ကားပေါ်က



www.burmeseclassic.com

www.burmeseclassic.com



ဆင်းပြီး ကိုယ့်ခြံကိုယ်ပြန်လာခဲ့သည်။

ဉက္ကာကျော်၏ခြံနှင့် ကျွန်မတို့ခြံက ကားလမ်းရဲ့ ဟိုဘက်ခြမ်းနှင့် သည်ဘက်ခြမ်း မျက်စောင်းထိုး စားလွှယ်ခုတ်မှာ ရှိနေခြင်းပါ။

ကျွန်မတို့နှစ်ယောက် ပြန်လာတိုင်း ပတ်ဝန်းကျင်အိမ်က လူတွေ ကွက်ကြည့်ကွက်ကြည့်နှင့် ကြည့်နေကြတာလေ။ ကျွန်မကတော့ ဂရုမစိုက်ပါဘူး

ကျွန်မခြံရှေ့သို့ ရောက်တော့ တံခါးကို တွန်းဖွင့်ဝင်လိုက်တော့တယ်။ ကွန်ကရစ်လမ်းလေးအတိုင်း လျှောက်လာပြီး ကျွန်မ တိုက်အိမ်ဘက်ကို ကြည့်လိုက်ပါတယ်။

ဆင်ဝင်အောက်ရဲ့ ရှေ့တည့်တည့် မြက်ခင်းပြင်မှာ ဒယ်ဒီနဲ့ မာမီတို့က ဆက်တီခုံတွေမှာထိုင်ပြီး စကားပြောနေတာကို တွေ့လိုက်ရသည်။

ကျွန်မ အနားကိုရောက်တော့ . . .

"သမီး"

ဒယ်ဒီက ကျွန်မကို လှမ်း၍ခေါ်လိုက်ပါတယ်။

"ရှင်"

"လာပါဦးကွယ် . . . ဒယ်ဒီနဲ့ မာမီ သမီးကို စကား ပြောချင်လို့ကွယ်"

"ဟုတ်ကဲ့ ဒယ်ဒီ"





ဒယ်ဒီရဲ့ ခေါ်လိုက်သံကြောင့် အိမ်ထဲဝင်မည့် ခြေလှမ်းတို့ကို ရပ်တန့်လိုက်ပြီး ဒက်ဒီတို့ရှိရာသို့ သွားကာ ခုံအလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်တော့သည်။

မာမီက ကျွန်မကို စူးစူးစမ်းစမ်းကို ကြည့်နေသည်လေ။ ဒီနေ့ ထူးခြားလွန်းနေသည်ဟု ခံစားလိုက်ရပါသည်။ ဒယ်ဒီနဲ့ မာမီတို့၏ အနေအထားသည် ကျွန်မနှင့် ပတ်သက်နေသည့် အနေအထားမှန်း ကျွန်မ အကဲခတ်လိုက်မိပါတယ်။

"ဒယ်ဒီ"

ကျွန်မ တည်ငြိမ်အေးဆေးသည့် လေသံဖြင့် ခေါ်လိုက်ရာ ဒယ်ဒီက ကျွန်မကို တစ်ချက် စွေကနဲ ကြည့်လိုက်သည်။

"သမီးကို ဘာပြောချင်လို့လဲ"

ဒယ်ဒီရဲ့ ဟူးကနဲ သက်ပြင်းချလိုက်သံကို ကောင်းစွာ တွေ့လိုက်ရသဖြင့် ကျွန်မ စိတ်မကောင်းဖြစ်မိပါတော့၏။

နောက်တော့မှ ဒယ်ဒီက တည်ငြိမ်သည့်လေသံဖြင့်

"သမီး အခု ဘယ်သူနဲ့ ပြန်လာတာလဲ"

ကျွန်မ အထူးအဆန်းကို ဖြစ်လို့သွားပါသည်။ မမေးစဖူး မေးက ထူးလာခဲ့ပါ၏။

ပြုံးယောင်ယောင်သန်းနေသည့် ကျွန်မ အပြုံးတို့သည် ယ်ဒီစကားကြောင့် ရပ်တန့်ကာ ' သွားတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲလည်း ကသိကအောင့် ဖြစ်လို့သွားခဲ့လေသည်။

ဘာကြောင့်လဲ၊ ဘာအတွက်ကြောင့် ဤသို့ မေးရတာလဲ။

ဒယ်ဒီနဲ့ မာမီ ဘာတွေဘာယ်လို ကြားနေကြပြီလဲ၊

"သမီး ပြောလိုက်လေ"

နံဘေးတွင်ကပ်၍ ထိုင်နေသော မာမီက ကျွန်မလက်ကို တို့လိုက်ရင်းနဲ့ ပြောခိုင်းလိုက်သဖြင့် . . .

"ဥက္ကာကျော်နဲ့ ပြန်လာတာပါ"

ကျွန်မရဲ့ အဖြေစကား ကြားပြီးသွားတဲ့ ကျွန်မ ဒယ်ဒီဟာ ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပါတယ်။

"သမီးကို ပွင့်ပွင့်လင်းလင်းပဲ မေးမယ်"

ကျွန်မ ခေါင်းညိတ်ပြလိုက်၏။

"သမီးနဲ့ ဥက္ကာကျော်တို့ ချစ်သူဘဝ ရောက်သွားကြပြီလား"

"ရှင်"

ကျွန်မ ထိတ်ခနဲပဲ ရင်တွေတုန်သွားသည်။ ဒီကိစ္စကို ဒယ်ဒီ ဘယ်လိုသိသွားသလဲ၊ ဘယ်သူပြောလိုက်တာလဲဆိုတာ စဉ်းစားလို့မရ။

သို့ပေမယ့် ကျွန်မတို့နှစ်ယောက်ရဲ့ ဝန်းကျင်မှာ





ပတ်ဝန်းကျင်ဆိုတာ ရှိနေတယ်လေ။ ဒါကြောင့်ပဲ သိမှာပါဟု ကျွန်မ တွေးလိုက်သည်။

သို့သော်လည်း ဒယ်ဒီက ကျွန်မကို ဒဲ့ဒိုး မေးလာခြင်းကြောင့် အံ့သြတသင့် ဖြစ်သွားခဲ့တာက အမှန်။ မင်သက်ငေးမောသွားရသည်ကလည်း အမှန်ပင်။

"သမီးတို့ လူငယ်ချင်း မေတ္တာမျှနေကြတယ်ဆိုတာကို ဒယ်ဒီရော သမီးမာမီရော သိနေကြတယ် . . . သမီးတို့ကိစ္စကို ဒယ်ဒီနဲ့ မာမီက မကန့်ကွက်ပါဘူး . . . ဒါပေမယ့် သမီး"

ဒယ်ဒီ့စကားက ဒီမှာတင် ရပ်တန့်လို့သွားတော့သည်။ ဒါပေမယ့်ဆိုသည့် စကား၏ နောက်ထပ် ဆန့်ကျင်ဘက်စကားတော့ ရှိလေတော့မည်ဟု သိလိုက်ပါတယ်။

ကျွန်မ ဒယ်ဒီ ဆက်ပြောလာမည့်စကားကို ကြားချင်နေသည့်အတွက် သိချင်စိတ်နဲ့ မေးလိုက်တယ်။

"ဒါပေမယ့် ဘာဖြစ်လဲ ဒယ်ဒီ"

ဒယ်ဒီဟာ မပြောသေးဘဲ ငြိမ်နေတယ်။ နောက်ပြီး ကျွန်မကိုလည်း ခပ်ရှူးရှူးလေးပဲ ကြည့်နေလိုက်ပါတယ်။

"ဘာဖြစ်လို့လဲဆိုတော့ သမီးက မိန်းကလေးလေ . . မောင်ဥက္ကာနဲ့ တွဲသွားတွဲလာလုပ်တော့ ပတ်ဝန်းကျင်အမြင်မှာ ပတင့်တယ်ခရာ ပြောစရာတွေ ဖြစ်လာလို့ပါ သမီး"

ကျွန်မစိတ်ထဲ ထောင်းခနဲ ဖြစ်လို့သွားပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ကတော့ တကယ်ပါပဲ။ ကိုယ့်ထမင်းကိုယ်စားပြီး သူများအတင်း လျှောက်ပြောတာ ထုံးစံပဲလားမသိ။

"လူဆိုတာ အရှက်ရှိမှ သမီး . . . အရှက်မရှိရင် လူ့တိရစ္ဆာန် ဖြစ်သွားလိမ့်မယ် . . . သမီးက မိန်းကလေးဆိုတော့ ပိုဆိုးတာပေါ့"

ကျွန်မ နှုတ်ခမ်းကို စုပုပ်ပြီး ကိုက်ထားလိုက်သည်။ မကျေနပ်သည့်ဟန်။ ဘယ်သူ့ကို စိတ်ဆိုးရသည် ဆိုတာလည်း မဝေခွဲ မပြောတတ်။

"ဟုတ်တယ် . . . သမီးဒယ်ဒီပြောတာ မှန်တယ်ကွယ့်၊ သမီးကို မာမီတို့ ပြောချင်တာက မောင်ဥက္ကာကျော်နဲ့ သမီးကို စေ့စပ်ထားချင်တယ် . . . ဒါကြောင့် သမီးက မောင်ဥက္ကာကျော်နဲ့ သွားဆွေးနွေးကြည့်ပါလားကွယ်"

ကျွန်မက အခြေအနေအရပ်ရပ်ကို သုံးသပ်ကြည့်လိုက်ပါသည်။ ဒယ်ဒီနှင့် မာမီတို့ဘက်က ကြည့်တော့လည်း မိန်းကလေးရှင် ဖြစ်နေသည့်အတွက် အရှက်နဲ့သိက္ခာ မပြိုကွဲဖို့ကို ထိန်းသိမ်းစွာ ပြောခြင်းဖြစ်လေ၏။

"သမီး သူနဲ့ ဆွေးနွေးလိုက်ပါ့မယ် မာမီ"

❀ ❀ ❀ ❀ ❀





ကန်ရေပြင်ဘက်က တိုက်ခတ်လာသည့် လေညှင်း နုနုနွဲ့နွဲ့လေးတွေက သူမရင်ကို အေးမြအောင်လို့ တိုက်ခတ်နိုင်စွမ်း မရှိခဲ့ပေ။

ထို့အပြင် သစ်ပင်ကြီးပေါ်က သစ်ရွက်လှုပ်ခတ်သံတွေကလည်း တရှဲရှဲနှင့် ဂီတသံစဉ်တစ်ခုပမာ ဖြစ်ပေါ်လာခဲ့သော်လည်း ကျွန်မကတော့ ခံစားလို့ကို မရနိုင်သေးပါ။

အတွေးစတို့က သူမခေါင်းထဲမှာ စုပုံပြည့်သိပ်နေသည်။ ခုလည်းကြည့် ဥက္ကာကျော်ကို စကားပြောစရာ တိုင်ပင်စရာ ရှိတယ် အေးဆေးတဲ့နေရာတစ်နေရာကို သွားကြရအောင် ဆိုတော့ ဒီနေရာကိုပဲ ဥက္ကာကျော်က ခေါ်လာခဲ့ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာလေးကတော့ ချစ်သူရွေးတဲ့ နေရာလေးပဲ ဖြစ်ပါတယ်။

သူမကတော့ လက်ကိုင်ပဝါလေးနှစ်ထည် ချထားခဲ့သည့် ခုံတန်းလေးမှာ ထိုင်နေမိခဲ့ပါ၏။ အဟောင်းက အသစ်ဖြစ်ခဲ့သည် ဆိုတဲ့အတိုင်း သူမအတွေး သူမအာရုံတွေထဲမှာ တဒင်္ဂခဏ ဖွန်ဦးမောင်ကို အတွေးဖော်နေမိခဲ့သည်။

ဒီနေရာလေးမှာ ချစ်သူရွေးခဲ့သည်။ ကံထူးသူက ဥက္ကာကျော်။ တစ်စက်လေးမှ မျက်နှာညှိုးနွမ်းမသွားသည့် ဖွန်ဦးမောင်။ ပြုံးနေသော်လည်း မျက်ရည်များက မျက်ဝန်းနောက်မှာ ခိုအောင်းနေသော သူ့ရဲ့ပုံရိပ်များ။

အဲဒီမှာပဲ သူ့ရဲ့ရင်တွင်း ပေါက်ကွဲမှုသံစဉ်တို့ကို အန်ထုတ်ခဲ့ရာ . . .

''နှောင်းရယ် . . . မင်းရင်ထဲမှာ ငါမရှိတော့ပေမယ့် ငါ့ရင်ထဲမှာတော့ မင်းအမြဲရှိတယ်ဆိုတာ ယုံထားလိုက်ပါ နှောင်းရယ်'' တဲ့။

အဲဒီစကားလေးကိုတော့ သူမ ဘဝတစ်သက်တာမှာ မေ့ပျောက်နိုင်စွမ်းရှိမှာ မဟုတ်တော့ဘူးဆိုတာ သိနေခဲ့မိသည်။

သူမ အတင်းကို ခေါင်းခါရမ်းလိုက်ပါတယ်။ သွားတော့။ သွားတော့ ဖွန်ရယ်။ နှောင်းအတွေးထဲကနေ ထွက်သွားပေးပါ။

ဒီအချိန် နှောင်း ဖွန့်ကို တမ်းတလွမ်းမောရမယ့်အချိန်





မဟုတ်တော့ပါဘူး။

''နှောင်း နင် သိပ်ခံစားနေရလား''

တိုးညှင်းသာယာသောအသံနှင့် ဥက္ကာကျော်က သူမကို သွေးတိုးစမ်း မေးလိုက်သည်။ ကော့ညွတ်နေသော မျက်တောင်များကို ခဏခဏ ပုတ်ခတ်ကာ မျက်ရည်များ ထွက်အံမကျအောင် ထိန်းရင်းကနေ သူမက . . .

''နင် ဘာဖြစ်လို့ ဒီနေရာကို ခေါ်လာခဲ့ရတာလဲ ဥက္ကာ''

''ဟတ်ဆိတ်အေးဆေးတဲ့ နေရာဆိုလို့ ဒီနေရာပဲ ရှိတယ်ဟာ . . . ဒါကြောင့် ငါ ဒီနေရာကိုပဲ ခေါ်လာခဲ့တာပါ နှောင်း''

သူမ ဆက်မပြောတော့။ ခေတ္တခဏ ငြိမ်သက်သွားလိုက်တယ်။ သူမစိတ်ထဲတွင် ဥက္ကာကျော်ကို ဘယ်လိုပြောရမည်ဆိုတာကို စဉ်းစားလိုက်ရ၏။

''နှောင်း''

''ဘာလဲ''

''နင် ငါ့ကို ဘာပြောမလို့လဲ''

ဟင်း . . . ။

သူမ သက်ပြင်းလေးကို ချလိုက်သည်။

''ဒီလောက် သက်ပြင်းတွေ ချနေမှတော့ ပြဿနာက မသေးဘူးထင်တယ် . . . ငါပြောတာ ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



အင်းဟု သူမ ခေါင်းညိတ်ပြလိုက်တယ်။

"ကဲ ဒါဆိုလည်း ပြော . . . ဘယ်လိုပြဿနာ ဖြစ်ဖြစ်ဟာ"

ဥက္ကာကျော်က သိချစ်စိတ်တွေ ပြင်းပြလာခဲ့တော့သည်။

"နင် ငါနဲ့ အရင်စေ့စပ်ထားချင်တယ်"

"ဟင်"

ဥက္ကာကျော် သိပ်ကိုအံ့ဩသွားသည်။ ပြဿနာဆို၍ တစ်ခြားကိစ္စတစ်ခုခုဟု ထင်လိုက်၏။

သူမ ပြောလိုက်တော့မှပင် ပြဿနာက သူ့အတွက် ကောင်းသော ပြဿနာတစ်ခု ဖြစ်နေသည်။ သူ့စိတ်ထဲမယ် ပျော်ရွှင်ကြည်နူး နှစ်သက်လို့သွားတော့၏။

"နင် ဘယ်လိုစိတ်ကူးပေါက်သွားရတာလဲ"

"ဘာစိတ်ကူးမှပေါက်တာ မဟုတ်ဘူး . . . နင်နဲ့ငါ အကြောင်းကို ပတ်ဝန်းကျင်က သိနေကြပြီလေ ဥက္ကာရဲ့"

"သိတော့ကော ဘာဖြစ်လဲ"

"ဟဲ့ ငါက မိန်းကလေးလေ . . . အရှက်သိက္ခာတော ရှိရတော့မှာပေါ့ . . . ကိုယ်က ဂရုမစိုက်ပေမယ့် ငါ့ရဲ့မိဘ ဂုဏ်သိက္ခာတော့ ဆည်ရမယ်လေ . . . တန်ဘိုးထားရမယ် လေဟာ . . . လူတကာတွေရဲ့ စကားချောင်းထဲမှာ ငါ့ဒယ်ဒီ မာမီ မပျောစေချင်ဘူး . . . ဒါကြောင့် နင် လူကြီးစုံရာ





ငါ့မိဘတွေဆီ လာပြီး စေ့စပ်တောင်းရမ်းဖို့ ပြောတာပဲ"

သူမ ပြောသမျှကို ဥက္ကာကျော် ငြိမ်၍ နားထောင်နေသည်။ သူ့ရင်တွေ တဆတ်ဆတ် ခုန်နေ၏။ သူ နားကြားလွဲနေတာလားဟု သံသယ ဝင်မိခဲ့ပါသည်။ နားမလည်သလိုနှင့် သူမကို ငေးငိုင်ကာ ကြည့်နေမိ၏။

"ဟဲ့ ဥက္ကာ"

"ဟင် ဘာလဲ နှောင်း"

"ငါပြောတာကော ကြားရဲ့လား . . . နင် ဘယ်လို ဖြစ်နေတာလဲ"

ရှင်နှောင်းနှုတ်က ခပ်ထန်ထန်လေး ပြောမေး မေးလိုက်သည်။

"ခုနစကားတွေ နင်ပြောတာလားလို့ တွေးနေတာ နှောင်း . . . နင် နောက်တစ်ခေါက် ပြန်ပြောပါဦးလားဟာ"

ရှင်နှောင်းက မျက်စောင်းခပ်ကြာကြာလေး ထိုးပစ်လိုက်သည်။

"ဟွန်း ငါ အကောင်းပြောနေတာနော် ဥက္ကာကျော်"

ဥက္ကာကျော် စပ်ဖြီးဖြီးမျက်နှာနှင့် ပျော်ရွှင်နေကာ ရွှန်းလဲ့တောက်ပနေသည့် အကြည့်တို့က ရှင်နှောင်းအပေါ်သို့ ရှုမဝနိုင်တော့ပါ။

"ငါတော်တော် အံ့ဩသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

သူမက ဥက္ကာကျော်ကိုကြည့်ကာ မေးလိုက်သည်။ ဥက္ကာကျော်က သူမကိုကြည့်ရင်း ကိုယ့်အတွေးနဲ့ကိုယ် ပြုံးနေလိုက်မိသည်။

"အရင်တုန်းက ငါကစပြီး နင့်ကိုစေ့စပ်ဖို့ ခဏခဏပြောရတယ် . . . အမြဲတမ်းလိုလို ရှောင်ဖယ်ရှောင်ဖယ်နဲ့ ငြင်းတာချည်းပဲ . . . ခုတော့လည်း ကြည့်စမ်း နင်ကစပြီး ဒီကိစ္စကို ပြောလာခဲ့တာ ငါ သိပ်ကို အံ့သြသွားခဲ့တာ"

သူပြောတော့ ရှင်နှောင်းက အလိုမကျဟန်နဲ့ မျက်နှာကို စူပုပ်ကာ ပြင်လိုက်ပြီး . . .

"ဘာလဲ နင်က ငါ့ကိုအံ့သြပြီး အထင်သေးတယ်ပေါ့"

ခပ်ငေါ့ငေါ့လေးနဲ့ ပြောလိုက်သည့် စကားကို သူက ဘာတစ်ခုမှ သိပုံမရ။

"ဟာ မသေးရဲပါဘူး .. ဝမ်းတောင်သာနေသေးတယ်၊ နင်ပြောတာမှ ဟုတ်ရဲ့လားလို့ ငါတွေးနေတာ နှောင်း . . . တကယ်ပါ ငါ့ရင်ထဲမှာ ကြည်နူးမိခဲ့တာ အမှန်ပဲ"

"ကဲပါ ဒါတွေ ပြောမနေနဲ့တော့ . . . ငါပြောတာ နင်ဘယ်လို သဘောရလဲ"

သူမ မေးလိုက်တော့ ဥက္ကာကျော်မျက်နှာက ပြုံးဖြီးဖြီးနဲ့လေ . . .





"ငါ့ကို မေးမနေနဲ့လေ . . . ငါက မြန်လေ ပိုကြိုက်လေပေါ့ . . . စေ့စပ်မနေပါနဲ့ဟာ . . . တစ်ခါတည်း မင်္ဂလာဆောင်လိုက်ရင် မကောင်းဘူးလား နှောင်း"

"အောင်မယ် . . . စကားက အကြောကြီးနဲ့ ဟွန်း"

ရှင်နှောင်းက ဒုတိယအကြိမ် မျက်စောင်း ထပ်ထိုးလိုက်ရပြန်သည်။

ဒါပေမယ့်လေ ထိုမျက်စောင်းလေးက ဥက္ကာကျော်အတွက် သိမ်မွေ့နူးညံ့ ပျော့ပျောင်းလို့ ချစ်စရာ အလွန်ကောင်းသည့် မျက်စောင်းလေးပဲ ဖြစ်ပါတော့သည်။

"ကဲပါ နှောင်းရယ် . . . နင်ကြိုက်တဲ့ပုံစံပဲ ပြောပါ၊ ငါ့ဘက်က ဘာမဆို လိုက်လျောဖို့ အဆင်သင့်ပါပဲဟာ"

"ဒါဆိုရင်လည်း ငါတို့နှစ်ယောက် လူကြီးတွေနဲ့ တိုင်ပင်ကြပြီး ရက်ကောင်းတဲ့နေ့မှာ စေ့စပ်ပွဲ ကျင်းပမယ်ဟာ . . . ဘယ်လိုလဲ မကောင်းဘူးလား"

"ဟင့်အင်း မကောင်းဘူး"

ဥက္ကာကျော်က မကောင်းဘူးဟု ငြင်းဆန်လိုက်သဖြင့် ရှင်နှောင်း ရင်ထဲမှ စိုးရိမ်မှုတွေ ဖြစ်သွားခဲ့ပြန်သည်။

"ဘာဖြစ်လို့လဲ ဥက္ကာ"

"တစ်ခါတည်း လက်ထပ်လိုက်ရင် ကောင်းမလား လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"သွား ငါ အဟုတ်မှတ်လို့ ဟွန်း"

"ဟား ဟား ဟား ဟား"

ဥက္ကာကျော်က ပျော်လွန်းလို့ ရယ်မောလိုက်နေခိုက် ရှင်နှောင်းက ဖျတ်ကနဲ ဖွန်ဦးမောင်ကို သတိရလိုက်ပါတော့သည်။

ꕥ ꕥ ꕥ ꕥ ꕥ





ဒီနေ့က ရှင်နှောင်းတို့ ခြံထဲတွင် လူစုံတက်စုံနှင့် သည်တွေနဲ့ စည်ကားလို့နေသည်။

ရပ်မိရပ်ဖများ၊ ရပ်ကွက်လူကြီးများ၊ နှစ်ဘက်သော များနှင့် ဧည့်ခန်းတစ်ခုလုံး ပြည့်နှက်လို့ နေကြတော့သည်။

ဪ ဒီနေ့က ရှင်နှောင်းနဲ့ ဥက္ကာကျော်တို့ရဲ့ ပ်သည့် မင်္ဂလာနေ့ရက်တစ်ရက် ဖြစ်နေတော့သည်။

ဥက္ကာကျော်ရဲ့ အဖြစ်ချင်ဆုံးဆန္ဒ။ ဘဝတစ်ခုအတွက် ည့်စုံသော နေ့တစ်နေ့၏ စရန်အဖြစ် ယူထားရသည့်နေ့။

သည်နေ့လိုရက်မျိုးကို စောင့်စားကာ မျှော်လင့် သည့် ကာလက ကြာရှည်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ဖြင့် ရောက်ရှိလာပြီ။ လိုချင်မက်မောခဲ့သည့် ဆန္ဒတွေ ဖြစ်လာခဲ့ပြီလေ။

ဘယ်တော့များမှ ဖြစ်လာတော့မည်လဲဟု စိုးရိမ်စိတ်တွေနဲ့ စောင့်နေခဲ့ရာမှ ခုတော့ မျှော်လင့်သည့်အတိုင်း ဖြစ်လာတော့ . . .

ကြည်နူးခြင်းတွေ၊ ပျော်ရွှင်ခြင်းတွေ၊ ဝမ်းသာခြင်းတွေက အတိုင်းအတာ၊ အတားအဆီးမဲ့ ဖြစ်ခဲ့ရသည်။

ဤလောကတစ်ခွင်တွင် သူ့လောက် ပျော်ရွှင်ကြည်နူးမိသူ တစ်ဦးတစ်ယောက်မျှ ရှိလာလိမ့်မည်ဟု မထင်ထားခဲ့။

ရှင်နှောင်းကို သူ ပိုင်ဆိုင်ရတော့မည်။ သူ့အသည်းထောင့် တစ်နေရာမှာ ရာသက်ပန်ထာဝရ ရှင်နှောင်းကို သိမ်းဂုဏ်ထားရတော့မည် မဟုတ်လား။

ရှင်နှောင်းကတော့ဖြင့် သူမရဲ့ နှလုံးသားကို ပေးဆပ်ရတော့မည့် နေ့။

သူမရဲ့ နှလုံးသားနှင့်ဘဝကို အုပ်ချုပ်ခံရန်အတွက် နေ့ကောင်းရက်မြတ် ရွေးချယ်ပေးရသည့် နေ့တစ်နေ့ဟု မြင်ပါမိသည်။

ဒါပေမယ့်လည်း သူမရဲ့ အသိစိတ်ထဲတွင် ဝမ်းနည်းရမှာလား၊ ဝမ်းသာရမှာလား ဆိုတာကိုတော့ ဝေခွဲလို့မရ ဖြစ်နေသည်။ ဘာကြောင့်လည်း ဆိုတာကိုလည်း မပြောတတ်။





သူမစိတ်နဲ့ သူမကိုယ်ကတော့ အတူတကွ စည်းလုံးမှု မရှိ ဖြစ်နေသည်။

စိတ်ကတော့ . . .

အင်း ပြောရမည်ဆိုရင်တော့ ဖွန်ဦးမောင်ထံသို့ ရောက်လို့နေပေတော့သည်။

ဒီလိုအချိန်မှာ သူမတစ်ယောက် ဖွန်ဦးမောင်ကို အရမ်းသတိရနေတော့သည်။ ဥက္ကာကျော်နေရာတွင် ဖွန်ဦးမောင်သာ ဖြစ်လိုက်ပါတော့ဟု စိတ်အရိုင်းတို့က ဝင်ရောက်လာခဲ့သဖြင့် အတင်းပင် ထိုအတွေးကို မောင်းထုတ်နေရသည်။

မရ။ ဘယ်လိုမှကိုမရ။ ဖွန်ဦးမောင်သည် သူမ အတွေးအိမ်ထဲမှ ပြေးထွက်သွားလိုက်၊ တစ်ခါ ပြန်ပြေးဝင်လာလိုက်နှင့် ဖြစ်နေ၏။

ကြာတော့ သူမ ရင်ထဲ လှိုက်မောလွမ်းရစ်ကာနေတော့သည်။ ညှို့သည်တွေကြား ကျလာမည့် မျက်ရည်တွေကို အနိုင်နိုင်ထိန်းလို့ နေရသည်ကလည်း ဒုက္ခတစ်ခုပင်။

"ကိုင်း ကျွန်တော်တို့ကို ပြန်ခွင့်ပြုကြပါဦး . . . မောင်ဥက္ကာကျော်နဲ့ မရှင်နှောင်းတို့ရဲ့ စေ့စပ်မင်္ဂလာပွဲလေးကတော့ အောင်မြင်သွားပြီနော်"

ဟောတော့ . . . ။

ကြည့်စမ်း . . . ။



www.burmeseclassic.com

www.burmeseclassic.com



သူမ အတွေးတွေနဲ့ ချာလပတ် ရမ်းနေတုန်းမှာ စေ့စပ်ပွဲက ပြီးသွားပြီတဲ့။ ဘာတွေပြောလို့ ပြောကြမှန်းတောင် မသိလိုက်ရ။

ဒါနဲ့ သူမလည်း ဧည့်သည်တွေကို တိုက်ပေါက်ဝသို့ လိုက်ပို့ရပြီး ဟန်ဆောင်ပန်ဆောင် ရယ်ပြ ပြုံးပြရတော့ တအားကို ပင်ပန်းခဲ့ရသည်။

ဧည့်သည်တွေ ပြန်သွားတော့မှ ရှင်နှောင်းက အခန်းထဲ ဝင်သွားပြီး ကုတင်ပေါ် ဝမ်းလျားထိုးကာ အားရပါးရ ငိုကြွေး ခဲ့တောပါတယ်။

ဘယ်သူ့အတွက်ငိုတာလဲ . . . ။

ဖွန်ဦးမောင်အတွက်ကြောင့်လား . . . ။

ဒါမှမဟုတ် . . . ။ ရှင်နှောင်း ဘာမှကို မတွေးတတ် တော့ပါ။

❀ ❀ ❀ ❀ ❀





တောင်ပေါ်မြို့လေးဆိုတော့ အအေးဓာတ်က လွန်ကဲစွာ အေးနေသည်။ အိမ်ပြတင်းပေါက်မှန်မှ ပြင်ပသို့ ကြည့်လိုက်တိုင်း ငွေနှင်းမှုန်တွေလား မြူမှုန်တွေလား မသိ ဝေဝေဆိုင်းဆိုင်းနှင့် ရစ်သိုင်းဖွဲ့ကာ ရှိနေတော့သည်။

ပြင်ပလောကတစ်ခုလုံးရဲ့ အသွင်သဏ္ဍာန် ရုပ်ပုံလွှာ တွေသည် အလွမ်းအဆွေးရှိသူကို ပို၍ လွမ်းမောတမ်းတဖွယ် ဖြစ်အောင် ပံ့ပိုးနေသည်ဟု ကျွန်တော် ခံစားနေမိပါတော့တယ်။

ကျွန်တော်၏ စိတ်အစဉ်တို့က မလွမ်းချင်ပါဘဲနဲ့ လွမ်းနေရသည်။ မေ့ချင်လျက်နဲ့ မမေ့နိုင်ဖြစ်နေသည်။ သတိ ပရချင်ပါလျက်နဲ့ သတိရနေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာတွေထဲမှာမှ သည်ဝေဒနာသည် အခံရအခက်ဆုံး ဝေဒနာတစ်ခုဟု ကျွန်တော် ကိုယ်တွေ့ ခံစားမိလိုက်ရပါတယ်။

သူမနှင့်ဝေးရာသို့ ထွက်လာခဲ့ရသော်လည်း စိတ်သည် သူမဆီမှာ အပြီး ကျန်ခဲ့ရပါပြီ။

သူမကို နေ့နေ့ညည လွမ်းနေရသည်။ သူမကို နေ့တိုင်း အချိန်တိုင်း မေ့လို့မရဖြစ်နေသည်။ သူမကို အသက်တစ်ချက် ရှူလိုက်တိုင်း သတိရခြင်းများစွာ ဖြစ်မိသည်။

ဩော် အချစ်ဝေဒနာကတော့ ကုရာနတ္ထိ ဆေးမရှိ ပါလားနော် . . . ။

ကျွန်တော့်ရဲ့ ချစ်ခြင်းဖွဲ့ အလင်္ကာက အလွမ်းအဆွေး နဲ့အတူ မျက်ရည်များနဲ့ပါ ရောဖွဲ့ကာ စပ်ဆိုထားလိုက်ရ၏။

နှလုံးသားဝေဒနာတစ်ခုကို ရင်မှာပိုက်ပြီး ထွက်ပြေး လာခဲ့ရသည့် ကျွန်တော် အလွမ်းတောထဲမှာ မှောက်ရက် လဲနေခဲ့တာကို မည်သူ သိနိုင်ပါမည်နည်း။

ကျွန်တော်ချစ်သော ရှင်နှောင်း သိနားလည်နိုင်ပါမလား။ သူမသည်လည်း ကျွန်တော့်လိုပင် လွမ်းလွမ်းတတနှင့် အလွမ်း ဆင့်ဆင့် လွမ်းရင်းနဲ့ လွမ်းနေမည်လား မသိပါ။

ဒါမှမဟုတ် ကျွန်တော်ဆိုသော ဖွန်ဆိုသည့် လူတစ် ယောက်ကို မတွေ့ဘူးသော၊ မမြင်ဘူးသော၊ မသိဘူးသော လူစိမ်းတစ်ယောက်ဟု မေ့လို့ထားလိုက်ပြီလား ဆိုတာကိုတော့





ကျွန်တော်လည်း အတတ်မပြောနိုင်ပါ။

ဘာပဲဖြစ်ဖြစ်ပေါ့။ ကျွန်တော်ကတော့ ချစ်နေရသူ ဆိုတော့ လွမ်းရင်း၊ သတိရရင်း၊ ငိုရင်းနဲ့ အချိန်တွေသာ ကုန်လာခဲ့ပါတော့သည်။

"နှောင်းရယ် . . . မင်းလေးကို ဘယ်လိုမှ မေ့လို့ မရပါလားနော်"

အိမ်ထဲနေရသည်က စိတ်တွေ ကျဉ်းကျပ်လို့ လာရ သည်။ ထို့အတွက် ကျွန်တော် အိမ်ပေါ်ကနေ ခြံထဲဆင်းကာ လမ်းလျှောက်နေမိတော့၏။

ကျွန်တော်နေသော ခြံထဲတွင် ရောင်စုံပန်းတွေက မျိုးစုံ ဖူးပွင့်နေသည်။ ပန်းကမ္ဘာဥယျာဉ်တစ်ခုပမာ ဖြစ်နေသည်ဟု ကျွန်တော့်စိတ်ထဲ ခံစားလိုက်မိပါတယ်။

ပန်းခင်းကြီးကိုကြည့်ရင်း ကျွန်တော့်စိတ်တွေ လန်းဆန်း သွားခဲ့ရ၏။ ကြည်လင်အေးမြလို့ သွားခဲ့ရတော့၏။

တခဏအတွင်းမှာ ကျွန်တော့်စိတ်တွေ အရာအားလုံးကို မေ့ပျောက်လို့ သွားခဲ့ရသည်။ ပန်းတို့သည် ကျွန်တော့်စိတ် အတွင်း အဖျှတ္တကို အုပ်ချုပ်စိုးမိုးယူနိုင်ခဲ့ပါတယ်။

ပန်းတို့သည် ရေမြေလိုက်၍ အရောင်ပြောင်းကြ ကုန်၏ဟု ဆိုစကားရှိသော်လည်း ကျွန်တော့်ရဲ့ ပန်းလေး တစ်ပွင့်ဖြစ်သော ရှင်နှောင်းသည် . . .



www.burmeseclassic.com

www.burmeseclassic.com



ပေါကြည့် . . . ကျွန်တော့်အတွေးအာရုံထဲသို့ ရှင်နှောင်းသည် တိုက်ရိုက်ဝင်လာခဲ့သည့်အခါ ဝင်လာပြီး အကြောင်းတစ်ခုနှင့်သော်လည်း ဝင်လာခဲ့သည့်အခါ ဝင်လာတတ်၏။

အခုလည်းကြည့် . . . ပန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော့်အတွေးထဲသို့ ရောက်လာခဲ့သည်။

ဟူး . . . ။

ကျွန်တော် သက်ပြင်းကစ်ရှိုက်ကို မှုတ်ထုတ်လိုက်ပါတော့တယ်။

"ကိုယ့်ကို အာရုံတွေစားအောင် လုပ်နေတာလား နှောင်းရာ"

စိတ်အတွင်းက မြည်တမ်းသည့် စကားလုံးတို့သည် နှုတ်ခမ်းကနေ အသံတွေ ထွက်လာခဲ့ရသည်။

ထိုအချိန်ခဏလေးတွင်းမှာ . . .

"ကလင် လင် လင် လင်"

ဘဲလ်တီးသံတစ်ခုက နောက်မှ ပေါ်ထွက်လာခဲ့ပါတော့တယ်။

ကျွန်တော် လှည့်ကြည့်လိုက်တော့ သတင်းစာပို့သည့် ကောင်လေးတစ်ယောက် စက်ဘီးစီးရင်း ခြံတွင်းသို့ နင်းကာ ဝင်လာခဲ့၏။





ဒီမြို့လေးသို့ သတင်းစာက တစ်ရက်ကျော်မှ ရတတ်သည်။

ခုလည်း မနေ့ကထွက်သည့် သတင်းစာကို လာပို့ခြင်းပင်။ သို့သော် တစ်ခါတစ်လေတွင် နှစ်ရက်သုံးရက် နေပြီးမှ စုပြီးလည်း လာပို့တတ်သည်။

ကျွန်တော်က ကောင်လေးဆီက သတင်းစာကို ယူလိုက်ပြီး သစ်ပင်အောက်ရှိ ထိုင်ခုံလေးတစ်လုံးပေါ်တွင် ကျနစွာ သွားထိုင်လိုက်သည်။ ပြီးတော့မှ သတင်းစာကို တစ်ရွက်ချင်းလှန်ကာ ဖတ်ရှုနေမိတော့၏။

မည်မျှကြာသွားသည်. မသိတော့။ သတင်းစာ၏ နောက်ဆုံးစာရွက်၏ အပေါ်ကော်လံတွင် ပါရှိလာသော သတင်းတစ်ခုကြောင့် ရင်ထဲတွင် ကျင်ကနဲ ထိခိုက်ခံစားလိုက်ရတယ်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်းတဲ့ . . . ။

ကျွန်တော် ထိုသတင်းလေးကို သေသေချာချာ ဖတ်ကြည့်လိုက်ပါတော့တယ်။

ရှင်နှောင်းနဲ့ ဥက္ကာကျော်တို့၏ စေ့စပ်ကြောင်းလမ်းခြင်းပင် ဖြစ်ပါသည်။

ဟား . . . ။

ကျွန်တော့်ရင်တွေ ဟင်းလင်းပြင်ကြီးတစ်ခုလို ဖြစ်သွားခဲ့သည်။ ဘာရယ်လို့လဲ မဟုတ် ပါးစပ်က မျှော်လင့်မှုတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ဆုံးရှုံးသွားခဲ့ရသလိုလို အားပြတ်နေသော လူမမာတစ်ဦးကဲ့သို့ ခံစားရလို့ နေသလိုလိုနှင့် အသံထွက်ကာ သွားရတော့သည်။

တကယ်တော့ စိတ်ဓာတ်ကျသွားခဲ့ရသည့် အော်မြည်သံ တစ်ခုပင်။

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဤသို့သော ကိစ္စရပ်လေး ပေါ်ပေါက်လာတော့မည်ကို ကျွန်တော် သိနေပါသည်။ ကြိုတင်၍လည်း ခံစားမှုကို ခံနိုင်ရည်ရှိအောင် အသင့် ပြင်ထားလိုက်ပါတယ်။

ခုတော့ တကယ်ဖြစ်လာခဲ့ပါသည်။ ခံနိုင်ရည်ရှိအောင် ကြိုတင်ကာကွယ်ထားသော်လည်း နင့်ကာနဲ၊ လှိုက်ကာနဲ၊ ဟာကာနဲ ရင်ထဲမှာ ခံစားသွားလိုက်ရတာ လူကို သေလုမတတ်ပင်။

ခုမှပဲ ကျွန်တော့်နှလုံးသားတွေ တစ်စစီ ပဲ့ကြွေသွားခဲ့ပါပြီလေ။ ဝမ်းနည်းခြင်းတွေ၊ ပူဆွေးခြင်းတွေက တစ်ပြိုင်နက်ထဲ ကျွန်တော့်ဆီ ပြေးဝင်လာခဲ့ပါသည်။

မျက်ရည်ကျလို့ ကျွန်တော် ငိုကြွေးရတော့မည်။ တိတ်တိတ်လေး တစ်ယောက်တည်းကြိတ်ကာ ဆွေးရတော့မည်။ လွမ်းရတော့မည်။

နှောင်းရယ် . . .

ခုတော့လည်း နင် ငါ့ကို တစ်ယောက်တည်း ထားခဲ့ပြီပေါ့နော် . . . ။ အေးလေ ငါကလည်း နင့်ကိုထားခဲ့ပြီး ဒီ





တောင်ပေါ်မြို့လေးကို တစ်ယောက်တည်းပဲ ထွက်လာခဲ့တာကိုး။

ကျွန်တော့်ရဲ့ အတွေးစုထဲမှာ ရှင်နှောင်းကို စကားတွေ ပြောနေမိခဲ့ပါတော့တယ်။ ရှင်နှောင်းကတော့ ကြားနိုင်မည် မဟုတ်။ အကယ်၍ ဒီစကားလုံးတွေကို ကြားခဲ့မည်ဆိုရင်တော့ သူမ ကျွန်တော့်ကို စကားတစ်ခွန်းတော့ ပြန်ပြောပါလိမ့်မည်ဟု ကျွန်တော်ထင်ပါတယ်။ အဲဒါကတော့ . . .

အခွင့်အရေးမှ မယူတတ်တာ . . . ဟု ပြောမည်မှာ သေချာသည်။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



လ္ဘက်ရည်ခွက်ကို သောက်ပြီး အောက်ခံပန်းကန်ပြား ထဲကို ချကာ ခင်ပွန်းဖြစ်သူ ဦးစိုးထိုက်ကို ဒေါ်ခင်မြတ်မွန်က မျက်လုံးလေးလှန်ကာ ကြည့်လိုက်တယ်။

ဦးစိုးထိုက်ကတော့ ဂျာနယ်တစ်စောင်ကို ဖတ်လို့ နေသည်။

''ကိုပြောတာ ဟုတ်တယ်နော်''

ဆိုင်လည်းမဆင့် ပုံလည်းမပါ ပြောလာသည့် စကားက ဘာမှန်းညာမှန်းမသိ။ ဘာကို ရည်ရွယ်ပြီးပြောမှန်းကို မသိလိုက် သောကြောင့် ဦးစိုးထိုက်က ဇနီးသည် ဒေါ်ခင်မြတ်မွန်ကို မျက်လုံးပင့်ကာ ကြည့်လိုက်ပါတယ်။





''ဘာပြောတာလဲ ခင်''

''ဩော် ကိုကလည်း မေ့တတ်လိုက်တာ''

ဦးစိုးထိုက်က ဒေါ်ခင်မြတ်မွန်ကိုကြည့်ရင်း စဉ်းစား ကြည့်နေလိုက်တယ်။

''မမှတ်မိဘူးလား''

''ဟင့်အင်း . . . ကဲကွာ ပြောစမ်းပါ ခင်ရာ''

စိတ်မရှည်ချင်သည့် သဘောနှင့်ပြောလိုက်ပြီး လ္ဘက်ရည် ခွက်ကို ကောက်ကိုင်ကာ မော့သောက်လိုက်သည်။

ဒေါ်ခင်မြတ်မွန်က မျက်စောင်းတစ်ခုကို ပင့်ချီထိုး လိုက်တယ်။ ပြီးတော့မှ . . .

''ကိုသား အချစ်ရှုံးသမားကြီး ဖြစ်သွားခဲ့တာလေ''

ဦးစိုးထိုက်က လ္ဘက်ရည်ခွက်ကို ပြန်ချလိုက်ရင်းက

''အချစ်ရှုံးသမားကြီးဖြစ်သွားတော့ ဘာဖြစ်လဲ''

''ဘာဖြစ်ရမလဲ ကိုရဲ့ . . . တစ်နယ်တစ်ကျေး ထွက်ပြေးသွားတာပေါ့''

''အင်''

ဦးစိုးထိုက် တွေဝေသွားသည်။ ဘာဆိုင်လို့လဲဟု စိတ်ထဲကနေ တွေးလိုက်မိပါသေးတယ်။

''မဟုတ်သေးဘူး ခင်ရယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဘာကို မဟုတ်သေးတာလဲ"

"ဒီလိုလေကွာ ... ကိုတို့သား နယ်သွားတယ် ဆိုတာ ကလည်း ကိုတို့ရဲ့ အလုပ်ကိစ္စကြောင့်ပါ ခင် ... အချစ်ရေး ကြောင့်နဲ့တော့ မဟုတ်လောက်ဘူးလို့တော့ ထင်တာပဲ"

"အဟင်း ဟင်း ဟင်း"

ဒေါ်ခင်မြတ်မွန်က အသံထွက်ကာ ရယ်မောလိုက်သည်။

"မင်းက ဘာရယ်တာလဲ ခင်"

"ကိုက ဘာမှ မသိသေးပဲကိုး"

"မသိသေးဘူးထင်ရင်လည်း ပြောကွာ ... ဝေ့လည် ကြောင်ပတ် လုပ်နေလိုက်တာ"

"ပြီးခဲ့တဲ့အပတ်က ဦးဇော်မင်း ဒေါ်ခင်နှောင်းမေတို့ရဲ့ သမီး ရှင်နှောင်းလေးကို စေ့စပ်ကြောင်းလမ်းလိုက်တာ"

"ဟေ ဟုတ်လား"

"ဟုတ်တယ် ကို"

"ဟာကွာ ... ဒီလူတွေ တော်တော်ဆိုးတာပဲ ... ကိုတို့ကိုတောင် မဖိတ်ဘူးကွာ"

ဦးစိုးထိုက် အံ့အားတသင့် ဆိုလိုက်သည်။

"မဟုတ်ဘူး ကိုရဲ့ ... ရှင်နှောင်းက ကျွန်မတို့ကို မဖိတ်ပါနဲ့တဲ့"





"အဲဒါ ဘာသဘောလဲ ခင်"

"မျက်နှာပူလို့တဲ့"

"ဟာ ဘာမှမဆိုင်လိုက်တာကွာ"

"ဆိုင်တာပေါ့ ကိုရဲ့ ... ရှင်နှောင်းက ကျွန်မတို့ သားကို ချစ်တာလေ"

"ဟင် အဲဒါကို မင်း ဘယ်လိုလုပ် သိတာလဲ ခင်"

"သားရဲ့အခန်းထဲက သားရဲ့ ဒိုင်ယာရီစာအုပ်ထဲမှာ ရေးထားတာကို ဖတ်လိုက်ရတာ ကို"

"ဟုတ်လား ... သားက ဘယ်လိုရေးထားလဲ ခင်"

"သားလေးက တကယ် သနားဖို့ကောင်းပါတယ် .. သူတို့သုံးယောက်ရဲ့ ဇာတ်လမ်းလေးက တစ်မျိုးလေးကို ထူးတယ် ကိုရဲ့"

"ဟုတ်လား"

"ရှင်နှောင်းလေးက သားနဲ့ ဥက္ကာကျော်ကို ဘယ်သူ့ကို ရွေးရမှန်းမသိ ဖြစ်နေတော့ လက်ကိုင်ပဝါလေးနဲ့ ရွေးလိုက် တာတဲ့"

"အင်"

ဦးစိုးထိုက် စဉ်းစားလို့သွားရသည်။ ဘယ်လို လက်ကိုင် ပဝါနဲ့ ရွေးလိုက်တာလဲဟု။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို လက်ကိုင်ပဝါနဲ့ ရွေးလိုက်တာလဲ"

"ဟင် ကိုကလည်း . . . ခင်တို့ငယ်ငယ်တုန်းက ဗိုလ်အောင်ဒင်ဇာတ်ကားထဲမှာ မမြဝင်း ချစ်သူရွေးတာကို မှတ်မိတယ် မဟုတ်လား . . . ဗိုလ်အောင်ဒင် လက်ကိုင်ပဝါနဲ့ ဦးဘချစ် လက်ကိုင်ပဝါကို ခုံတန်းလေးမှာတင်ပြီး မမြဝင်းက မျက်နှာမှာ ခေါင်းစည်းပဝါစည်းပြီး ရွေးခဲ့တာလေ"

"အဲဒီ ဗိုလ်အောင်ဒင်ဇာတ်ကား ကိုလဲကြည့်ရတယ်၊ မမြဝင်းက အဲဒီလိုရွေးလိုက်တော့ ဦးဘချစ်ရဲ့ လက်ကိုင်ပဝါကို ရွေးမိတာပေါ့ . . . ဗိုလ်အောင်ဒင်က လွမ်းပြီး ကျန်ရစ်ခဲ့တာပေါ့"

"ဟုတ်တယ် . . . သားလည်း လွမ်းပြီး ကျန်ရစ်ခဲ့တာပေါ့ . . . ဒါပေမယ့် ရှင်နှောင်းက အဲဒီအချိန်ကလေးမှာပဲ သားကို ချစ်သွားခဲ့တာပဲ ကို"

"ဟေ ဟုတ်လား ခင်"

"အင်း သားစာအုပ်ထဲမှာ အဲလို ရေးထားတာလေ၊ ဒါပေမယ့် တကယ်ချစ်ရမယ့် ချစ်သူတစ်ယောက်ကို ရွေးချယ်လိုက်တဲ့ လက်ကိုင်ပဝါရဲ့ သစ္စာတရားကိုတော့ မချိုးဖောက်ချင်လို့ ရှင်နှောင်းအနေနဲ့ ဥက္ကာကျော်ကိုပဲ ဇွတ်မှိတ်ပြီး ရွေးချယ်လိုက်ရတာပဲတဲ့"





"ဒါဆိုရင်တော့ ကောင်မလေးကို ချီးမွမ်းရမှာပဲကွ၊ သစ္စာတရားကို အချစ်ထက် တန်ဖိုးထားတဲ့အတွက် . . . နော် ခင်"

"အမယ် သားကိုလည်း ချီးမွမ်းရမှာပဲ . . . သားလည်း သစ္စာတရားကို တန်ဖိုးထားတဲ့သူပါနော်"

ဦးစိုးထိုက်က ခေါင်းလေးတညိတ်ညိတ် ပြုံးလို့ နားထောင်လိုက်ပါတယ်။

"သားလည်း ရှင်နှောင်း စေ့စပ်လိုက်တာကို သိရဲ့လားတောင် မသိဘူး"

"သိလိမ့်မယ်လို့တော့ ထင်တာပဲ . . . သတင်းစာထဲက ကြည့်ထားတာ တွေ့လိုက်တာပဲ"

"ဟုတ်လား . . . ကိုတော့ အလုပ်တွေပိနေတာနဲ့ ရက်ပိုင်းမှာ သတင်းစာကို ဖတ်ကို မဖတ်အားတာ . . . ဒါဆိုရင်တော့ သားလည်း သတင်းစာကို ဖတ်မိရင်တော့ သိမှာပဲ"

"သားလေးသိရင်တော့ ဘယ်လိုနေမလဲ မသိဘူးနော်၊ အင်း အရမ်းခံစားနေရပြီး အရက်တွေသောက်လို့ မဟုတ်တရုတ်တွေများ လုပ်နေမလားပဲ"

"အဲဒီအတွက်တော့ ခင် စိတ်မပူနဲ့ . . . သားနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ထဲမှာ ကို့လူယုံတွေ ရှိသလို သားနေတဲ့ တိုက်မှာလည်း ကို့လူတွေရှိတယ် ... သူတို့နဲ့ကို အမြဲတမ်း ကွန်တက် ရှိပြီးသား ... သား မဟုတ်တာလုပ်ရင် ကို့ကို ချက်ချင်း အကြောင်းကြားလိမ့်မယ် ခင်''

''ကို့ရဲ့လူယုံတွေနဲ့ပဲ သောက်သောက်စားစားလုပ်ရင် ဘယ်လိုလုပ်မလဲ''

''သားက ကလေးမဟုတ်တော့ဘူး ခင် ... အရွယ် ရောက်နေပြီ ... သူ့မှာ စဉ်းစားဆုံးဖြတ်တတ်တဲ့ဉာဏ် ရှိပြီပဲကွ အကောင်းအဆိုးကို ဝေဖန်ပိုင်းခြားနိုင်နေပြီပဲ ခင် ... ပင် မစိုးရိမ်ပါနဲ့ ဟုတ်လား''

ဟင်းကနဲပါပဲ ဒေါ်ခင်မြတ်မွန် သက်ပြင်းချလိုက်တယ်။ စိတ်ထဲကတော့ ဘဝင်မကျမိချင်။

''မင်း စဉ်းစားကြည့်လေ ... ဒီပြန်ရောက်လာ တော့ရော ဘာထူးမှာမို့လို့လဲ ... အဟောင်းကနေ အသစ်ပြ ပြန်ဖြစ်နိုင်တယ် ... ရှင်နှောင်းဆိုတဲ့ မိန်းကလေးကို ပြန် မိရင် ကြေကွဲရဦးမယ် ... ခံစားနေရဦးမယ် ... တမြေ့ လွမ်းနေရမယ် ... အဲဒါကို မင်းကြည့်နေနိုင်မယ်လို့ ထင် ခင် ဟင်''

အဆုံးစွန်ထိပြောလိုက်သည့် စကားတွေက မှန်





လွန်းနေသည့် အတွက်ကြောင့် ဒေါ်ခင်မြတ်မွန် ဘာတစ်ခုမှ မပြောနိုင်တော့ပါ။

''သားကို ဒီအတိုင်းပဲ ထားလိုက်ပါ ခင်ရယ် နော်''

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



"နင်ဟာ သိပ်ရက်စက်တဲ့ မိန်းမပဲ"

ပြစ်ပြစ်နှစ်နှစ်ကြီးကို ပြောလာသည့် နွယ့်စကားတွေကို ကျွန်မက အပြုံးကလေးများနှင့် ဆီးကြိုကာ နားထောင်လိုက်ပါသည်။

"သွားပါ ဟင်း ခုမှ ဘာလို့လာတာလဲ"

"သတိရလို့ပေါ့ နွယ်ရယ်"

ဟွန်းဆိုပြီး နွယ်က ကျွန်မကို မျက်စောင်းလှလှလေး တစ်ချက်ကို ပစ်ထိုးပေးလာခဲ့ပါသည်။

"ဘာလဲ ဒါက အပျိုဘဝအနေနဲ့ နောက်ဆုံး လာလည်တာပေါ့လေ"





"အင်း အဲဒီလိုထင်ရင်လည်း ရတာပဲ"

"သွား ကောင်မ"

ဟု နွယ်က ခပ်ချွဲချွဲလေးနဲ့ ပြောလာခဲ့သည်။

"နွယ်"

ကျွန်မက တည်တည်ကြည်ကြည်လေး ခေါ်လိုက်တဲ့အခါ နွယ့်မျက်လုံး ပြူးပြူးဝိုင်းဝိုင်းလေးတွေက အရောင်ဖြာ၍ ထွက်လာကာ . . .

"ဘာလဲ နှောင်း"

"ငါ ဥက္ကာကျော်နဲ့ စေ့စပ်လိုက်ပြီ နွယ်"

နွယ်က သိသည်ဆိုသည့် အဓိပ္ပာယ်နှင့် ခေါင်းညိတ်ကာ ပြလိုက်သည်။

"ဟိုတစ်နေ့က သတင်းစာမှာ ဖတ်လိုက်ရတယ်"

"အင်း"

ကျွန်မက စိတ်ပျက်မှုအသွင်နဲ့ အင်းဟု သံရှည်ဆွဲကာ ညည်းလိုက်တော့ နွယ်က ကျွန်မကို ကြည့်လိုက်ကာ . . .

"ဘာလဲ နှောင်း . . . နောင်တရနေလား"

ကျွန်မ ခေါင်းခါယမ်းလိုက်ရင်း . . .

"နှောင်း နောင်တမရပါဘူး . . . နှောင်းလုပ်တဲ့ကိစ္စပဲ"

"ဒါဆို ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက နွယ်ရဲ့မျက်နှာကို မော့ကြည့်ရင်း . . .

"သူ့ကို သတိရလို့"

သက်ပြင်းချသံသဲ့သဲ့ကို နွယ့်ဆီမှ ကြားလိုက်ရသည်။

"နင့်ဆုံးဖြတ်ချက်နဲ့ နင်လုပ်ခဲ့ပြီးမှ သတိရနေလို့ကော ဘာထူးမှာမို့လို့လဲ နှောင်း"

"နွယ်ရယ် . . . ငါ့မှာ ဖွန့်ကို သတိရပိုင်ခွင့်လေးတောင် မရှိတော့ဘူးလားဟာ ပြောစမ်းပါဦး"

ကျွန်မ ဝမ်းနည်းစကား ဆိုလိုက်တော့ ရင်ထဲမှာ လှိုက်ကနဲနဲ့ ခံစားလိုက်ရသည့် ဝေဒနာက ရင်နင့်အပြည့်။

"ငါပြောရင် နင် စိတ်မဆိုးနဲ့ဟာ"

ကျွန်မ ငြိမ်နေလိုက်တယ်။ စိတ်ဆိုးစရာ ရှိခဲ့ရင်တောင် ဒီအချိန်မှာ ကျွန်မ ပြုံးပြုံးလေးပဲ နေရမှာပေါ့။

"နင် ဖွန့်ဦးမောင်ကို သတိမရသင့်တော့ဘူး . . . ဒီအချိန်မှာ ဘာပဲပြောပြော ဥက္ကာကျော်ကိုပဲ နင့်ခေါင်းထဲကို ထည့်ထားသင့်တယ်"

"သူ့ကို ငါ ဘဝသေတဲ့အထိ ငါ့ရင်ထဲမှာရော ခေါင်းထဲ မှာပါ ထည့်ထားရတော့မှာပါ သူငယ်ချင်း"

"နင်က ဥက္ကာကျော်နဲ့ စေ့စပ်ထားလိုက်ပြီဆိုတော့ နင့်ရဲ့ ဘဝတစ်ပိုင်းကို ဥက္ကာကျော်က ပိုင်ဆိုင်ထားလိုက်ပြီ





လေဟာ . . . ဒါကြောင့် နင် ဒီအချိန်မှာ ဘယ်ယောကျ်ားကိုမှ မတမ်းတ မလွမ်းသင့်တော့ဘူး"

"ဒါပေမယ့်ဟာ သူက ငါ့ကို လုံးဝ ပိုင်ဆိုင်သေးတာမှ မဟုတ်သေးတာပဲ . . . ခုနက နွယ်ပြောသလို နှောင်းရဲ့ ဘဝတစ်ဝက်ကို ပိုင်ဆိုင်ထားပေမယ့် ဘဝတစ်ဝက်ကိုတော့ လွတ်လပ်ခွင့် ရပါသေးတယ် နွယ် . . . ဒါကြောင့် အဲဒီ နှောင်းပိုင်တဲ့ ဘဝထဲကနေပြီး သတိရနေရင်ကော အပြစ်ရှိ မှာလား ဟင် ပြောစမ်းပါဦး နွယ်ရဲ့"

ကျွန်မရဲ့ ခံပြင်းမှုစကားက မာကျောခက်ထန်သွားသလို ဖြစ်သွားခဲ့သည်။

"ဘာပဲပြောပြောလေ နှောင်း . . . ဥက္ကာကျော် အပေါ်တော့ နည်းနည်းတော့ စည်းဖောက်သွားတာ အမှန်ပဲကွာ"

နွယ်ရယ် ပြောရက်လိုက်တာဟာ။

ကျွန်မရင်ထဲက လှိုက်လှဲစွာဖြစ်သွားပြီး နွယ့်ကို ဝမ်းနည်းကြေကွဲစွာဖြင့် စိတ်ထဲကနေ ပြောနေမိပါတော့တယ်။

နင် ငါ့ကို နားလည်ပေးလိမ့်မယ်လို့ ထင်ထားတာ သူငယ်ချင်း။ ခုတော့ နင်က နှလုံးသားရေးရာထက် လူမှု ဝန်းကျင်ကို အဓိက ထားလိုက်တာပဲနော်။

ကျွန်မရဲ့စိတ်ကို ကျွန်မ ဖြေသိမ့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နွယ်ရယ် . . . နှောင်းဟာ ဒီလိုဘဝနဲ့ နွယ့်ဆီ နောက်ဆုံးအကြိမ် လာတာပါ . . . စိတ်လွတ်လပ်ခွင့်တွေရဲ့ ခံစားမှုတွေကို ထွက်ပေါက်တစ်ခုအနေနဲ့ ရင်ဖွင့်ဖို့ကို ရမလား ဆိုပြီး နွယ့်ဆီ လာခဲ့တာပါ နွယ်"

"ငါ နင့်ကို မုန်းလို့ပြောတာ မဟုတ်ပါဘူး နှောင်း၊ အလုပ်တစ်ခု လုပ်တယ်ဆိုတဲ့နေရာမှာ မလုပ်ခင်မှာ သေချာ စဉ်းစားပါ၊ ဆုံးဖြတ်ချက်ချပါ၊ ပြီးရင် စဉ်းစားဆုံးဖြတ်ပြီးတဲ့ အတိုင်း လုပ်လိုက် . . . ကိုယ်က ဆုံးဖြတ်ချက်အတိုင်း စွန့်လွှတ်ထားတဲ့အရာတွေကို ပြန်လှည့်ကြည့်စရာကို မလိုဘူး နှောင်း"

"နွယ်ရယ် . . . မင်းစိတ်ဓာတ်က ပြင်းထန်တယ်ကွ၊ အခုက သက်မဲ့ကုန်ပစ္စည်းတစ်ခုကို လုပ်ဆောင်နေတာ မဟုတ်ဘူး . . . ခံစားတတ်တဲ့ နှလုံးသားကိစ္စလေ . . . လက်လွှတ်စပယ် မေ့လို့ရတဲ့ကိစ္စမှ မဟုတ်တာ နွယ်ရယ်"

"ကိုယ်ရွေးချယ်ပြီးသွားပြီဆိုရင် ကိုယ့်ဂုဏ်သိက္ခာရော၊ ကိုယ်နဲ့လက်တွဲမယ့် သူ့အသိုင်းအဝိုင်းရဲ့ ဂုဏ်သိက္ခာရော ထိန်းသိမ်းရမယ် နှောင်းရယ်"

"မင်းပြောတာမှန်ပါတယ် နွယ် . . . အခုဟာက ငါ ဖောက်ပြန်တာမှ မဟုတ်တာ . . . ငါ့ဘဝရဲ့ နောက်ဆုံးမှာ





မင်းဆီ ရင်ဖွင့်ပြီး အပြစ်တွေ ဆေးကြောတာပါ နွယ်ရာ"

"ဒါကို ငါနားလည်ပါတယ်ကွာ . . . ငါ့သူငယ်ချင်း နှောင်းကို လူတွေရဲ့ အပြောအဆို အိုကွာ ဥက္ကာကျော်နဲ့ သူ့အသိုင်းအဝိုင်းရဲ့ အကဲ့ရဲ့ခံရမှုကို ငါ မမြင် မကြားချင် တာပါ နှောင်းရာ"

နွယ်က ကျွန်မထက်ကို အချစ်ထက် ကတိသစ္စာ တရားကို ပိုပြီးတော့ တန်ဖိုးထားတဲ့ မိန်းကလေးတစ်ယောက်မှန်း ကျွန်မ သိလိုက်ပါတော့တယ်။

"ကျေးဇူးတင်ပါတယ် နွယ်ရယ် . . . အခု မင်းရှေ့မှာပဲ ငါ့ရဲ့မျက်ရည်တွေ ယူသိမ်းလိုက်ပါတော့မယ် . . . နောက်နောင် မင်းဆီကိုလည်း ငါ ဒီလိုပုံစံမျိုးနဲ့ မလာတော့ပါဘူးကွယ် . . ကဲ ငါသွားတော့မယ် နွယ်"

ကျွန်မ နွယ်ဆီကနေ ထကာ ထွက်လာခဲ့ရသည်။ ရင်ထဲမှာတော့ နင့်ကနဲပါပဲ ခံစားလိုက်ရတာ။ ဖြေသိမ့်နိုင်မှု စွမ်းအားကို ကျွန်မသူငယ်ချင်းသည် မြူတစ်မှုန်လောက်တောင် မပေးစွမ်းနိုင်ပါလား။

တော်ပြီ။ ကျွန်မ နွယ့်ဆီသို့ ဘယ်တော့မှ မသွား တော့ဟု ဆုံးဖြတ်ချက် ချလိုက်သည်။

"နှောင်း မင်း မင်္ဂလာဆောင်ရင် ငါ့ဆီကို ဖိတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆက်ပို့လိုက်ကွာ ဟုတ်လား . . . ငါမျှော်နေမယ်နော်''

ကျွန့်မ ခေါင်းလည်းမညိတ်၊ ခေါင်းလည်းမခါတော့ပါ။ မထေ့တထေ့ မထိတရိလေးပဲပြုံးပြီး နွယ်ရှေ့ကနေ ပြန်လာခဲ့ပါတော့တယ်။

ဒါပေမယ့် မျက်ဝန်းထဲမှာ မျက်ရည်များက ပြည့်လျှံလို့လာကာ အပြင်သို့ ပေါက်ကနဲ ကျလာခဲ့ပါတော့သည်။

ဪ ဒါ ဝမ်းနည်းမျက်ရည်တွေပဲလား . . . ။

❀ ❀ ❀ ❀ ❀





ကျွန့်မ ဥက္ကာကျော်နဲ့ စေ့စပ်ပြီတာ တစ်လလောက်တော့ရှိသွားခဲ့ပါသည်။

ယခုအချိန်တွင် ကျွန့်မသည် အရာအားလုံးကို မေ့ပစ်ထားလိုက်သည်။ ကျွန့်မအသိ ကျွန့်မအာရုံထဲတွင် ဥက္ကာကျော်ကိုပဲ ထည့်၍ထားလိုက်ပါတယ်။

ဥက္ကာကျော်သည် ကျွန့်မ ရွေးချယ်ခဲ့သော လူတစ်ယောက် . . .

ဥက္ကာကျော်သည် ကျွန့်မ ဘဝတစ်ခုလုံးကို ချုပ်ကိုင်တော့မည့် အိမ်ဦးသခင် . . .



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်မသည် အရာရာတိုင်းကို ဉက္ကာကျော်အား ပေးဆပ်ဖို့ကို ဆုံးဖြတ်ထားခဲ့သူပါ။ ကျွန်မနှင့် ဉက္ကာကျော်ကို လက်ထပ်ပေးဖို့ကို နှစ်ဘက်လူကြီးတွေကို ဖွင့်ပြောလို့ တိုင်ပင်ခဲ့တော့ လူကြီးတွေက ရက်ကောင်းရက်မြတ် ရွေးချယ်ပေးခဲ့ပါသည်။

ဒီနေ့ကစပြီး . . .

နောက်ရက်ပေါင်း သုံးဆယ်တွင် လက်ကပ်ပေးဖို့ကို ပြက္ခဒိန်ကြည့်ကာ သတ်မှတ်ပေးလိုက်ပါတော့တယ်။

ကျွန်သည့်ကိစ္စ မှန်သမျှကို ကျွန်မနဲ့ ဉက္ကာကျော်ကို စိတ်တိုင်းကျလုပ်ဆောင်ရန် အာဏာကုန် လွှဲအပ်လိုက်ပါသည်။

ဒါကြောင့်လေ တစ်နေ့တွင် ကျွန်မနှင့် ဉက္ကာကျော်တို့သည် ထိုနေရာလေးကို ကားလေးဖြင့် လာခဲ့ရပြန်တော့သည်။

ထိုနေရာလေးဆိုသည်ကတော့ လက်ကိုင်ပဝါလေးနဲ့ ကျွန်မ ဉက္ကာကျော်ကို ရွေးချယ်ခဲ့ရသည့် နေရာဟောင်းလေးပါ။ သတိရစရာတွေ၊ အမှတ်ရစရာတွေ ပြည့်နှက်လို့နေသည့် နေရာလေးပေါ့ရှင်။

ကျွန်မကတော့ ထုံးစံအတိုင်း တွေဝေငေးမောသွားတာပေါ့။ ဖျတ်ကနဲဆိုလည်း ဇွန်ဦးမောင်ကို သတိရလိုက်သေးမိတယ်လေ။





"နှောင်းရေ"

ပြုံးလဲ့ကြည့်ရှင်နေသည့် လေသံလေးဖြင့် ဉက္ကာကျော်က ခေါ်လိုက်သည်။ ကျွန်မက ပြုံးတုံ့ မပြုံးတုံ့နှယ် လှည့်ကြည့်လိုက်ပါတယ်။

"ဒီအချိန်မှာ ဇွန်ဦးမောင်ကို ရှိစေချင်တယ်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ နှောင်းရယ် . . . ခု နှောင်းနဲ့ ကိုယ်တို့ရဲ့ မင်္ဂလာကိစ္စတွေကို ဒီကောင် လိုက်လုပ်ပေးမှာ ကျိန်းသေပဲ နှောင်းရ"

ကျွန်မ ဉက္ကာကျော်ကိုကြည့်ရင်း မင်သက်ငေးမောသွားခဲ့ပါတယ်။

သူ ဘာသဘောနဲ့ပြောတာလဲ . . . ။

သက်သက်မဲ့ ကျွန်မကို သွေးတိုးစမ်းပြောတာလား။ ဒါမှမဟုတ် နောက်ပြီးပြောတာလား။

"ကိုယ် တကယ်ပြောတာပါ နှောင်းရာ . . . နောက်နေတာ မဟုတ်ပါဘူး . . . ဇွန်ဦးမောင်ကို တကယ်လာစေချင်တယ်"

ကျွန်မစိတ်ထဲ နည်းနည်း ကြည်နူးသွားမိသည်။ ဉက္ကာကျော် စိတ်ရင်းနှင့်ပြောတာကို သေချာ သိလိုက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပင်။

"ကဲပါဟာ . . . မလာတဲ့သူကို မျှော်မနေပါနဲ့ . . . ကိုယ့်ကိစ္စ ကိုယ့်ဘာသာကိုယ် လုပ်ကြတာပေါ့ဟယ်"

"အိုကေ ဒါ အကောင်းဆုံးပဲ နှောင်း"

ကျွန်မက ဉက္ကာကျော်ကိုပြုံးရင်း ကျေနပ်နှစ်သက်စွာ ကြည့်လိုက်ပြီးနောက် . . .

"ကဲ ဉက္ကာကျော်"

"ဘာလဲ နှောင်း"

"တို့နှစ်ယောက် မြို့ထဲသွားပြီး တစ်ခုခု စားရအောင်၊ ပြီးတော့ မင်္ဂလာဆောင်ဖို့အတွက် လိုအပ်တာတွေ သွားဝယ်ကြမယ်ဟာ"

"အေး ဒီအကြံကောင်းတယ် . . . တို့တွေ စားသောက်ပြီး မင်္ဂလာဆောင် ဖိတ်စာတွေလုပ်ဖို့ လိုက်ကြည့်ရအောင်ကွာ . . . ကြိုက်ရင် တစ်ခါတည်းပဲ အပ်ခဲ့ကြတာပေါ့ မကောင်းဘူးလား"

"ဟဲ့ ဘာစာမှ မစီရသေးဘူးလေ"

"အေး ဟုတ်သားပဲ . . . ဒါပေမယ့် ဖိတ်စာတွေ လိုက်ကြည့်တာပေါ့ . . . ဘယ်အမျိုးအစားက ကောင်းသလဲလို့ ဈေးနှုန်းလည်း မေးကြည့်ရတာပေါ့ မဟုတ်ဘူးလား"





"အင်း ကောင်းတယ် ကောင်းတယ်"

"လာ ဒါဆိုသွားမယ်"

ဒီလိုနဲ့ပေါ့ ကျွန်မနဲ့ ဉက္ကာကျော် မြို့ထဲကို ကားဖြင့် တစ်ခါ ထွက်လာခဲ့ကြပြန်ပါသည်။ ပြင်ပမှ တိုက်ခတ်လိုက်သည့် လေတို့သည် ကျွန်မ၏ရင်ထဲသို့ အေးမြခြင်းကို ရရှိစေပါသည်။ ဆံနွယ်တို့ကလည်း လေအဟုန်ကြောင့် မျက်နှာတစ်ဝိုက်ဆီသို့ လာရောက်ထိကပ်တွယ်နေသဖြင့် လက်ဖြင့် ခဏခဏ ဖယ်ထုတ်နေရသည်။

ဉက္ကာကျော်က ကားကို အရှိန်မြင့်တင်ကာ မောင်းနေသဖြင့် . . .

"ဟဲ့ ဖြေးဖြေးမောင်းစမ်းပါ ဉက္ကာကျော်ရယ်"

"နှောင်းရယ် မကြောက်ပါနဲ့ . . . ငါမောင်းနေကျပါဟာ နှင်ကလည်း"

"ဟာ နင်က အဲ့ရမ်းကို မောင်းတာ"

"ဟဲ ဟဲ ဟဲ ဟဲ"

ကျွန်မ ပြောလိုက်တာကို ဉက္ကာကျော်က ရယ်ကျဲကျဲ နဲ့သာ လုပ်နေတော့သည်။

"ဒါကြောင့် နင်မောင်းတဲ့ကားကို မစီးချင်တာ . . . ဟို ဖွန်မောင်းတာက . . . "



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ စကားကို ဆက်မပြောတော့။ တော်ကြာ ကျွန်မရဲ့ စကားကြောင့် သူစိတ်ဆိုးပြီး အရမ်းမောင်းနေမှဖြင့် တစ်ခုခု ဖြစ်သွားခဲ့ရင် ဒုက္ခ။

"ဖွန်ဦးမောင် မောင်းတာက ညင်သာတယ်၊ မကြမ်းဘူး မရမ်းဘူးလို့ ဆက်ပြောလိုက်ပါလား နှောင်းရာ"

သူ စိတ်ဆိုးသွားပြီလားဟု ကျွန်မ စိုးရိမ်စိတ်နှင့် ဥက္ကာကျော်ကို လှမ်းကြည့်လိုက်ရာ သူက ပြုံးဖြီးဖြီးနဲ့ ရယ်နေတာကို တွေ့လိုက်ရတော့ စိတ်ထဲမှာ တော်ပါသေးရဲ့ စိတ်မဆိုးလို့ဟု ကျွန်မ စိတ်သက်သာရာ ရခဲ့တော့၏။

သို့သော် ကျွန်မ သူ့ကို ဘာစကားမှ ဆက်မပြော တော့ပါ။

ခဏနေတော့ ရန်ကုန်မြို့တွင်းသို့ ရောက်လာခဲ့ပါသည်။ ပထမ ဘားလမ်းထဲက J Donut ဆိုင်မှာ အရင်ဝင်ပြီး စားသောက်ကြသည်။ ထွေရာလေးပါးစကားတွေ ပြောလိုက် ကြသည်။

ထို့နောက်တွင် (၃၂)လမ်းထဲဝင်ပြီး ဖိတ်စာရိုက်သည့် ဆိုင်တွေထဲဝင်ကာ ဖိတ်စာကဒ်တွေကို ကြည့်၏။ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်နှင့် လိုက်ကြည့်နေရင်းမှ နောက်ဆုံးတွင် ဆိုင်တစ်ဆိုင်တွင် လိုချင်သည့်အနေအထားနှင့် ဒီဇိုင်းပါ





တွေ့လိုက်ပြီး အရေအတွက်ကိုမှာကာ ထားလိုက်တော့သည်။

ဖိတ်စာကိစ္စပြီးတော့ အရေးကြီးဆုံးသော နေရာတစ်ခုကို ဝင်လိုက်သည်။

မိန်းမလှကျွန်းဟု ခေါ်ဆိုသော စကော့ဈေး သို့မဟုတ် ဗိုလ်ချုပ်ဈေးပင်။

ဥက္ကာကျော်နဲ့ ဈေးအနှံ့ လျှောက်ကြည့်သည်။ ပြီးတော့ အလှကုန်ပစ္စည်းတွေကို စိတ်တိုင်းကျဝယ်သည်။ ဥက္ကာကျော် ကလည်း လိုအပ်သည့် ပစ္စည်းတွေကိုဝယ်၏။

အမယ် ခုမှ အတွဲညီလိုက်တာဟု ကျွန်မ တွေးထင် မိလိုက်သည်။ ဒါနဲ့ပဲ . . .

"လာ ဥက္ကာကျော်ရေ . . . သွားကြရအောင် . . . ပစ္စည်းတွေက လိုချင်စရာတွေချည်းပဲ . . . ဝယ်မလောက် ဖြစ်သွားမယ် . . . ပြန်ကြရအောင်"

"နင့်သဘောပဲဟာ"

ဒီလိုနဲ့ပေါ့ ကျွန်မတို့နှစ်ယောက် ဗိုလ်ချုပ်ဈေးကအပြန် စားသောက်ဆိုင်တစ်ဆိုင်မှာ ဗိုက်ဆာတာနဲ့ ထမင်းစားကြ ပြန်ရောလေ။

ဒီအချိန်ကာလလေးမှာ ကျွန်မစိတ်ထဲ ပျော်ရွှင်နေမိ တယ်။ ဥက္ကာကျော်ကိုလည်း စိတ်ထဲကနေ သဘောကျ



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ပါတယ်။

သူ ငါ့ကို အလိုလိုက်သားပဲဟု တွေးရင်း ကြည်နူးမိလိုက်ပါသည်။ နောက်ဆုံး ကျွန်မတို့နှစ်ဦး စားသောက်ပြီးလို့ ဆိုင်ပြင်သို့ထွက်လာပြီး ကားတံခါးဖွင့်လို့ ဝင်ထိုင်တော့မည့်အလုပ် . . .

"ကိုကျော်"

သာယာကြည်လင် ချိုမြသော အသံတစ်ခုကို ကြားလိုက်ရသဖြင့် ကျွန်မရော ဉက္ကာကျော်ပါ လှည့်ကြည့်လိုက်ကြပါသည်။

"ဟင် ဖူး"

ဉက္ကာကျော်နှုတ်က အသံထွက်လို့လာ၏။ ကျွန်မကြည့်လိုက်သည်။ ဖူးဆိုသော မိန်းကလေးသည် တော်တော်ချောမောလှပ၏။ အသားလေးက ဖြူစင်ဝင်းအိနေ၏။ မျက်ခုံးတို့က ထင်းကာသွယ်လို့ နှုတ်ခမ်းတို့က ပါးလျလျနှင့် မျက်ဝန်းတို့က ဝိုင်းစက်လို့နေသည်။

"ဖူးတို့က ရန်ကုန်ကို ရောက်နေတာလား"

"ဟုတ်တယ် ကိုကျော်"

ဖူးဆိုသော မိန်းကလေးရဲ့ မျက်လုံးတို့က ကျွန်မဆီ တရစ်ဝဲလည်လည် ရောက်နေ၏။

"ဖူးကို မိတ်ဆက်ပေးရဦးမယ် . . . ဒါ ရှင်နှောင်းတဲ့





ကိုယ်နဲ့ အင်ကေ့ဂ်ျလုပ်ထားတယ် . . . ရှေ့လထဲမှာ လက်ထပ်ဖို့ စီစဉ်ထားတယ် ဖူး"

ကျွန်မက ပြုံးပြကာ အသိအမှတ်ပြုလိုက်သည်။

"နှောင်း . . . ဒါ ဖူးတဲ့ . . . အပြည့်အစုံကတော့ ဖူးပွင့်ဝေတဲ့ . . . ကိုယ့်ဖေဖေနဲ့ စီးပွားဖက် . . . မန္တလေးမှာနေတာ . . . ခု ရန်ကုန်ပြောင်းလာပြီပေါ့"

ဖူးပွင့်ဝေဆိုသည့် မိန်းကလေးက ခပ်ရဲရဲနှင့် တူပါ၏။ ဉက္ကာကျော် မိတ်ဆက်ပေးတော့ . . .

"ဟယ် ဖူးတော့ နောက်ကျသွားပြီပေါ့"

ပြောင်သလိုလို နောက်သလိုလိုနှင့် အတည်လိုလို ပြောလိုက်ရာ . . .

ကျွန်မစိတ်ထဲ တင်းကနဲ ဖြစ်သွားတော့သည်။

"ဟာ ဖူးကလည်း ပြောတော့မယ်"

"အဟင်း ဟင်း ဟင်း ဟင်း"

ဖူးပွင့်ဝေက ဟက်ဟက်ပက်ပက်ကို ရယ်မောလိုက်သည်။ နောက်တော့မှ . . .

"ကဲ ကဲ ကိုကျော်တို့ သွားစရာရှိတာ သွားကြပါ၊ နောက်မှ ဖူး ကိုကျော့်ဆီ လာလည်ခဲ့ဦးမယ် နော်"

"သွားပါဦးမယ် မဖူးပွင့်ဝေ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ကောင်းကောင်းမွန်မွန်ပါပဲ နှုတ်ဆက်လိုက်ပါတယ်။

"ဟုတ်ကဲ့"

ဟုတ်ကဲ့ဆိုသည့် သူ့မျက်ဝန်းထဲတွင် ဆွေးရိပ်ယောင်တို့က ဖုံးလွှမ်းနေသည်ကို ကျွန်မ မိန်းမသားတစ်ယောက်အနေဖြင့် သိလိုက်ပါသည်။

"ဖူး နောက်မှ အေးအေးဆေးဆေး တွေ့မယ်နော်"

ဥက္ကာကျော်က ပြောပြီး ကားထဲဝင်ထိုင်ကာ စက်နှိုးလိုက်၏။

"သွားမယ် ဖူး"

"ဟုတ်"

ဥက္ကာကျော်က ကားမောင်းလို့ ထွက်လာခဲ့သည်။ ကျွန်မက ဘတ်ခ်ကြည့်မှန်မှ ဖူးပွင့်ဝေကို ကြည့်လိုက်တဲ့အခါ ကျွန်မတို့ကားလေးကို ငေးငိုင်ကာ မတ်တပ်ရပ်လို့ ကြည့်နေသည်ကို တွေ့လိုက်ရ၏။

အင်း . . . သူလည်း ချစ်သူတစ်ယောက်ကို ဆုံးရှုံးလိုက်ရသည့် ခံစားချက် ရှိနေပြီလားဟု ကျွန်မ စဉ်းစားပေးကြည့်လိုက်ရသည်။

"နှောင်း"





ကျွန်မ ကားမောင်းနေတဲ့ ဥက္ကာကျော်ကို ကြည့်လိုက်သည်။

"ဖူးနဲ့ ဘယ်လိုပတ်သက်လဲဆိုတာ မမေးတော့ဘူးလား"

"ဟင့်အင်း ဘာလို့ မေးရမှာလဲ"

"မဟုတ်ဘူးလေ . . . ရှင်နှောင်းစိတ်ထဲမှာ တအုံနွေးနွေး ဖြစ်နေရင် မကောင်းဘူး"

"မဖြစ်ပါဘူးဟာ . . . ငါ နင့်ကိုယုံတယ်လေဟာ ဥက္ကာ"

"အင်း"

အင်းဆိုပြီး သက်ပြင်းချသလိုလို သံရှည်ဆွဲလိုက်ပြီးနောက် . . .

"နင်ယုံလည်း ငါပြောရမှာပဲ နှောင်း"

ကျွန်မ ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။

"ဖူးက ငါ့အချစ်ကို မျှော်လင့်နေတာ နှောင်းရ"

"သိသားပဲ"

"ဟင် နင် ဘယ်လိုလုပ်သိလဲ"

"သူ့မျက်ဝန်းထဲမှာ အဖြေပေးပြီးသား"

"အေး အဲဒါပဲဟာ . . . ငါကတော့ သူ့ကို ညီမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ထက် ပိုမချစ်နိုင်သေးဘူး"

"ကဲပါ ... နှင့်ကို ငါယုံတယ်လို့ ပြောထားသားပဲ၊ အဲဒီ ဖူးဆိုတဲ့ မိန်းကလေးအကြောင်း ပြောမနေနဲ့တော့ ... ငါတို့ကိစ္စတွေပဲ နင် ခေါင်းထဲထည့်ထား ဉက္ကာ"

"အိုကေ သပ်စ်ရိုက်စ်"

ကျွန်မတို့နှစ်ယောက် ပြန့်လာကြတော့ အလင်းရောင်တို့က မှေးမှိန်လို့လာပြီး လမ်းမီးများပင် ထွန်းလင်းလာခဲ့သည်။

"နှောင်း"

ကျွန်မ သူ့ဘက်ကို လှည့်ကြည့်မိလိုက်ပြီး ...

"ဟဲ့ ငါ့ကို ခဏခဏ ခေါ်မနေနဲ့ ... ကားကိုလည်း ကြည့်မောင်းဦး"

"ငါ သိပ်ပျော်လို့ပါ နှောင်းရာ ... ငါအမြတ်နိုးဆုံး ပန်းလေးတစ်ပွင့်ကို ပိုင်ဆိုင်ရတော့မယ်ဆိုတော့ ဟား ငါ့လောက် ပျော်တဲ့လူ ဘယ်သူရှိမှာလဲ နှောင်းရာ"

ကားမောင်းနေရာမှ ဝမ်းသာအားရဖြစ်နေသော ဉက္ကာကျော်ကို ကြည့်ရင်း ကျွန်မစိတ်ထဲ ကြည်နူးမဆုံး ဖြစ်နေမိသည်။

"ဟေ့ သိပ်ပျော်မနေနဲ့ ... ကားကိုလည်း သတိထား မောင်းဦး"





"အေးဆေးပါ နှောင်းရာ ... ဒါလောက်ကတော့ မိုင်နာပါ"

ဉက္ကာကျော်က ပျော်ပျော်ပင် ... ။ နောက်ပြီး ကားကို အရှိန်မြှင့်လိုက်၏။

"ကြည့် လုပ်ပြန်ပြီ ... သူကလည်း ကြောက်ပါတယ်ဆိုမှ"

ကျွန်မ နည်းနည်း ကြောက်စိတ်တွေ ဝင်လာခဲ့သည်။ ဉက္ကာကျော်က ကားအရှိန်ကို လျှော့မချသေး။

"ဉက္ကာကျော် ကားကို အရှိန်လျှော့မောင်းဟာ"

"ဟား ဟား ဟား မကြောက်ပါနဲ့ဟာ"

ကျွန်မ ပြောနေရင်းမှာပင် ဉက္ကာကျော် အားပါးတရ ရယ်မောလိုက်သေးတော့သည်။

"ငါကြောက်တယ် ဖြေးဖြေးမောင်းပါဆိုနေတာ"

ကျွန်မပြောနေတဲ့အချိန်မှာ ...

လမ်းချိုးတစ်ခုအရောက်မှာ ကားကို အရှိန်ဖြင့် ကွေ့ဝင်လိုက်ရာ ...

ကားအရှိန်ကို ဉက္ကာကျော် မထိန်းနိုင်ဖြစ်သွားပြီး

"ဉက္ကာကျော်"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း . . . "

ကားက သစ်ပင်တစ်ပင်ဆီသို့ ဦးတည်ဝင်တိုက်လိုက်တော့သည်။

❀ ❀ ❀ ❀ ❀





အချိန်ကာလကတော့ သုံးလလောက် ရှိသွားပါပြီ။ ရှင်နှောင်းတစ်ယောက်လည်း အိပ်ရာထက်မှာ နေနေရတာဆို ရင်ဖြင့်လေ သုံးလဆိုသည့် အချိန်ကာလတစ်ခုမှာ ပြောင်းလဲခြင်းများစွာကို ရင်ဆိုင်လိုက်ရသည်။

မမျှော်လင့်သော အဖြစ်တွေ၊ မထင်မှတ်သော ပြောင်းလဲမှု၊ မျှော်မှန်းမထားသော ဖြစ်စဉ်တွေက သူမဘဝကို ပြောင်းလဲသွားစေခဲ့သည်။

ရှင်နှောင်းက ဉက္ကာကျော်ကို လုံးဝ ယုံကြည်ထားလိုက်ပြီး သူမ ဘဝတစ်ခုလုံးအတွက် အားကိုးလောက်ပါပြီဟု ယူဆထားလိုက်သည့်အချိန်မှာ ခုလိုအဖြစ်မျိုးနှင့် ကြုံတွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတော့ ယူကြုံးမရတော့သည့် အဖြစ်ဆိုးကို တွေ့လိုက်ရတော့သည်။

သူမနှင့် ဉက္ကာကျော်တို့ အိမ်အပြန်လမ်းမှာ ကားအက်ဆီးဒင့်ဖြစ်လာခဲ့သည်။

ဉက္ကာကျော်ကတော့ ကံကောင်းစွာဖြင့် ပွန်းရုံပဲ့ရုံလေးသာ ဖြစ်သွားခဲ့ပါတယ်။ ကံမကောင်းသူကတော့ ရှင်နှောင်းပင်။

အာရုံကြောတွေ ချို့ယွင်းသွားသဖြင့် ခါးအောက်ပိုင်း တစ်ခုလုံးသည် လှုပ်ရှား၍မရတော့။ ရှင်းရှင်းပြောရလျှင် အောက်ပိုင်းတစ်ခုလုံး သေဆုံးသွားခဲ့တော့သည်လေ။

သူမ၏ ဘဝကံကြမ္မာသည် ဆိုးဝါးလွန်းပေစွ။ ဉက္ကာကျော်သည် ရှင်နှောင်း၏အဖြစ်ကို ကြားသိတွေ့မြင်လိုက်ရသဖြင့် အံ့သြမင်သက်ကာ တုန်လှုပ်ချောက်ချားသွားခဲ့ရသည်။

သနားခြင်းတွေ၊ ယူကြုံးမရခြင်းတွေ၊ ထိခိုက်ခံစားရသည့် ဝေဒနာတွေ . . . သည်ခံစားမှုအားလုံးသည် သူ့ရင်ထဲတွင် ရင်နှင့်မမျှအောင် ခံစားလို့နေရတော့သည်။

ရှင်နှောင်း ထိုသို့ဖြစ်ရခြင်းသည် သူ့ကြောင့်ဟု သူကိုယ့်ကိုကိုယ် အပြစ်တင်ခဲ့တော့သည်။

ရှင်နှောင်းနှင့်တကွ ရှင်နှောင်း၏ မိဘတွေကိုလည်း ခခယယကို သူ တောင်းပန်ခဲ့ရ၏။





ထိုသို့ဖြစ်သည်နှင့် သူ ရှင်နှောင်းအတွက် ကြိုးစားကာ ဆေးကုပေးခဲ့သည်။

အကောင်းဆုံးဆေးဝါးတို့ဖြင့် ပျောက်ကင်းအောင် ကုသပေးခဲ့မှာလေ၏။

သို့သော် ရှင်နှောင်း၏ ကုသိုလ်ကံကြမ္မာသည်က ရှင်နှောင်းကို လုံးဝ ပြန်ကောင်းလာအောင် အခွင့်အရေး မပေးတော့ပါ။

ဆရာဝန်တို့၏ ဆုံးဖြတ်ချက်က ရှင်နှောင်းတစ်ယောက် အောက်ပိုင်းတစ်ခုလုံး လုံးဝ ပြန်မကောင်းလာနိုင်တော့ပါဟု ပြောလာခဲ့သည့်နေ့မှာပင် . . .

ရှင်နှောင်း ချုံးပွဲချ ငိုကြွေးခဲ့တော့သည်။

သူမနည်းတူပင် ဉက္ကာကျော်သည်လည်း ယူကြုံးမရဖြစ်ကာ အုတ်နံရံကိုပင် လက်သီးဖြင့် ထုထုရင်း . . .

"နှောင်း အဲဒါ ငါ့ကြောင့် ငါ့ကြောင့် နင် ဒီလိုဖြစ်တာ"

ကိုယ့်ကိုကိုယ် အပြစ်တင်ကာနေရင်း ကြေကွဲဆို့နစ်စွာ ယောကျ်ားတန်မဲ့ ငိုကြွေးနေခဲ့တော့သည်။

သူ ရှင်နှောင်းကို အဲဒီနေ့ကစပြီး နေ့စဉ်နေ့တိုင်း လာကာ ယုယ၏။ ကြင်နာ၏။ ပြုစုစောင့်ရှောက်၏။

ရှင်နှောင်းအနေနှင့်လည်း ဝမ်းသာပျော်ရွှင်မိခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အားကိုးခြင်းကိုလည်း ပြုမိခဲ့၏။ ချစ်မြတ်နိုးခြင်းလည်း ဖြစ်ခဲ့မိပါ၏။

သို့သော် ဉက္ကာကျော်သည် ရှင်နှောင်းဖြစ်ကာစ ဆယ်ရက် ဆယ့်ငါးရက် ရက်နှစ်ဆယ်လောက်ထိကို နေ့စဉ်လာခဲ့ပါ၏။ ပြုစုစောင့်ရှောက်ခဲ့ပါ၏။

နောက်တွင် တစ်ရက်ခြားတစ်ခေါက်၊ နှစ်ရက်ခြားတစ်ခေါက်မှ ရောက်ရောက်လာခဲ့သည်။

နောက်ပိုင်းတွင်တော့ တစ်ပတ်တွင်မှတစ်ခါသာ ရောက်လာခဲ့တော့သည်။ ရောက်လာပြန်တော့လည်း အချိန်ပြည့် မနေတော့ပါ။ အကြောင်းအမျိုးမျိုးကိုပြောပြီး ရှောင်လာခဲ့တော့သည်။

ရှင်နှောင်းတွေးလိုက်သည်။ ဉက္ကာကျော် စိတ်ပြောင်းသွားပြီလားလို့ပင်။

နောက်ဆုံးမှာတော့ ဉက္ကာကျော်သည် ရှင်နှောင်းဆီသို့ မလာတော့ပါ။

ရှင်နှောင်းက အိပ်ရာပေါ်ကနေ ဟမ်းဖုန်းဖြင့် ဆက်ကြည့်သည်။ ဉက္ကာကျော်နှင့် ဖုန်းစကားမပြောရ။ သူ့အမေနှင့်သာ ပြောဖြစ်ရသည်။

ပထမတော့ အကြောင်းပြချက် အမျိုးမျိုးကို ရှာကြံ၍





ပြောလာသည်။ နောက်တော့ နယ်သို့သွား၍ အလုပ်လုပ်သည်ဟု ပြောလာခဲ့သည်။

သေချာသွားပြီ . . . ။

ဉက္ကာကျော်တစ်ယောက် သူမကို ကျောခိုင်းစွန့်ခွာလိုက်ပြီကို သိလိုက်၏။

ပို၍သေချာသည်ကတော့ သူမ သူငယ်ချင်းဖြစ်သူနွယ်သည် သူမထံသို့ သတင်းတစ်ခုကို သယ်ဆောင်လာခဲ့ခြင်းကြောင့်ပင်။ ထိုသတင်းကတော့ဖြင့် . . .

"နှောင်းရေ နင့်ကို ငါ ပြောစရာရှိတယ် သိလား"

သူမက ဗိုးချဲလ်လေးတွင်ထိုင်လို့ မျက်နှာငယ်လေးနဲ့ နားထောင်ရှာသည်။

"မြို့ထဲက ဗိုလ်ချုပ်ဈေးထဲမှာ ဉက္ကာကျော်ကို မိန်းကလေးတစ်ယောက်နဲ့ တွေ့လိုက်တယ်"

"ဟင် ဟုတ်လား"

သူမ ရင်ခွင်တစ်ခုလုံး ဟင်းလင်းပြင်ကြီး ဖြစ်သွားတော့သည်။ စိတ်ထဲက ထင်နေသည့်အတိုင်း တကယ်ဖြစ်လာခဲ့ကြားရခဲ့သည်ကို ကြုံတွေ့လာတော့ သူမ ခံစားမိခဲ့ရပါတယ်။

ဒေါသဖြစ်ခြင်းတွေထက် ဝမ်းနည်းခြင်းတွေက ရင်ထဲမှ လှိုမ့်၍လှိုမ့်၍ တက်လာခဲ့သည်။ မခံချင်မှုနှင့် နာကျည်းမှုတွေက



www.burmeseclassic.com

www.burmeseclassic.com



ရင်နှင့်မမျှတော့ပါ။

နွယ်က ဆက်၍ပြောလာခဲ့သည်။ ဉက္ကာကျော်နဲ့တွဲသည့် မိန်းကလေး၏ အသားအရည်နှင့် ပုံသဏ္ဌာန်ကို ပြောလာခဲ့တော့ ဖူးပွင့်ဝေဆိုသည့် မိန်းကလေးမှန်း ရှင်နှောင်း တွက်ဆမိလိုက်ပါ၏။

သည်ထက်ပို၍ သေချာသည်ကတော့ ပတ်ဝန်းကျင်က သတင်းစကားတွေပင်။

ဉက္ကာကျော်သည် မန္တလေးက မိန်းကလေးနှင့် လက်ထပ်တော့မည်ဟု ကြားလာခဲ့ရသည့်အတွက် သူမအမေက ဉက္ကာကျော်၏အိမ်သို့ ရောက်သွားခဲ့ရသည်။

ဉက္ကာကျော်၏ မိဘများကလည်း ပြေရာပြေကြောင်း ပြောကာ သူတို့သားနှင့် ရှင်နှောင်းကို ဘယ်လိုမှ လက်ထပ်ဖို့ကို ခွင့်မပြုနိုင်တော့ကြောင်း . . . ခု ဉက္ကာကျော်ကို မန္တလေးက မိတ်ဆွေတစ်ဦး၏ သမီးတစ်ယောက်နှင့် ထိမ်းမြားလက်ထပ်တော့မည်ဟု ပြောလိုက်သည်။

ဒါသည် အသေချာဆုံးသော စကားပင်။ ရှိစေတော့။ မိမိ၏ ဒုက္ခိတဘဝတစ်ခုကို ဘယ်သူက လက်တွဲချင်ပါတော့မလဲ။

တကယ်တော့ ချစ်သူတွေပြောလာခဲ့သည့် စကားသည်





နူနူဝဲဝဲ ကျိုးကျိုးကန်းကန်း ထမင်းရည်ပဲ သောက်ရသောက်ရ ဆိုသည့် ပြောလာကြသော စကားတို့သည် အလကား ရေပေါ်ဆီ စကားတွေဟု သူမ နားလည်သွားမိလိုက်ပါတော့သည်။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

ဒိုအချစ် . . .

သင် သစ္စာတရားကို တန်ဖိုးထားမှန်း သိလိုက်ပါ၏။ ထို့ကြောင့် . .

သင့်ကို ကျွန်ုပ် လေးစားစွာ တန်ဖိုးထားလိုက်ပါပြီလေ ...။



မရောက်တာ လေးငါးလလောက် ရှိသွားပြီဟု ကိုယ့်ကိုကိုယ် မှန်းဆကာ တွက်မိလိုက်သည်။ တိုက်အနေအထားကို ကြည့်လိုက်တော့လည်း ဘာမှကို မပြောင်းလဲသေးဟု စိတ်ထဲကနေ ပြောနေမိလိုက်၏။

ဖွန့်ဦးမောင် . . .

တိုက်ထဲသို့ ရောက်သွားတော့ ဘယ်သူ့ကိုမှ မတွေ့ရ။ တိတ်ဆိတ်ငြိမ်သက်လို့နေသည်။

"နှောင်းရေ . . . ဟော့ ရှင်နှောင်း"

သူ အော်၍ခေါ်လိုက်သည်။ ညှိခန်းတွင်းမှ နောက်ဖေး



www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်းသို့လည်း လှမ်း၍ ကြည့်လိုက်ပါသေးတယ်။ မည်သည့် အရိပ်အယောင်မျှ မတွေ့ရ။

"ဘယ်သူမှ မရှိဘူးထင်တယ် ... ဘယ်သွားကြလဲ မသိဘူး"

သူတစ်ယောက်တည်း ဟိုကြည့်သည်ကြည့်နှင့် မျက်လုံး ကစားနေလိုက်သည်။ စိတ်ထဲတွင်လည်း ဇဝေဇဝါဖြစ်လို့ သွားတော့၏။

သူ ရှင်နှောင်းကို ထပ်၍ ခေါ်လိုက်ပြန်သည်။

"ရှင်နှောင်းရေ ... ရှင်နှောင်း"

သည်အခါလည်း သူ အော်ခေါ်လိုက်ပါတယ်။ သို့သော် ဘယ်သူမှ ထွက်မလာခဲ့။ သူခေါ်တာကိုပဲ မကြားလို့ပဲလား။

ဒီအချိန်မှာပဲ အပေါ်ထပ်လှေကားဆီမှ ...

"အော်နေတာ ဘယ်သူလဲလို့ ... မောင်ဇွန်ဦးပေ ပါလား"

ဦးဇော်မင်းက လှေကားပေါ်မှဆင်းလာရင်း သူ့ နှုတ်ဆက်လိုက်သည်။

"ဪ ဦး"

သူက လှမ်း၍ ပြုံးပြလိုက်သည်။ နောက်ပြီး သူ ဆက်၍ ...





"ဦး နေကောင်းတယ်နော်"

"အေး ကောင်းတယ် ... ဒါနဲ့ မင်းကိုမတွေ့တာ အတော်ကြာပြီပဲကွ ... ဘယ်ရောက်နေလဲ ... ဘာတွေ လုပ်နေလဲ"

ဆက်တိုက်ဆိုသလို ဦးဇော်မင်း မေးလိုက်သဖြင့် သူက ပြုံးကာ ...

"ကျွန်တော် ဖေဖေ့ကုမ္ပဏီမှာ အလုပ်လုပ်နေပါတယ်၊ ခုလည်း အလုပ်ကိစ္စနဲ့ နယ်ကို ရောက်နေလို့ပါ ဦး"

"ဟုတ်လား ... အဆင်ကောပြေရဲ့လားကွ"

ပြောပြောဆိုဆိုပင် ဦးဇော်မင်းက ဧည့်ခန်းတွင်းရှိ ဆက်တီထိုင်ခုံတစ်ခုတွင် ဝင်ထိုင်လိုက်ပြီးနောက် သူ့ကို ထိုင်ဖို့ရန် ဆက်တီထိုင်ခုံတစ်ခုပေါ်သို့ လက်ဖြင့် ညွှန်လိုက်၏။ သူလည်း ဝင်ထိုင်လိုက်ပြီး ...

"ဟုတ်ကဲ့ ပြေပါတယ် ဦး"

"အေးကွာ ... မင်းအဖေ အမေတွေနဲ့လည်း မတွေ့တာကြာပြီ ... ကိုယ့်ကိစ္စ သူ့ကိစ္စတွေနဲ့ဆိုတော့လည်း ဘယ်တွေ့ဖြစ်မလဲကွာ"

"ဟုတ်ကဲ့"

သူ ငြိမ်၍ နားထောင်ရင်း ဟုတ်ကဲ့ လိုက်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေကော ကောင်းကြရဲ့လား"

"ဟုတ်ကဲ့ ကောင်းပါတယ် ဦး"

ဦးဇော်မင်းက ခေါင်း ညိတ်ကာညိတ်ကာနှင့် . . .

"ဟယ် မောင်ဖွန်ဦးမောင်"

လက်ဆွဲခြင်းကိုဆွဲပြီး ဧည့်ခန်းတွင်းသို့ ဝင်ရောက်လာသည့် ဒေါ်ခင်နှောင်းမေက သူ့ကို ဝမ်းသာစွာနှင့် နှုတ်ဆက်လိုက်သည်။

"ဘယ်တုန်းက ပြန်ရောက်လာတာလဲ"

"မနေ့တုန်းက ရောက်တာ အန်တီ"

ဒေါ်ခင်နှောင်းမေပါ ဆက်တီအလွတ်တွင် ဝင်ထိုင်လိုက်သည်။

"မင်း ဒီတစ်ခေါက် နယ်သွားတာ တော်တော်ကြာသွားတယ်နော်"

"ဟုတ်ကဲ့ အန်တီ . . . လေးလကျော်လောက်တော့ ရှိသွားပါပြီ"

"အေးကွ နော် . . . ဘာရယ်လို့မဟုတ်ဘူး ဒီလေးလအတောအတွင်းမှာ အပြောင်းအလဲတွေ အများကြီး ဖြစ်ကုန်ကြတာပဲ"

ဦးဇော်မင်းက တည်ကြည်စွာ ပြောလိုက်သဖြင့် သူက





"ရှင်နှောင်းရော ဦး"

"အပေါ်ထပ် သူ့အခန်းထဲမှာ ရှိပါတယ်"

"ကျွန်တော်လည်း မတွေ့တာကြာလို့ သူ့ကို တွေ့ချင်နေတာပါ ဦး"

"မင်းကိုလည်း သမီးနှောင်းက သိပ်တွေ့ချင်နေတာကွယ့်"

ဒေါ်ခင်နှောင်းမေကပါ ဝင်၍ပြောလာသဖြင့် သူ့စိတ်ထဲ တစ်မျိုးကြီးဖြစ်သွားခဲ့သည်။

"ကဲ ဒါဆိုလည်း မောင်ဖွန်ဦးမောင် သမီးဆီ သွားတော့"

"ဗျာ"

သူ အံ့ဩလို့သွားသည်။ ဦးဇော်မင်းနှင့် ဒေါ်ခင်နှောင်းမေတို့ကိုလည်း ငေးစိုက်ကြည့်မိသည်။ နောက်တော့ . . .

"ကျွန်တော် သူ့အခန်းထဲကို သွားတွေ့ရမယ် ဟုတ်လား"

ဦးဇော်မင်းနှင့် ဒေါ်ခင်နှောင်းမေတို့ကို အံ့ဩစွာနှင့် မေးလိုက်၏။

"အန်တီတို့က ခွင့်ပြုပါတယ် . . . သမီးက မင်းကို မျှော်နေတာပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အနိတိ ... ရှင် ရှင်နှောင်း ဘာဖြစ်လို့လဲဟင်"

သူ စိတ်တွေ လှုပ်ရှားစပြုလာသည်။

"မင်း ဒီကိုရောက်တော့ သမီးလေးနှောင်းအကြောင်း ဘာမှ မသိဘူးလား"

"ဟင့်အင်း ကျွန်တော် ဘာမှမသိဘူး ဦး"

"ဟိုလေ ... မင်းအဖေ အမေတွေရော ဘာမှ မပြောဘူးလား"

သူ ဖြေးညှင်းစွာနဲ့ ခေါင်းကို ခါယမ်းလိုက်သည်။

"ဒါဆိုလည်း မင်း သမီးလေးကို သွားတွေ့လိုက်ပါတော့ ... မင်း သမီးကိုတွေ့ရင် မင်း သိပါလိမ့်မယ်"

သူ့စိတ်တွေ စနိုးစနောင့်တွေ ဖြစ်သွားသည်။

ဘာဖြစ်လို့လဲ ... ။

ရှင်နှောင်း ဘာဖြစ်လို့လဲ ... ။

သူ့စိတ်တွေ လေးလံထိုင်းမှိုင်းလို့ သွားခဲ့ပါသည်။ ပြီးတော့ ... လှေကားအတိုင်း အပေါ်သို့တက်သွားပြီး ရှင်နှောင်း အခန်းဆီသို့ ဦးတည်ရွေ့လျားသွားတော့၏။





ကစဥ့်ကလျားဖြစ်နေသည့် စိတ်အခြေအနေကို သူမ မနည်းပြန်၍ စုစည်းလိုက်ရသည်။

လောက ကံကြမ္မာမုန်တိုင်း၏ တိုက်ခိုက်မှုကို အလူးအလဲ ခံလိုက်ရသော်လည်း မခံချင်စိတ်နှင့် နာကျည်းမှုက ရင်နှင့်မမျှ ဖြစ်ခဲ့ရသည်။

ခုလို ခန္ဓာကိုယ်အောက်ပိုင်းတစ်ခုလုံး သေဆုံးရသည့် ဖြစ်စဉ်၌ မိမိကိုယ် မိမိပရောဂကြောင့် ဖြစ်ခဲ့ပါလျှင်တော့ ဖြေသိမ့်နိုင်စွမ်း ရှိလှပါသည်။

သို့သော် သူမ ထိုသို့ဖြစ်လာခဲ့ရခြင်းသည် မိမိကိုယ်၏ ပရောဂ မပါဝင်ပါ။ ဥက္ကာကျော်၏ ပျော်ရွှင်လွန်ကဲမှုကြောင့်သာ



www.burmeseclassic.com

www.burmeseclassic.com



သူမဘဝ ဤသို့ဖြစ်လာခဲ့ရပါ၏။

ဤသို့ဖြစ်လာခဲ့ရသည့် အတွက်ကြောင့် ဥက္ကာကျော်သည် သူမကို လုံးဝပင် တာဝန်မယူခဲ့။ ဥပေက္ခာတရားကို လက်ကိုင်ထားကာ ခပ်စိမ်းစိမ်းလေး နေသွားခဲ့တော့သည်။

သူမအတွက် ဘယ်လောက် ရင်နာစရာကောင်းလိုက်ပါသလဲ . . . ။

ယခုဆိုလျှင် သူမတစ်ယောက် အိပ်ရာထက်တွင် လူမမာအဖြစ် လဲနေရသည့်ကာလမှာ သုံးလတင်းတင်းပင် ပြည့်လို့သွားတော့မည်လေ။

အိပ်ရာထက်၌ လဲလျောင်းနေရသည့်ကိစ္စကို ဖြေဖျောက်နိုင်စွမ်း ရှိခဲ့ပေမယ့် လူတစ်ယောက်၏ လိမ်ညာလှည့်ဖျားမှုကို ခံလိုက်ရသည့်အတွက်တော့ သူမ ရင်နာမဆုံး ဖြစ်ခဲ့ရသည် မဟုတ်လား။

သူမကို စွန့်လွှတ်သွားသူက သူမကိုယ်တိုင် ရွေးချယ်ခဲ့မိသော ဥက္ကာကျော်ပါ။

သူ့သည် သူမအပေါ်သို့ ဤမျှလောက် ရက်စက်လိမ့်မည်ဟု သူမ ဘယ်လိုမှကို တွေးထင်မထားခဲ့ပါ။

သူမသည် ဒီအကြောင်းတွေကိုတွေးရင်း မျက်ရည်တို့က စီးကျလာရ၏။ ဝမ်းနည်းပူဆွေးခြင်းက ရင်ထဲမှာ ပြည့်ကျပ်မွှတ်သိပ်နေသည်။





ဩော် မိန်းမတို့၏ တုံ့ပြန်မှုက မျက်ရည်ပဲလားမသိတော့။

"ကျွီ အီ အီ"

အခန်းရဲ့တံခါးမကြီး ဖွင့်လိုက်သည့်အသံကြောင့် တစ်ဘက်သို့ စောင်းလှည့်နေသည့် ဦးခေါင်းကို တံခါးဘက်ဆီသို့ လှည့်ကြည့်လိုက်ရာ . . .

"ဟင် ဖွန်"

ဖွန်ဦးမောင် အခန်းတွင်းသို့ ဝင်လာသည်ကို တွေ့လိုက်မိတော့သည်။ သူမ ရင်တစ်ခုလုံး လှိုက်မောတုန်လှုပ်သွားစေတော့၏။

တစ်ဦးကိုတစ်ဦး၊ တစ်ယောက်ကိုတစ်ယောက် မင်သက်ငေးမောစွာ အတန်ကြာသည်အထိကို ကြည့်နေမိတော့သည်။

နှစ်ဦးသား ရင်ထဲမှာတော့ ဝမ်းနည်းကြေကွဲခြင်းတွေ၊ ပူဆွေးသောကဖြစ်ခြင်းတွေ၊ တမ်းတလှိုက်မောခြင်းတွေက ရင်ထဲတွင် ကိုယ်စီရှိနေကြသည်။

ဖွန်ဦးမောင်ကိုတွေ့တော့ သူမဘဝရဲ့ အလင်းတန်းလေး တစ်ခုကို လျှပ်တစ်ပြက် တွေ့လိုက်ရသဖြင့် သူမရင်ထဲဝယ် အလိုလို ဝမ်းသာကြည်နူးမှုတွေ ဖြစ်ခဲ့ရ၏။

ဖွန်ဦးမောင်က သူမရှိရာ ကုတင်အနီးသို့ တစ်လှမ်းချင်း လှမ်းလို့လာခဲ့ရသည်။ သူ့အကြည့်တို့က ရူးရှလွန်နေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သူမအတွက် ဝမ်းနည်းကြေကွဲမှုတွေ ပါနေမှန်း သူမ တွေ့လိုက်ရသောအခါ၌ . . .

"အဟင့် ဟင့် ဟင့်"

စိတ်တွေကို ဘယ်လိုမှ ထိန်းထားလို့ မရနိုင်တော့ပါ။ ဇွန်ဦးမောင်က အပြေးကလေးပါပဲ သူမအနီးသို့ လျင်မြန်စွာ ရောက်လို့သွားပြီး သူမရဲ့ လက်ဖဝါးလေးကို ဆုပ်ကိုင်လို့ထားလိုက်သည်။ ပြီးတော့ သူမ၏ ပါးပြင်ထက်မှာ ထိကပ်လို့ထားလိုက်တော့၏။

"နှောင်းရယ် . . . နင် ဘယ်လို ဖြစ်ရတာလဲ ဟာ"

ဇွန်ဦးမောင် ကြေကွဲဆို့နစ်သွားပြီး မေးလာခဲ့တော့သည်။ ရှင်နှောင်းကတော့ ကောင်းကောင်းကြီး ငိုနေတုန်း။

ပူဆွေးဝမ်းနည်းမှုအဟုန်က ထုတည်ပမာဏ တအားကြီးထားလှပေ၏။

"နှောင်းရယ် . . . ဖြစ်မှဖြစ်ရလေဟာ"

အခန်းထောင့်တစ်နေရာတွင် ဝိုးချယ်လေးကိုကြည့်ပြီး ဇွန်ဦးမောင် ယူကြုံးမရခြင်းတွေ ဖြစ်လို့သွားတော့သည်။

ရှင်နှောင်းမှာလည်း ဇွန်ဦးမောင်၏ ကြေကွဲဆို့နစ်စွာနှင့် မေးလာတော့မှ ပို၍ ဝမ်းနည်းလာကာ လှိုက်၍လှိုက်၍ ငိုရှိုက်လာတော့သည်။

"နှောင်းရယ် . . . မငိုပါနဲ့တော့ဟာ . . . နင်ငိုတာ





မြင်ရင် ငါ့အသည်းတွေ ပြတ်ကြွေမတတ် ခံစားရလွန်းလို့ပါ"

ရှင်နှောင်း စကားကို ဆက်မပြောနိုင်တော့ပါ။ ရင်ထဲတွင် တစ်ဆို့နေသော မျက်ရည်များကသာ ထွက်၍လာနေတော့၏။

"နှောင်းလေးရယ်"

ရှင်နှောင်း ငိုနေရာမှ အားတင်းလိုက်သည်။

"ငါ ငါ ခါးအောက်ပိုင်းတွေ လှုပ်လို့မရတော့ဘူး သေသွားပြီ"

"ဘာ"

ဇွန်ဦးမောင် အံ့ဩတုန်လှုပ်သွားတော့သည်။ ဝိုးချယ်လေးကို မြင်လိုက်ကတည်းက ရှင်နှောင်းကို ထိုကိစ္စ မဟုတ်ပါစေနဲ့လို့ ဆုတောင်းထားလိုက်သည်။ သို့သော်လည်း ဆုတောင်းက မပြည့်ဝတော့။

"ဒါ ဒါ ဘယ်လိုဖြစ်တာလဲ . . . ငါ့ကိုပြောစမ်း ရှင်နှောင်းရယ်"

မချိတင်ကဲဖြင့် မေးလာသည့် သူ၏ အမေးစကားကို ရှင်နှောင်းက မျက်ရည်များဖြင့် ဖြစ်ကြောင်းကုန်စင် ပြောပြတော့သည်။

ဥက္ကာကျော်နဲ့ မြို့ထဲကအပြန် ကားအက်ဆီးဒင့်ဖြစ်တဲ့အကြောင်း၊ ဥက္ကာကျော်က ဒဏ်ရာပြင်းပြင်းထန်ထန် မရရှိခဲ့ပေမယ့် သူမကသာ ပြင်းထန်စွာ ဒဏ်ရာရလိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com



သည့်အကြောင်းတွေကို ဖွန်ဦးမောင်အား သူမက ဝမ်းနည်းစွာဖြင့် ပြောနေရှာသည်။

"ငါလေ. X -Ray မှာ Ultrasound ရော ရိုက်တယ် သိလား ဖွန်"

"အင်း"

ဖွန်ဦးမောင်ကပါ စိတ်မသက်မသာနဲ့ အင်းလိုက်နေမိသည်။

"ငါ ခါးအောက်ပိုင်းက အာရုံကြောတွေ ချို့ယွင်းသွားတယ် . . . ငါ့ရဲ့ခန္ဓာကိုယ်အောက်ပိုင်းတွေ လှုပ်ရှားလို့ မရတော့ဘူး ဖွန်ရယ်"

"ဖြစ်မှ ဖြစ်ရလေ ရှင်နှောင်း ရယ်"

ဖွန်ဦးမောင် ရင်ထဲမှာ နင့်ကနဲ ဖြစ်လို့သွားတော့သည်။ ရှင်နှောင်းကတော့ မျက်ရည်များကို ထိန်းလို့မရစွာဖြင့် ငိုကြွေးလို့နေလျှက်။ စီးကျလာသည့် မျက်ရည်တို့ကို ဖွန်ဦးမောင်က ယုယကြင်နာစွာ သုပ်ပေးလို့နေလိုက်သည်။ ရင်ထဲတွင်လည်း သနားကြည့်နာသည့် ကရုဏာတရားတို့က ပြည့်ဝကာ လျှံလို့နေ၏။

"နှောင်း"

ကြင်နာမှုအပြည့်နှင့် နူးညံ့စွာပဲ ခေါ်လိုက်တယ်။

"ဟင်"





ငိုနေသည့် မျက်ဝန်းအစုံကို လှန်ကာ ဖွန်ဦးမောင်ကို ကြည့်ရင်း ထူးလိုက်ပါတယ်။

"ဥက္ကာကျော် မလာဘူးလား"

"အဟင့် ဟင့် ဟင့်"

သူမေးကာမှ ရှင်နှောင်း ရှိုက်ကြီးတငင် ငိုကြွေးလေတော့သည်။

"ဟာ ရှင်နှောင်း ဘာဖြစ်လို့လဲ"

ဖွန်ဦးမောင် ရင်ထဲ ထိတ်ခနဲ ဖြစ်လို့သွားသည်။

"သူ သူ ငါ့ကို ပစ်ထားခဲ့ပြီ ဖွန်"

"ဘာ"

ဖွန်ဦးမောင်၏အသံက လှိုင်းတံပိုးသံတွေထက်ကို ပြင်းထန်လွန်းလှ၏။

"နင့်ကို ပစ်ထားခဲ့ပြီဟုတ်လား . . . ပြောစမ်း ငါ့ကို ပြောစမ်း"

"ဖြစ်ကာစကတော့ လာပါတယ် ဖွန် . . . နောက်တော့ ဘာဖြစ်လဲမသိဘူး အလာကျဲသွားတယ် . . ခုဆို မလာတော့တာ တစ်လလောက်တောင် ကျော်သွားခဲ့ပြီ ဖွန်"

"တောက်"

ဖွန်ဦးမောင်ရင်ထဲ ရှင်နှောင်းအတွက် အတော့်ကို ခံပြင်းလို့သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုအချိန်မှာ ဒီကောင် နင့်အနားမှာ ရှိသင့်တယ်"

"နေပါစေတော့ဟာ ... သူမှ ငါ့ကို မချစ်ချင်တော့တာ ... နင်သာ ငါ့အနားမှာ ခဏလေးပဲဖြစ်ဖြစ် ရှိနေရင် ငါ့ဘဝကိုငါ ကျေနပ်မှာပါ ဖွန်ဦးမောင်ရယ်"

"အိုကွာ နှောင်းရယ် ... နင် ဘယ်လိုပြောလိုက်တာလဲ ရှင်နှောင်းရယ် ... နင်သာ လက်ခံမယ်ဆိုရင် နင့်ကို တစ်သက်လုံး ယုယကြင်နာစွာနဲ့ ထွေးပိုက်ပြီး လက်တွဲထားချင်တာပါ"

"ဖွန်ရယ် ... ဥက္ကာကျော်ရဲ့ လက်ကိုင်ပဝါကို ရွေးမိစဉ်ကတည်းက ငါလေ နင့်ကို အသည်းနင့်အောင် ချစ်နေတယ်ဆိုတာ နင် သိစေချင်လိုက်တာဟာ"

"နှောင်းရယ်"

သူ့ရင်ထဲ ကျေနပ်ပီတိတွေက ရင်နှင့်မမျှတော့ပါ။ ချစ်အားငယ်နေသူတစ်ယောက် ငယ်သူငယ်ချင်းလည်းဖြစ်နေသူ၊ ဒုက္ခိတဘဝကို ရောက်နေသူ ဒါကိုမှ ဒီကောင် ရက်ရက်စက်စက် ဥပေက္ခာပြုထားရက်သည်ကို မကျေနပ်။

"ဒီကောင် တော်တော်ရက်စက်တာပဲ နှောင်း"

"သူ့အကြောင်း မပြောပါနဲ့တော့ ဖွန်ရယ် ... ငါက ဒုက္ခိတတစ်ယောက်ဆိုတော့ သူ ငါ့ကို ဘယ်လက်တွဲနိုင်တော့မှာလဲ ... နေပါစေလေ သူမှ ငါ့ကို မချစ်ချင်တော့တာ ငါ့ရဲ့





ကံအကြောင်းတရားပေါ့ မဟုတ်ဘူးလား"

"မဟုတ်ဘူး ... နင် ဘယ်လိုဘဝရောက်ရောက် ဒီကောင် နင့်ရှေ့မှာ မားမားမတ်မတ် ရှိသင့်တယ် ... ဒီကောင်ကို ငါသွားတွေ့မယ် ... ဒီကောင်နဲ့တွေ့ပြီး ရှင်းမယ်၊ တကယ်လို့ နင့်အပေါ် သူ စိမ်းကားသွားရင် ဝမ်းနည်းမနေနဲ့၊ နင့်အနားမှာ ငါ ထာဝရပြုစုပြီး တစ်သက်လုံး ချစ်နေမယ်ဆိုတာ ယုံထားလိုက်ပါ"

"နင်ကလည်း ငါ့ဘဝက နင်တို့နဲ့ လက်တွဲသွားလို့ မသင့်လျော်တော့ပါဘူးဟာ"

အားငယ်ညှိုးနွမ်းသောစကား၊ မမျှော်လင့်နိုင်သော စကား ... ဤသို့သော စကားတွေကိုတော့ ဖွန်ဦးမောင်က အသာအယာပင် ခေါင်းခါယမ်းလိုက်ပါ၏။

"တို့က ခုမှတွေ့ကြ သိကြတဲ့ လူတွေမဟုတ်ဘူး၊ ဟိုး ငယ်ငယ်လေးတည်းက နေလာကြတာ နည်းတဲ့ သံယောဇဉ်လား"

"နင့်ဆီက ဒီလိုစကားမျိုး သူများပြောလာရင် သိပ်ကောင်းမှာပဲ ဖွန်ရယ်"

"ဒီကောင် ဥက္ကာကျော် ပြောလာပါစေလို့ ဆုတောင်းပေးမှာပါ နှောင်းရယ်"

ဖွန်ဦးမောင် ရှင်နှောင်း၏လက်ကလေးကို ဖွဖွလေး



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်ပြီး နမ်းရှုံ့လိုက်ပြီးနောက် . . .

"ကဲ ငါသွားမယ်နော်"

ဖွန်ဦးမောင် ထလိုက်သည်။ ရှင်နှောင်းကို ကြေကွဲစွာ ကြည့်ရင်း နောက်သို့ တစ်လှမ်းချင်း ဆုတ်ကာဆုတ်ကာဖြင့် အပေါက်ဝထိကို ရောက်နေသည့်တိုင် ကြည့်နေမိသည်။

နောက်တော့မှ အပေါက်ဝဘက်ကို လှည့်၍ ထွက်သွားမည်အပြု ဦးဇော်မင်းက တံခါးအပေါက်ဝတွင် ရပ်လျက်သားကို တွေ့လိုက်ရသည်။

"ဩော် ဦးလေး"

"ပြန်တော့မလို့လား မောင်ဖွန်ဦးမောင်"

"ဟုတ်ကဲ့ ကိစ္စလေးတစ်ခုရှိလို့ပါ"

"ဩော် အေး အေး ခုလို သမီးကို လာကြည့်တာ ကျေးဇူးတင်ပါတယ်"

"ရပါတယ် ဦးရယ် . . . ကျွန်တော် သွားဦးမယ်"

ဖွန်ဦးမောင် အခန်းထဲမှ ထွက်သွားသည့်အဆုံး ဦးဇော်မင်းက ရှင်နှောင်းကို ကြည့်လိုက်ပါသည်။ ရှင်နှောင်းကလည်း ဦးဇော်မင်းနည်းတူ ကြည့်လိုက်ပါ၏။

ထိုအကြည့်နှစ်ခုတို့မှာ အဓိပ္ပာယ်များစွာ ရှိနေပါတော့သည်။

❀ ❀ ❀ ❀ ❀





ဥက္ကာကျော်၏ ခြံရှေ့သို့ရောက်တော့ ညနေစောင်းနေပြီ။ ခြံဝင်းတံခါးကို အသာလေး တွန်းကြည့်တော့ အထဲက ချက်မချထားသည်ကို တွေ့လိုက်ရသဖြင့် တံခါးကိုစေ့ထားမှန်း သူ သိလိုက်ရသည်။

ဒါကြောင့် သူက တံခါးကို အသာတွန်းကာ ဝင်လာခဲ့တယ်။ ကားတစ်စီးစာ ခင်းထားသည့် ကွန်ကရစ်လပ်းလေး အတိုင်း လျှောက်လှမ်းလာနေစဉ်မှာပင် သစ်ပင် ပန်းမာလာတို့ကို ရေလောင်းနေသည့် လူတစ်ယောက်ကို တွေ့လိုက်ရသဖြင့်

"ကိုတိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ"

"အလုပ်တွေ များနေလား"

ကိုတိုးဆိုသည့်လူက ဉက္ကာကျော်တို့အိမ်မှ ခြံစောင့် မာလီလုပ်သူ။ သူနှင့်လည်း ခင်မင်ရင်းနှီးနေသူဖြစ်သည်။

"ဟဲ့ ကောင်လေး . . . နင့်ကို အခုမှပဲ တွေ့ရတော့တယ် . . . နင် ဘယ်ရောက်နေလဲ"

"ကျွန်တော် နယ်ကိုရောက်နေတာ ကိုတိုးရ"

"ဟုတ်လား . . . အဆင်ပြေရဲ့လား"

"ပြေပါတယ် ကိုတိုးရ . . . ဒါနဲ့ ဟိုကောင် ဉက္ကာကျော်ရော"

"ဟာ မင်းကောင် သူ့ကောင်မလေးနဲ့ ချိန်းထားလို့ မနက်ကနည်းက ကားနဲ့ထွက်သွားလေရဲ့ကွာ"

သူ့ရင်ထဲမှာ တင်းကနဲ ဖြစ်လို့သွားသည်။ ချက်ချင်းလက်ငင်းပင် ဒေါသသွေးတို့က ဆူပွက်လာခဲ့သည်။

"ဘယ်ကကောင်မလေးလဲ ကိုတိုး"

"မသိပါဘူးကွာ . . . ဉက္ကာကျော် ခုတစ်လောတော်တော်ရှုပ်တာပဲ . . . အဲ သူ့ကို သူ့မိဘတွေက မန္တလေးက ကျောက်ကုန်သည်တစ်ဦးရဲ့သမီးနဲ့ ပေးစားမယ်လို့ ပြောသံကြားတယ်ကွ . . . ဟင်း မင်းကောင် အရင်လိုမဟုတ်တော့ဘူး"





ကြည့်စမ်း။ ဒီကောင် ပြောင်းလဲသွားလိုက်တာ။ အချစ်တစ်ခုကို ပေါ့ပေါ့လေးပဲ တွက်လိုက်သလား။

နားကျည်းမှုနှင့်အတူ ဒွန်တွဲ၍ ဖြစ်ပေါ်လာသော ဒေါသတရားတို့က ရင်ထဲကိန်းဝပ်လို့ လာတော့သည်။

ဉက္ကာကျော်အပေါ် မုန်းခြင်း၊ ရွံခြင်း၊ နာကျည်းခြင်းတို့က သူ့နှလုံးသားထဲ၌ ကိန်းဝပ်လို့လာခဲ့တော့၏။

တွေ့မယ် . . . ။ မင်း ငါနဲ့တွေ့မယ် . . . ။

သူ့စိတ်ထဲမှာ ကြိမ်းမောင်းလို့နေတော့သည်။

"ကိုတိုး ကျွန်တော်သွားတော့မယ်ဗျာ"

သူက ကိုတိုးထံမှ ဘာအသံမျှမကြားခင် ခြံဝင်းထဲမှ ထွက်လာခဲ့သည်။ ကိုတိုးကတော့ သူ့ကို နားမလည်စွာ ငေးကြည့်နေရှာသည်။

"ဒီကောင် ဘာဖြစ်သွားတာလဲ"

သူ၏ဒေါသတို့က ပေါက်ကွဲလုမတတ်ဖြစ်လို့လာ၏။ ရှင်နှောင်းအတွက် မခံချင်စိတ်နှင့် သူ့အပေါ် ကတိပျက်ခဲ့သည့်အတွက် သူ ဆောက်တည်ရာမရတော့ပါ။

"တောက် !

ဉက္ကာကျော် မင်း သစ္စာသိပ်မဲ့တဲ့ကောင် တွေ့ကြသေးတာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲ ကြုံးဝါးလိုက်သည်။ ဥက္ကာကျော်တို့ ခြံပြင်ရောက်တော့ ခြံတံခါး၏ အုတ်တိုက်ကိုမှီကာ စောင့်နေတော့သည်။

"ဟော့ကောင် ဥက္ကာကျော် .. မင်းကို မတွေ့တွေ့အောင် ငါစောင့်မယ် ... မင်း ကြိုက်သလောက်ပျော်လာခဲ့စမ်း ... မင်းရဲ့အပျော်တွေ ပျက်စီးပြီသာမှတ်"

သူ့စိတ်ထဲ ကြုံးဝါးလို့နေသည်။ ကြုံးဝါးသည့်အလျှောက်လည်း ဥက္ကာကျော်၏ ခြံတံခါးအုတ်တံတိုင်းကိုမှီကာ စောင့်နေ၏။

ဥက္ကာကျော် ဘယ်အချိန်လာမည်နည်း။ သူ့အလာကို စိတ်ရှည်စွာ စောင့်ရမည်။ ဒါမှသာလျှင် ကိုယ့်အကြောင်းကို သူ သိလာစေရမည်မဟုတ်လား။

သူ လာချင်သည့်အချိန် လာစမ်းပါ။ သူ့ကိုတွေ့ဖို့ အဓိကပဲလေ။

"မင်း ဘယ်အချိန်လာမလဲ ကြိုက်တဲ့အချိန်လာစမ်း ငါစောင့်နေမယ်"

လမ်းဘေးမီးတိုင်တို့မှ မီးအလင်းရောင်တို့ပင် ထွန်းစပြုချေပြီ။ ခုထိပင် သူ့အရိပ်အယောင် မတွေ့ရသေး။

ဖွန်ဦးမောင် စိတ်ရှည်ရှည်နှင့် ဥက္ကာကျော်ကို ဆက်၍ စောင့်နေမိသည်။ သူ စိတ်ရှည်စွာ စောင့်နေစဉ်မှာပဲ ကားလေး





တစ်စီးက လမ်းထဲသို့ ချိုးကွေ့ကာ ဝင်လာသည်ကို တွေ့လိုက်ရသည်။

"ဟော ကားတစ်စီးတော့လာပြီ ... ဒီကောင့်ကားနဲ့ တူတယ်"

ဖွန်ဦးမောင်တစ်ယောက် ခြံတံခါးရှေ့တည့်တည့်၌ ခါးထောက်ကာ အသင့်အနေအထားနှင့် ရပ်နေလိုက်သည်။ မျက်နှာထားကတော့ တည်တည်မှုန်မှုန်ပင်။

မကြာခင်မှာပဲ ကားလေးက သူနှင့် နီးသထက် နီးလာခဲ့သည်။ ကားဦးခေါင်းလေးက လမ်းမပေါ်မှ ခြံထဲဝင်ရန် ချိုးကွေ့တော့ သူ့ရှေ့တူရူသို့ မျက်နှာချင်းဆိုင် ဖြစ်လို့သွားတော့သည်။ ဖွန်ဦးမောင်ကတော့ မတုန်မလှုပ် ကျောက်ရုပ်တစ်ခုလို ရပ်မြဲရပ်လျက် ရှိနေပါတော့သည်။

ကားလေးက စက်သပ်ရပ်လိုက်ပြီးနောက် ကားပေါ်မှ ဥက္ကာကျော်က တံခါးဖွင့်ကာ ဆင်းလာခဲ့တော့တယ်။

"ဖွန်ဦးမောင်"

သူ့နာမည်ကိုခေါ်ကာ နှုတ်ဆက်သော်လည်း စကားကို ဘာမှပြန်မပြောဘဲ သုန်မှုန်စွာ ပြန်ကြည့်နေလိုက်သည်။

"မင်း ဘယ်တုန်းက ပြန်ရောက်တာလဲ"

ဥက္ကာကျော်က ပြုံးရွှင်စွာ နှုတ်ဆက်နေပေမယ့် သူ့



www.burmeseclassic.com

www.burmeseclassic.com



ပြန်မပြုံးခဲ့ပေ။ ခပ်တည်တည်နှင့်သာ ကြည့်နေလိုက်ပါတယ်။

"ဥက္ကာကျော်"

ခက်ထန်တင်းမာလွန်းသည့် သူ၏လေသံကြောင့် ဥက္ကာကျော် မျက်မှောင်တွန့်ကာ ကျုံ့လို့ သွားတော့သည်။

"ပေါ့ကောင် ဥက္ကာ ... မင်းဟာ ငါ့အပေါ်ကိုလည်း ကတိဖျက်တယ်..ရှင်နှောင်းကိုလည်း လက်တွဲဖြုတ်တယ် .. ခုလည်း မန္တလေးက အမျိုးသမီးကို မင်းယူတော့မယ် ဟုတ်လား ဥက္ကာ ... အဲဒါ ရှင်နှောင်းကို မင်း မြတ်မြတ်နိုးနိုးနဲ့ ချစ်တာလား ပြောစမ်း ပေါ့ကောင်"

ဖွန်ဦးမောင် ဒေါသဖြင့် ဥက္ကာကျော်၏ပခုံးကို ကိုင်လှုပ်ရမ်းကာ ပြောနေတော့၏။ မျက်နှာထားကလည်း ဒေါသကြောင့် ရဲနေတော့သည်။

သူ့စကားတွေကြောင့် ဥက္ကာကျော်၏မျက်နှာ တည်၍သွား၏။ ပြီးတော့ သူ့ရင်ဘတ်ကိုလည်း ဆောင့်တွန်းလိုက်ပါတယ်။

"ဒီမှာ ဖွန်ဦးမောင် ငါဘာကြောင့် ဒီလိုလုပ်ရသလဲဆိုတာ မင်းလည်း သိနိုင်ပါတယ် ... ငါ့နေရာမှာ မင်းဆိုရင်လည်း ဒီလိုလုပ်မှာပဲကွ"

"ပေါ့ကောင်"





သူ အော်လိုက်သဖြင့် ဥက္ကာကျော် မျက်နှာက ခပ်တင်းတင်းဖြစ်လို့သွားတယ်။ အကြည့်စူးစူးတို့ကလည်း ပိုပြီးတော့ စူးရှလွန်းလာသည်။

"မင်း ငါနဲ့ လာနိုင်းမပြောနဲ့ ... ငါသာဆိုရင် ဒီအချိန်မှာ ရှင်နှောင်းအနားမှာနေပြီး ပိုပြီးတော့တောင်မှ ကြင်နာပြမယ် ... ယုယပြမယ် ... ချစ်ပြမယ်ကွ သိလား"

သူ့ရဲ့စကားကြောင့် ဥက္ကာကျော် မျက်နှာက ခပ်မဲ့မဲ့ အပြုံးလေးတစ်ခု ရုတ်ချည်း ပေါ်လာခဲ့သည်။

"ဟား ဟား ဟား ဖွန်ဦးမောင် မင်းစကားက သိပ်ရယ်ရတာပဲ ... အဲဒါ မင်း စိတ်ကူးယဉ်ပြီးပြောနေတာ ဖွန်ဦးမောင်"

"စိတ်ကူးယဉ်ပြီးပြောနေတာ မဟုတ်ဘူး ... ငါ့နှလုံးသားက ပြောလာတဲ့စကားတွေ မင်းသိရဲ့လား ... ဒါတွေ ပြောမနေနဲ့ ... မင်း ရှင်နှောင်းကို တာဝန်ယူပါလို့ ပြောချင်တယ်"

"မင်းရူးနေလား ဖွန်ဦးမောင် ... ငါ့ဆွေမျိုး ငါ့အသိုင်းအဝိုင်းကြား ငါ့ရဲ့ဂုဏ်သိက္ခာ ငါ့ရဲ့အရှက်တရားအတွက် ဒီလို ဒုက္ခိတဇနီးတစ်ယောက်အဖြစ်နဲ့ ငါဘယ်လို ရင်ဆိုင်ရမှာလဲ ဖွန်ဦးမောင်"

"ရှင်နှောင်း ဒုက္ခိတဖြစ်အောင် ဘယ်သူလုပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာလဲ ဟော့ကောင်''

ဖွန်ဦးမောင်၏ စကားကြောင့် ဥက္ကာကျော် ခေါင်းလေး တစ်ချက်ညိတ်လိုက်ပါတယ်။ ပြီးတော့ ပြုံးယောင်ယောင် မျက်နှာလေးနဲ့ သူ့ကိုကြည့်ရင်း . . . ,

''ဒါကတော့ ကံကြမ္မာပေါ့ကွာ ကံကြမ္မာပေါ့''

ဥက္ကာကျော်၏ မထိမဲ့မြင်စကား၊ ဥပေက္ခာနိုင်လှသော စကားတွေကြောင့် သူ့ရဲ့ဒေါသသွေးတို့က ပွက်ပွက်ဆူ၍ လာခဲ့သည်။ မျက်လုံးထဲတွင် မီးတောက်တစ်ခုပမာ ပူပြင်း လောင်ကျွမ်းလို့လာပြီး အသားတို့ကလည်း တဆတ်ဆတ် တုန်ယင်လို့ လာခဲ့ချေတော့သည်။ ဒီတော့ မီးတောင်တစ်ခုပမာ ဒေါသက ပေါက်ကွဲထွက်လာတော့၏။

''တောက် လူမဆန်တဲ့ တိရစ္ဆာန် ကဲကွာ''

''ခွပ်''

သူ၏လက်သီးဒဏ်ကြောင့် ဥက္ကာကျော် နောက်သို့ ယိုင်လဲသွားတော့၏။ နှုတ်ခမ်းမှ သွေးတို့ကလည်း စီးထွက်လို့ လာတော့၏။ ဥက္ကာကျော်က သွေးတို့ကို လက်ခုံဖြင့် သုတ်ရင်း

''မင်းရဲ့လက်သီးက အတော်ပြင်းသားပဲ . . . ဒါပေမယ့် ဖွန်ဦးမောင် . . . ဥက္ကာကျော်ဆိုတဲ့ကောင်က အကျိုးမရှိရင် မလုပ်ဘူးဆိုတာ မင်းမသိဘူးလား . . . အေး ကိုယ့်ကို





စော်ကားလာရင်လည်း ခေါင်းငုံ့မခံဘူးကွ''

ဥက္ကာကျော်က ပြောပြောဆိုဆိုနှင့် လျှပ်တစ်ပြက် သူ့ကို လက်သီးဖြင့် ထိုးချလိုက်တော့၏။

''ကဲကွာ''

''ခွပ်''

''အ''

အဖြစ်အပျက်က မြန်ဆန်လှပါသည်။ ဖွန်ဦးမောင် နောက်သို့ မှောက်၍ လဲကျသွားတော့၏။ နှုတ်ခမ်းဝထဲတွင် ငံကျိကျိနှင့် ပူနွေးသည့် အရည်တစ်မျိုးကို ခံစားမိလိုက်သဖြင့် ထွေးထုတ်ကာ ရဲနီနေသော သွေးတို့ကို တွေ့လိုက်ရ၏။

မျက်ဝန်းအစုံထဲတွင်လည်း ပြာဝေမှုန်မှိုင်းလို့ အမြင်တို့က မကြည်လင်ခဲ့။ မျက်ဝန်းကို ပြန်မှိတ်ပြီး ခေါင်းကို ခါရမ်း လိုက်ပါတယ်။

ပြီးမှ မျက်လုံးအစုံကို ပြန်ဖွင့်လိုက်တော့ အမြင်အာရုံတွင် ပထမဦးဆုံး မြင်တွေ့လိုက်ရသည်က ဖြူဖွေးဒုအိနေသော ခြေအစုံကို တွေ့လိုက်ရတော့သည်။

သူ ခြေထောက်ပိုင်ရှင်ကို တဖြည်းဖြည်း မော့ကြည့် လိုက်ပါတယ်။ သည်အခါမှာပဲ . . .

''ဟင် ရှင်နှောင်း''



www.burmeseclassic.com

www.burmeseclassic.com



သူ ချက်ချင်းပင် လက်ထောက်ကာ အားယူရင်း ထလိုက်သည်။

ဥက္ကာကျော်ကလည်း ရှင်နှောင်းကို အံ့အားတသင့်ဖြင့် ငေးကြောင်စွာ ကြည့်လို့နေနေတယ်။ ထိုနည်းတူပင် ဖွန်ဦးမောင်သည်လည်း ဆွံ့အလို့သွားကြသည့်ထင်။

ရှင်နှောင်းကတော့ ဖွန်ဦးမောင်ကို ကြင်နာစွာ ငေးလို့ကြည့်နေဆဲပေါ့လေ။ နောက်တော့မှ . . .

"အင်း အခုမှပဲ ငါ့ရဲ့အချစ်ဆုံး ငါ့ကိုလည်း အချစ်ဆုံးဖြစ်တဲ့ ချစ်သူကို ရှာတွေ့လို့ရတော့တယ် . . . ငါ တော်တော်ကံကောင်းသွားတယ်ဟာ"

ရှင်နှောင်းက သူတို့နှစ်ယောက်ကိုကြည့်ရင်းက ဆက်၍ပြောလာခဲ့သည်။

"ကား အင်ဆီးဒင့်ဖြစ်တော့ ဒဏ်ရာရခဲ့တာတော့ အမှန်ပါ . . . ဒါပေမယ့် ဒုက္ခိတဘဝရောက်တဲ့အထိ မဖြစ်ဘူး ဥက္ကာကျော်"

ဥက္ကာကျော် မချိတင်ကဲ ကြည့်နေသည်။

"အဲဒီမှာ နင့်ကို စမ်းသပ်လိုက်တာပဲ . . . ငါ့ကို ဘယ်အတိုင်းအတာထိ ချစ်နိုင်မလဲဆိုတာကို ငါ့ရဲ့ဒယ်ဒီနဲ့ မိသားစုဆရာဝန်နဲ့ ပေါင်းပြီး လုပ်လိုက်တာ . . . မမျှော်လင့်





ဘူးဟာ နင် ငါ့အပေါ် ရောင်တိမ်းလို့ စိမ်းသွားမယ်ဆိုတာ မထင်ထားခဲ့ဘူး"

ရှင်နှောင်းက စို့ထွက်လာသည့် မျက်ရည်စတွေကို ခါးတွင် ညှပ်၍ထားသည့် လက်ကိုင်ပဝါယူရင်း တို့ယူလိုက်သည်။

"အောက်ပိုင်းသေလို့ ဒုက္ခိတလို ပုံစံမျိုးနဲ့ နေပြတော့ နင့်ရဲ့ ကြင်နာမြတ်နိုးမှုတွေ ပျောက်ကွယ်သွားလိုက်တာ ငါ ဝမ်းနည်းလို့မဆုံးဘူး ဥက္ကာကျော်"

ဥက္ကာကျော်၏ အကြည့်တွေက တင်းမာသလိုလို ပျော့ပျောင်းသလိုလိုနှင့်ပါ။

"နင်ဟာ သိပ်သတ္တိနည်းတယ်၊ အတ္တကြီးတယ်၊ တစ်ကိုယ်ကောင်းဆန်တဲ့ ယောကျ်ားတစ်ယောက်ပဲ . . . တော်သေးတာပေါ့ နင်နဲ့ လက်မထပ်ရသေးခင် နင့်စိတ်ဓာတ်ကို သိလိုက်ရတဲ့အတွက် နင့်ကို ကျေးဇူးသိပ်တင်တာပဲ ဥက္ကာကျော်"

ဥက္ကာကျော်၏ မေ့ကြောကြီးတွေ တင်းမာလို့လာသည်။ ရှင်နှောင်းကိုလည်း စူးစူးနင့်နင့်နှင့်ပင် ကြည့်နေ၏။

ဖွန်ဦးမောင်၏ရင်ထဲမှာ နှလုံးခုန်နှုန်း မြင့်တက်လို့သွားချေ၏။

"ခုတော့ ငါ့ရဲ့ ဘဝကြင်ဖော်အစစ်အမှန်ကို တွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရပြီ . . . သူကတော့ ဖွန်ဦးမောင်ပဲ''

ဖွန်ဦးမောင် ရင်ထဲမှာ လှိုက်ကနဲ ဖြစ်လို့သွားတော့သည်။ ဉက္ကာကျော်က ခက်ထန်တင်းမာစွာ မျက်နှာကို တစ်ဘက်သို့ လှည့်လိုက်၏။

''ဖွန်ဦးမောင်ကိုလည်း ငါ့အိမ်မှာ အောက်ပိုင်းသေနေတဲ့ ပုံစံမျိုးနဲ့ နေပြခဲ့သေးတယ် . . . အဲဒီမှာပဲ သူ့ရဲ့စိတ်ဓာတ် အမှန်ကို သိခွင့်ရလိုက်တာပဲ . . . ဒယ်ဒီကလည်း ပြောသေး တယ် . . . ငါ့သမီးရဲ့ ဘဝကြင်ဖော်ဟာ ဖွန်ဦးမောင်ကလွဲလို့ ဘယ်သူမှ မဖြစ်နိုင်ဘူးတဲ့''

ဖွန်ဦးမောင် ခေါင်းကိုငုံ့၍နေသည်။ သူမ ပြောသမျှ ငြိမ်၍ နားထောင်နေခဲ့၏။

ဉက္ကာကျော် ဘာတစ်ခုမှ မပြောနိုင်တော့။ သူ့တွင် ပြောရမည့်စကားလည်း မရှိတော့ပါ။

''ဖွန်ဦးမောင်ကမှ ငါ ကျိုးကျိုးကန်းကန်း နူနူဝဲဝဲ ဘယ်လိုချည်း ဖြစ်နေပါစေ ငါ့ဘဝကို တစ်သက်လုံး စောင့် ရှောက်မယ့်သူဆိုတာ ငါတွေ့လိုက်ရပြီ ဉက္ကာကျော် . . . နင် ငါ့ကို ခွင့်လွှတ်တော့နော် . . . နင်လည်း နောက်နောင် စိတ်ဓာတ်လေးတွေ ပြင်နိုင်ပါစေဟာ''

ဘာတစ်ခုမှ ပြောစရာမရှိတော့သည့်အဆုံး ဉက္ကာ





ကျော်က ကားပေါ်သို့တက်ကာ စက်နှိုးလိုက်ပြီး

''တီ တီ တီ''

ကားဟွန်းကို အဆက်မပြတ် တီးလိုက်သည့်အခါ ခြံတံခါးကို ကိုတိုးက လာဖွင့်ပေးလိုက်သဖြင့် ခြံဟွင်းသို့ အတင်းပင် ဆောင့်ကြီးအောင့်ကြီး မောင်းဝင်လိုက်တော့သည်။

ရှင်နှောင်းနှင့် ဖွန်ဦးမောင်တို့နှစ်ဦးက ဉက္ကာကျော်၏ ကားကို ငေးလို့ ကြည့်နေမိတော့သည်။

နောက်တော့မှ ကိုတိုးက ခြံတံခါးကို ပြန်၍ ပိတ်လိုက် တော့၏။

ဒီတော့မှ . . .

ရှင်နှောင်းက ဖွန်ဦးမောင်ကိုကြည့်ရင်း နှုတ်ခမ်း ထောင့်မှ စွန်းထင်နေသည့် သွေးစတို့ကို လက်ကိုင်ပဝါလေးဖြင့် ယုယုယယ ကြင်ကြင်နာနာ သုပ်လို့ပေးနေပါ၏။

''နှောင်း''

''ဟင်''

''ခုမှ နင့်ရဲ့အဖြေမှန်တဲ့ ချစ်ပုစ္ဆာလေးတစ်ပုဒ်ပဲနော် နှောင်း''

''အင်း ဟုတ်တယ်နော်''

''နှောင်း''



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ဖွန့်"

"သိပ်ချစ်တယ်ဟာ"

သူမ ပြုံးရင်း ဖွန့်ဦးမောင်၏ ရင်ခွင်ထဲ ခေါင်းလေးဝှက်ကာ အချစ်ရဲ့ ခံစားမှုအဓိပ္ပာယ်ကို နားလည်ခံစားမိပါလေတော့သည်။


❀ ❀ ❀ ❀ ❀

ရည်းစားဦးလေးနှင့်
တစ်မျိုးလေးပဲ ထူးနိုင်ကြပါစေ
ရှင်နှောင်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရည်းစားဦးလေးမို့တစ်မျိုးလေးပဲထူးသလားရှင်

ရေးချစ်ဝတ္ထုသစ်

# ရင်နှောင်း

www.burmeseclassic.com